ဩဂုတ် ၂၀၂၃



# မင်းမဲ့တိုင်းပြည်

## အကြမ်းဖက်စစ်အုပ်စု၏ နိုင်ငံရေးအကျဉ်းသားနှင့် မိသားစုများအပေါ် ဥပဒေမဲ့ပြုကျင့်မှုများ အစီရင်ခံစာ

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

# The Flow of Injustice

# မင်းမဲ့တိုင်းပြည်

အကြမ်းဖက်စစ်အုပ်စု၏ နိုင်ငံရေးအကျဉ်းသားနှင့်
မိသားစုများအပေါ် ဥပဒေမဲ့ပြုကျင့်မှုများ
အစီရင်ခံစာ

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း

ဇူလိုင် ၂၀၂၃

# မာတိကာ


အစီရင်ခံစာအနှစ်ချုပ် ၇

အဓိက တိုက်တွန်းတောင်းဆိုချက်များ ၁၀

နိဒါန်း။ ။ မင်းမဲ့တိုင်းပြည် ၁၂

အစီရင်ခံစာ ပြုစုခြင်းနည်းနာ ၁၅

ဖမ်းဆီးထိန်းသိမ်းခြင်း ၁၇

ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာများ။ ၂၈

- မိသားစုဝင်များအပေါ် ဆက်စပ်ထိခိုက်မှုများ

- စစ်ကြောရေး ၂၉

ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာများ။ ၃၈

- စစ်တပ်၊ ရဲ၊ တရားသူကြီးများနှင့် အကျဉ်းထောင်ဝန်ထမ်းများအကြား လုပ်ငန်းတာဝန်ခွဲဝေမှု

- တရားရင်ဆိုင်ခြင်း ၃၉

ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာများ။ ၄၈

- အကျင့်ပျက်ခြစားမှု

- အကျဉ်းထောင် ၄၉

ထိခိုက်ခံစားမှု/နောက်ဆက်အကျိုးသက်ရောက်မှု ၆၀

ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးအပေါ် အဓိက စိုးရိမ်ချက်

နိဂုံး ၆၃

နောက်ဆက်တွဲ။ ဇယား ၆၈

ထုတ်ပြန်ချက်များ ၆၉

# List of Abbreviations

| | |
|---|---|
| **AAPP** | နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း |
| **CDM** | အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု |
| **CRPH** | ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ |
| **GSC** | အထွေထွေသပိတ်ကော်မတီ |
| **ICC** | နိုင်ငံတကာ ရာဇဝတ် တရားရုံး |
| **ICRC** | အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ |
| **IIMM** | မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား |
| **NLD** | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် |
| **NUCC** | အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ |
| **NUG** | အမျိုးသား ညီညွတ်ရေး အစိုးရ |
| **PDF** | ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ |
| **SAC** | နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (စစ်ကောင်စီ) |
| **UDHR** | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း |
| **UNGA** | ကုလသမဂ္ဂ အထွေထွေညီလာခံ |

## အမှာစာ

မင်းမဲ့တိုင်းပြည်အစီရင်ခံစာသည် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏မိသားစုများ ရင်ဆိုင်ကြုံကြွခံခဲ့ရသည့် ၎င်းတို့ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသော ရက်စက်ကြမ်းတမ်းမှုများကို မီးမောင်းထိုး အနှစ်ချုပ်ဖော်ပြထားပါသည်။

နိုင်ငံရေးအကျဉ်းသားများ ၎င်းတို့၏မတရားပြစ်ဒဏ်များပြီးဆုံး၍ အကျဉ်းထောင်မှ လွတ်မြောက်လာပြီးနောက်ပိုင်း ဆက်လက်ရင်ဆိုင်နေရသော ဆင်းရဲဒုက္ခများနှင့် စိတ်ဒဏ်ရာများအကြောင်းကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ၎င်းတို့ ဖမ်းဆီးခံရသည်နှင့်တပြိုင်နက် လူမဆန်သော ပြုမူဆက်ဆံမှု၊ နှိပ်စက်ညှဉ်းပန်းမှုတို့ဖြင့် စောင့်ကြိုနေသည့် ဆိုးရွားရက်စက်သော စစ်ကြောရေးကို အဆင့်ဆင့်ရင်ဆိုင်ရပါတော့သည်။ လွတ်မြောက်လာပြီးနောက်ပိုင်းတွင်လည်း တုန်လှုပ်ခြောက်ခြားဖွယ်ဖြစ်ရပ်များ၏ နောက်ဆက်တွဲများက နိုင်ငံရေးအကျဉ်းသားများ၏ဘဝကို ဆက်လက်ထိခိုက်စေပါသည်။ နိုင်ငံရေးအကျဉ်းသားများသာ စိတ်ဒဏ်ရာရရှိ ခံစားကြရသည်မဟုတ်ဘဲ၊ ၎င်းတို့အကြမ်းဖက်ဖမ်းဆီးခံရချိန်တွင် မျက်မြင်ကြုံတွေ့ခဲ့ရပြီး ၎င်းတို့အား ထိန်းသိမ်းထားသောနေရာ၊ စွဲဆိုထားသောပုဒ်မများ၊ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးတို့ကို သတင်းအစအနမျှပင် မရရှိခဲ့သော နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များ၊ ၎င်းတို့အပေါ် ချစ်ခင်သူများကိုပါ တူညီသော ထိခိုက်မှုများ ဖြစ်ပေါ်စေပါသည်။

မင်းမဲ့တိုင်းပြည်ကြောင့် ပေါ်ပေါက်လာသော ဘေးဒုက္ခများသည် နိုင်ငံရေးအကျဉ်းသား တစ်ဦးချင်းစီထက် ပိုမိုကျယ်ပြန့်သောအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များ၊ ချစ်ခင်မြတ်နိုးရသူများသည် သတင်းအစအနမျှပင်ရရှိရန် များပြောင်လှသောလုပ်ဆောင်ချက်များကို ဖြတ်သန်း၍ အကူအညီမဲ့စွာ ရှန်းထခဲ့ရသည့်အတွက် ပြင်းထန်သောစိတ်ဒဏ်ရာများ ရရှိခဲ့ကြသည်။ နိုင်ငံရေးအကျဉ်းသားများ၏ ကံကြမ္မာမည်သို့ရှိနေကြောင်း သတင်းအစအနမျှပင် မရရှိခြင်းကြောင့် ၎င်းတို့ ကြုံကြွခံရင်ဆိုင်ခဲ့ရသော စိတ်ခံစားမှုများနှင့် စိတ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုများကို ပိုမိုဆိုးရွားစေသည်။

"မည်သူတစ်ဦး၊ တစ်ယောက်မှ ၎င်းတို့နိုင်ငံ၏ အကျဉ်းထောင်အတွင်းသို့မရောက်မချင်း (ထောင်မကျမချင်း) သူ့ရဲ့နိုင်ငံအကြောင်းကို တကယ်မသိနိုင်ပါဘူး။ နိုင်ငံတနိုင်ငံကို သူတို့၏အဆင့်အတန်းအမြင့်ဆုံး နိုင်ငံသားများအပေါ် မည်သို့ပြုမူဆက်ဆံသည်ကို မူတည်၍ အကဲမဖြတ်သင့်ပဲ၊ သူတို့၏အဆင့်အတန်းအနိမ့်ဆုံး နိုင်ငံသားများအပေါ် မည်သို့ပြုမူဆက်ဆံသည်ကို မူတည်၍ အကဲဖြတ်ရမည်" ဟု မြန်မာနိုင်ငံရှိ နိုင်ငံရေး အကျဉ်းသားများ၏ဘဝနှင့် ထပ်တူကျပြီး ခက်ခဲကြမ်းတမ်းမှုများကို ကျော်ဖြတ်လာခဲ့သည် နယ်လ်ဆင် မင်ဒဲလားက မိန့်ဆိုခဲ့သည်။

မိမိတို့၏ အခြေခံရပိုင်ခွင့်များနှင့် မိမိတို့နှင့်ထိုက်တန်သော ဂုဏ်သိက္ခာတို့အတွက် ၎င်းတို့ကို ဆန့်ကျင်နေကြသော နိုင်ငံသားများအပေါ် စစ်တပ်၏ ရက်ရက်စက်စက်ဖိနှိပ်မှုခံနေရသည့် မြန်မာပြည်သူများ၏ အတိဒုက္ခကို မင်ဒဲလား၏ ဤအဆိုအမိန့်က နက်ရှိုင်းစွာ ပဲ့တင်ထပ်စေပါသည်။ ဤအစီရင်ခံစာတွင်ပါရှိသော အင်တာဗျူးများသည် မတရားမှုနှင့် ဆင်းရဲ၊ ဒုက္ခများကို စဉ်ဆက်မပြတ်ကျူးလွန်ခြင်းဖြင့် မိမိနိုင်ငံသားများ၏ စိတ်ဓါတ်ရေးရာအား ချိုးဖျက်ရန် စိတ်ဆုံးဖြတ်ထားသည့် အာဏာရှင်၏ ဆိုးရွားရက်စက်မှုများကို သက်သေခံနေပါသည်။

“သိမီသမျှ ခေတ်ကာလတလျှောက်မှာ ဒီကနေ့ကာလ ကြုံတွေ့နေရတာဟာ အဆိုးဆုံးအခြေအနေလို့ ပြောရမှာပါ။ အရင်အချိန်တွေက စစ်ကြောရေးတွေမှာ ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးသူတွေရှိခဲ့ပြီး ထောင်ထဲရောက်ရင် အသက်အန္တရာယ်ကို အတိုင်းအတာတခုအထိ စိတ်အေးရပေမယ့် မျက်မှောက်ကာလမှာတော့ နိုင်ငံရေးအကျဉ်းသားတွေကို ထောင်ထဲက ဆွဲထုတ်ပြီး အာဏာလုစစ်တပ်ရဲ့ ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးမှုတွေ ဆက်တိုက်ဆိုသလို ရှိလာခဲ့တယ်။ နိုင်ငံရေးအကျဉ်းသားတွေဟာ ထောင်ထဲမှာ အကျဉ်းချခံနေရပေမယ့်လည်း ဘယ်အချိန် လာခေါ်ပြီး ဘယ်လိုညှဉ်းပန်းမှုတွေ ရင်ဆိုင်ရမလဲဆိုတာကို စိုးရိမ်တကြီးနဲ့ နေထိုင်ကြရတာပါ။ ဒါဟာ တရားဥပဒေဆိုတာ အဟောသိကံ ဆိုက်သွားပြီ ဆိုတဲ့ သက်သေပြချက် တခုပါပဲ။ ကမ္ဘာကြီးက ဒီလို တရားလက်လွတ် ကျူးလွန်မှုတွေကို စောင့်ကြည့်အချိန်ဆွဲမနေဘဲ ချက်ချင်း အရေးယူမှုတွေ လုပ်ဖို့ အရေးတကြီး လိုအပ်နေပြီဖြစ်ပါတယ်။” ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၏ အတွင်းရေးမှူး ဦးတိတ်နိုင်က ပြောဆိုပါသည်။

အာဆီယံနှင့် ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မင်းမဲ့တိုင်းပြည်အဖြစ်က ပြီးဆုံးချုပ်ငြိမ်းစေရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး တရားမျှတမှုလွှမ်းမိုးသည့် အနာဂတ်မြန်မာနိုင်ငံ တည်ဆောက်နိုင်ရန်အတွက် မြန်မာပြည်သူများဖြင့်သာ လက်တွဲဆောင်ရွက်ခြင်းဖြင့် မြန်မာပြည်သူများနှင့်အတူ စည်းလုံးညီညွတ်မှုကို ပြသရမည်ဖြစ်ပါသည်။

**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း**

●

# အစီရင်ခံစာအနှစ်ချုပ်

ဤအစီရင်ခံစာသည် စစ်တပ်မှ မတရားအာဏာလုယူခဲ့သည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့မှ စတင်၍ ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားများ၏ ဘဝအတွေ့အကြုံများကို အသေးစိတ် ဖော်ပြထားပါသည်။ ထိန်းသိမ်းခံရသည်မှ အကျဉ်းကျခံရသည်အထိ ၎င်းတို့ ကြုံကြိုခံ ရင်ဆိုင်ခဲ့ရသည်များကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ မင်းမဲ့တိုင်းပြည်အဖြစ် စုစည်းဖော်ပြထားသည်။ ဒီမိုကရေစီရေးလှုပ်ရှားမှုများတွင် နီးကြားတက်ကြွမှု၊ လက်ခံယုံကြည်မှု သို့မဟုတ် ထောက်ပံ့ပါဝင်မှုတို့ကြောင့် ထောင်ဒဏ်ကျခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားများသည် လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးတို့အတွက် ရုန်းကန်၊ ကြိုးပမ်း၊ အားထုတ်မှုကို ကိုယ်စားပြုနေပါသည်။

ယခုအချိန်ထိ ၂နှစ်ခွဲကာလအတွင်း မြန်မာစစ်တပ်က ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် ကြမ်းကြုတ်ရက်စက်ယုတ်မာမှုများကို နိုင်ငံအဝှမ်း စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများအဖြစ် သက်သေအထောက်အထားများဖြင့် သေချာစွာ မှတ်တမ်းပြုစုထားပြီးဖြစ်သည်။ ဇူလိုင်လ ၇ရက် ၂၀၂၃ခုနှစ်အထိ စုဆောင်းမှတ်တမ်းတင်ထားချက်အရ စစ်တပ်က အရပ်သား ၃၇၅၇ဦးကို သတ်ဖြတ်ခဲ့ပြီး၊ ၂၃၇၅၉ဦး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရကာ၊ ၁၉၃၈၉ဦးမှာ နိုင်ငံအတွင်း အကျဉ်းထောင်များတွင် ဆက်လက် အကျဉ်းကျခံနေရဆဲဖြစ်သည်။ နိုင်ငံတကာ အဖွဲ့အစည်းများ- ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားက စစ်တပ်၏ ကြမ်းကြုတ်၊ ရက်စက်၊ ယုတ်မာမှု လုပ်ရပ်များအတွက် လုံလောက်ပြည့်စုံသောသက်သေအထောက်အထားများကို စုဆောင်းထားပြီးဖြစ်သည်။ သို့သော်ငြားလည်း တရားစွဲဆိုနိုင်မှုမရှိသေးခြင်းသည် ကျူးလွန်သူများအတွက် ၎င်းတို့ကျူးလွန်ခဲ့သည့် နိုင်ငံတကာရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေစေပြီး၊ ကျူးလွန်ခံရသူများအတွက် ကာကွယ်ပေးနိုင်မှုဟာကွက် ဆက်လက်တည်ရှိနေစေပါသည်။

ဤအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားများ၏ ကြုံကြိုခံနိုင်စွမ်းနှင့် လူမဆန်သည့် ဥပဒေကင်းမဲ့သော စစ်ကြောရေးစခန်းများ၏ နံရံများ၊ မျှတမှုမရှိသော တရားရုံးများ၊ ရုန့်ရင်းကြမ်းတမ်းသော အကျဉ်းထောင်များ အပါအဝင် စစ်တပ်၏ မင်းမဲ့တိုင်းပြည်ဆန်သည့်လုပ်ရပ်များ ၎င်းတို့ကြုံတွေ့ခံစားရသည့် အသေးစိတ်အထောက်အထားများကို မီးမောင်းထိုးပြထားသည်။ နိုင်ငံရေးအကျဉ်းသားများ၏ အတွေ့အကြုံများကို လေ့လာ၊ မှတ်တမ်းတင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းအနေဖြင့် ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများနှင့် ကျယ်ပြန့်ပြည့်စုံသော အင်တာဗျူးများ ပြုလုပ်ခဲ့ပြီး၊ ၎င်းတို့ ဖမ်းဆီးခံရသည့်အချိန်၊ အကျဉ်းထောင်သို့ ပို့ဆောင်ခံရသည့်လမ်းကြောင်းနှင့် အကျဉ်းထောင်အတွင်း အတွေ့အကြုံများ၊ အဆုံးသတ်လွတ်မြောက်လာပြီးနောက်ပိုင်း အခြေအနေများကို မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့

သည်။ မိသားစုဝင်များ မည်သို့ထိခိုက်မှုရှိသည်ကို နားလည်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများ၏ ဆွေမျိုးများနှင့် အခြားစိတ်ချယုံကြည်ရသူများကိုလည်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းအက အင်တာဗျူးများ ပြုလုပ်ခဲ့ပါသည်။ အင်တာဗျူးတွင်ပါဝင်သည့် နိုင်ငံရေးအကျဉ်းသားများ၏ ပူးပေါင်းပါဝင်မှုနှင့် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို လိုလိုလားလားမျှဝေပေးမှုတို့က ထိန်းသိမ်းရေးစခန်းများတွင် စစ်တပ်၏ ဆိုးရွားရက်စက်မှုများကို အတွင်းကျကျ သိရှိစေပါသည်။ ဤအစီရင်ခံစာတွင်ပါဝင်သော ဖြစ်စဉ်၊ ကောက်ယူချက်များသည် မအောင်မြင်သော အာဏာလုယူမှုနောက်ပိုင်း နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် စစ်တပ်၏ အကျဉ်းထောင်များနှင့် ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရသော နိုင်ငံရေးအကျဉ်းသား (၂၃၇၅၉)ဦး၏ အစိတ်အပိုင်းတစ်ခုကိုသာ ကိုယ်စားပြုမည်ဖြစ်သော်လည်း နိုင်ငံရေးအကျဉ်းသားများ၏ ရှားပါးသော ကိုယ်တွေ့ဖြစ်ရပ်များကို ပြင်ပကမ္ဘာသို့ ချပြအသိပေးနေပါသည်။

"မင်းမဲ့တိုင်းပြည်"ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ အမည်ပေးထားသည့် ဤအစီရင်ခံစာသည် ဖမ်းဆီးထိန်းသိမ်းခံရသည်မှ၊ စစ်ကြောရေး၊ တရားရင်ဆိုင်စဉ်နှင့် အကျဉ်းထောင်၊ ထိုမှသည် နောက်ဆက်တွဲ ထိခိုက်ခံစားရမှုများဟူ၍ ဖွဲ့စည်းတည်ဆောက်ထားပါသည်။

**ဖမ်းဆီးထိန်းသိမ်းခြင်း။** ။ မင်းမဲ့တိုင်းပြည်ပမာ မတရားမှုသည် ဖမ်းဆီးထိန်းသိမ်းခြင်းဖြင့် စတင်သည်။ ဤကဏ္ဍတွင် ဝရမ်းမပါရှိပဲ ဥပဒေမဲ့ မတရားဖမ်းဆီးခြင်းနှင့် သတင်းအစအနပျောက် အဆက်အသွယ်လုံးဝမရရှိပဲ ထိန်းသိမ်းထားသည့် ကနဦးနာရီများ၊ ရက်များအတွင်း အဖြစ်အပျက်များကို ရှင်းလင်းတင်ပြထားသည်။

**စစ်ကြောရေး။** ။ ဖမ်းဆီးခံရသူအားလုံး စစ်ကြောရေးကို ဖြတ်သန်းကြရပြီး၊ ကွဲပြားခြားနားသော ညှဉ်းပန်းနှိပ်စက်မှု ပုံစံအမျိုးမျိုးတို့ကို တွေ့ကြုံခံစားခဲ့ကြရကာ၊ အများစုက ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ညှဉ်းပန်းနှိပ်စက်မှု ပြင်းထန်မှုအတိုင်းအတာမှာ ဖမ်းဆီးထိန်းသိမ်းခံရသူ၏ ပုဂ္ဂိုလ်ရေး အချက်အလက်၊ စစ်ကြောရေး ပြုလုပ်သူများနှင့် စစ်ကြောရေးစခန်းနေရာတို့အပေါ် မူတည်ပါသည်။ ရဲစခန်းများ၊ စစ်တပ်စစ်ကြောရေးစခန်းများ၊ စစ်တပ်တပ်ရင်းစခန်းများ၊ အကျဉ်းထောင်များ၊ စာသင်ကျောင်းများနှင့် အားကစားရုံများကဲ့သို့သော အများပြည်သူနှင့်သက်ဆိုင်သောနေရာများကို အသုံးချထားသော ယာယီစစ်ကြောရေးစခန်းများ စသည်တို့တွင် စစ်ကြောရေးပြုလုပ်နေပြီး၊ စစ်တပ်၏ ညစ်ပတ်ရှုပ်ထွေး၍ လူမဆန်သော စစ်ကြောရေးနည်းနာများကို ထုတ်ဖော်ပြနေပါသည်။

**တရားရင်ဆိုင်ခြင်း။** ။ ဤကဏ္ဍတွင် နိုင်ငံတစ်ဝှမ်းလုံးရှိ စစ်အာဏာလုယူမှုကို ဆန့်ကျင်ဆန္ဒပြကြသူများနှင့် ခုခံရေးစစ်ဆင်နွှဲနေကြသူများအား ဖိနှိပ်ရန်အတွက် တိုင်းပြည်၏တရားရေးစနစ်ကို စစ်တပ်က လက်နက်သဖွယ် အသုံးချနေခြင်းအကြောင်း ဖော်ပြထားသည်။ နိုင်ငံရေးအကျဉ်းသားများသည် ၎င်းတို့အား မည်သည့်ပုဒ်မများနှင့် တရားစွဲဆိုထားကြောင်းကို အကျဉ်းထောင်အတွင်း ယာယီပြုလုပ်ထားသော တရားရုံးများ၌ အမှုစတင်ရင်ဆိုင်ရသည့် ပထမဆုံး ရုံးချိန်းတွင်သာ သိကြရသည်။ ဤအစီရင်ခံစာ၏ အရေးကြီးသော အချက်တစ်ခုမှာ အကျဉ်းထောင်၌ တရားရင်ဆိုင်နေရစဉ်အတွင်း အဖြစ်အပျက်များကို ဖော်ပြထားသည်။

**အကျဉ်းထောင်။** ။ မြန်မာနိုင်ငံ၌ စစ်တပ်မှ အစဉ်အဆက် ဗိုလ်ကျစိုးမိုးရာတွင် နိုင်ငံရေးအကျဉ်းသားများကို လူမဆန်သော နည်းလမ်းများစွာဖြင့် ဖိနှိပ်ရန် နိုင်ငံ၏အကျဉ်းထောင်စနစ်အား စစ်တပ်က အသုံးချနေခဲ့သည်။ ထိုနည်းလမ်းများတွင် အစားအစာ၊ ရေနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာမရရှိခြင်း၊ အကျဉ်းသားများ အပေါ် စည်းကမ်းတင်းကျပ်ရန်အတွက် ရာဇဝတ်အကျဉ်းသားများအား တန်းစီး (စည်းကမ်းထိန်း) အဖြစ် ခန့်အပ်ခြင်းတို့ ပါဝင်သည်။ ဤကဏ္ဍတွင် နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်အတွင်း မည်သို့ ဆက်ဆံခံရသည်ကို တင်ပြထားပြီး၊ အကျဉ်းထောင်အတွင်း ဆန္ဒပြပွဲများ၊ အတင်းအကျပ် အလုပ်ခိုင်းစေခြင်း၊ ဝေးလံသောဒေသများရှိ အကျဉ်းထောင်များသို့ ပြောင်းရွှေ့ခြင်း၊ အစားအစာ မလုံလောက်မှု၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအခြေအနေ စသည်တို့နှင့် ခြိမ်းခြောက်ငွေညှစ်မှုများအကြောင်းတို့ကို အသေးစိတ် ဖော်ပြထားပါသည်။

**ထိခိုက်ခံစားရမှုများ။** ။ အကျဉ်းထောင်မှ လွတ်မြောက်လာပြီးနောက် နိုင်ငံရေးအကျဉ်းသားများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး စိန်ခေါ်ချက်များနှင့် ရင်ဆိုင်ခဲ့ရသည်။ ဤကဏ္ဍတွင် ပြန်လည်လွတ်မြောက်လာပြီးနောက် ရင်ဆိုင်ရသည့် နိုင်ငံရေးအကျဉ်းသားများ၏ အခက်အခဲများ၊ ၎င်းတို့၏ လူမှုအသိုက်အဝန်းသို့ ပြန်လည်ဝင်ရောက်ရန် ကြိုးပမ်းချက်များကို ဆွေးနွေးတင်ပြထားသည်။ သက်သေခံထွက်ဆိုချက်များက အိမ်နီးချင်းများနှင့် မိတ်ဆွေသူငယ်ချင်းများမှာ စစ်တပ်၏ ခြိမ်းခြောက်မှုကြောင့် ၎င်းတို့နှင့် ပတ်သတ်ဆက်ဆံလိုခြင်းမရှိပဲ နိုင်ငံရေးအကျဉ်းသားများ မည်သို့မည်ပုံ ခွဲခြားဆက်ဆံခံကြရသည်ကို ဖော်ပြထားသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ မည်သည့်နေရာတွင် ရောက်ရှိနေသည်နှင့် လုပ်ဆောင်ချက်များကို ဒေသအာဏာပိုင်များက စဉ်ဆက်မပြတ်စောင့်ကြည့်နေသောကြောင့် ပြန်လည် ဖမ်းဆီးခံရမည်ကိုလည်း ၎င်းတို့ အနေဖြင့် ကြောက်ရွံ့နေကြရပါသည်။ အကျိုးဆက်အားဖြင့် အများစုမှာ နိုင်ငံပြင်ပသို့ ထွက်ပြေးရန် ဖိအားပေးခံရပြီး၊ ရွှေ့ပြောင်းနေထိုင်ခြင်း နောက်ဆက်တွဲ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရသည်။

**ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာများ။** ။ ဤအစီရင်ခံစာသည် စုဆောင်းရရှိထားသည့် ဖမ်းဆီးခံရသည်မှ ပြန်လည်လွတ်မြောက်လာသည်အထိ အတွေ့အကြုံများကို အင်တာဗျူးဖြေကြားသူများနှင့် သိသာထင်ရှားသည့် သတင်းအရင်းအမြစ်များဖြင့် စနစ်တကျ ခွဲခြားရွေးထုတ်ထားပြီး၊ နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းရာတွင် ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာ (၃)ရပ်အဖြစ် ဆွေးနွေးတင်ပြထားသည်။ ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာ (၃)ရပ်တို့မှာ-

က။ ။ မိသားစုဝင်များအပေါ် ဆက်စပ်ထိခိုက်မှုများ၊

ခ။ ။ မင်းမဲ့တိုင်းပြည်ဆန်ဆန် ချိုးဖောက်မှုများနှင့် စနစ်တကျ မတရားကျင့်ကြံမှုများအတွက် စစ်တပ်၊ ရဲ၊ တရားသူကြီးများနှင့် အကျဉ်းထောင်ဝန်ထမ်းများအကြား လုပ်ငန်းတာဝန်ခွဲဝေမှု၊

ဂ။ ။ အကျင့်ပျက်ခြစားမှု။ ။ အထူးသဖြင့် ဖမ်းဆီးခံရစဉ်နှင့် ထိန်းသိမ်းခံနေရစဉ်အတွင်း ချိုးဖောက်ခံရသူ နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏ မိသားစုဝင်များထံမှ မတရားသဖြင့် ငွေညှစ်ခြင်းအပြင် မိသားစုဝင်များအပေါ် နောက်ဆက်တွဲ ရိုက်ခတ်ထိခိုက်မှုများ။

# အဓိက တိုက်တွန်းတောင်းဆိုချက်များ

ဤအစီရင်ခံစာ ရှင်းလင်းချက်အရ၊ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများသည် မင်းမဲ့တိုင်းပြည်ဆန်ဆန် ဥပဒေမဲ့ပြုကျင့်မှုတစ်လျှောက် ဆက်လက် ထိခိုက်နစ်နာနေကြရသည်။ ဖမ်းဆီးခံရသည်နှင့် အကြမ်းဖက်မှု၊ စစ်ကြောရေးကာလအတွင်း နှိပ်စက်ညှဉ်းပန်းခံရခြင်းနှင့် အကျဉ်းထောင်အတွင်း မတရားသဖြင့် နှိပ်စက်ညှဉ်းပန်းမှုများကို ကြုံကြုံခံရခြင်းတို့ကို ရင်ဆိုင်ရသည်။ စစ်တပ်က အပြည့်အဝထိန်းချုပ်ထားသော ခြစားနေသည့် တရားစီရင်ရေးစနစ်အောက်တွင် အမှုရင်ဆိုင်နေခဲ့ရစဉ်နှင့် စီရင်ချက်ချမှတ်ခံရချိန်တွင် ၎င်းတို့၏ အခြေခံလူ့အခွင့်အရေးများကို ငြင်းဆန်ခံခဲ့ကြရသည်။ နိုင်ငံရေးအကျဉ်းသားများ၏ စိတ်ဒဏ်ရာအတွေ့အကြုံများ၊ တနည်းအားဖြင့် စစ်တပ်၏ရာဇဝတ်မှု ကျူးလွန်ခံခဲ့ရသူမှန်သမျှသည် ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာကျန်းမာရေး အပေါ် တစ်သက်တာ ရေရှည်ထိခိုက်သက်ရောက်မှု ရှိကြသည်။

ဤသက်သေအထောက်အထားများကို သတိမူ ဆင်ခြင်သုံးသပ်၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အစိုးရချင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အပါအဝင် (ကန့်သတ်မှုမရှိပဲ) နိုင်ငံတကာအသိုက်အဝန်းသို့ နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချက်ချင်းလွှတ်ပေးရန်၊ မြန်မာပြည်သူများကို ထောက်ပံ့ပေးရန်နှင့် မြန်မာပြည်သူများအတွက် တရားမျှတမှု ရှာဖွေပေးရန်သာမက၊ စစ်တပ်၏ ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိစေရေး တိကျပြတ်သားသော လုပ်ဆောင်ချက်များ ချက်ချင်းချမှတ်လုပ်ဆောင်ရန် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ တောင်းဆိုသည်။ မိမိတို့၏ တိုက်တွန်းတောင်းဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ချက်ချင်းလွှတ်ပေးရေး တောင်းဆိုပါရန် ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အား နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ တောင်းဆိုသည်။
- ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံတွင်းဆက်ရှိနေသော၊ တိုင်းပြည်စွန့်ခွာသွားကြရသော၊ နိုင်ငံရေးအကျဉ်းသားများအားလုံး၊ ရှင်သန်လွတ်မြောက်သူများနှင့် ချိုးဖောက်ခံရသူများ၊ ဒုက္ခသည်များအတွက် စိတ်ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်များနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အကူများသာမက၊ ကြားကာလအတွင်း ကုစားရေးလုပ်ငန်းစဉ်များနှင့် အခြားသော ရုပ်ဝတ္ထုပစ္စည်းများ တိုးမြှင့်ထောက်ပံ့ရန် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ တောင်းဆိုသည်။

- ပြင်းထန်သောနှိပ်စက်ညှဉ်းပန်းမှု၊ တရားရုံး ရုံးထုတ်တွင် သံခြေကျဉ်းခတ်ထားခြင်း၊ ထောင်ဝင်စာတွေ့ခွင့် ပိတ်ပင်ထားခြင်း၊ မိသားစုနှင့်ဝေးရာသို့ ထောင်ပြောင်းခြင်း၊ ဆွေမျိုးများအား အသိပေးခြင်းမရှိပဲ စစ်ကြောရေးစခန်းများ အပါအဝင် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခြင်း၊ သင့်တော်သော ကျန်းမာရေးစောင့်ရှောက်မှု မရှိခြင်းနှင့် အကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများအား သတ်ဖြတ်ခြင်းတို့ကို ရပ်တန့်ရန်အတွက် စစ်တပ်အား နိုင်ငံရေးအရ ဖိအားပေးပါရန် နိုင်ငံတကာအသိုက်အဝန်းအား နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ တောင်းဆိုသည်။
- ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဖြစ်နိုင်သမျှ နည်းလမ်းအားလုံးဖြင့် ပံ့ပိုး ပံ့ပိုးရာတွင် ဖေဖော်ဝါရီ ၁ရက် ၂၀၂၁ခုနှစ်မှ စ၍ စစ်တပ်မှ မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းထားသူအားလုံး ခြွင်းချက်မရှိ လွှတ်ပေးရေးအပေါ်တွင် အခိုင်အမာ အခြေခံရမည်ဖြစ်သည်။

# နိဒါန်း။ ။ မင်းမဲ့တိုင်းပြည်

ဤအစီရင်ခံစာသည် ၂၀၂၂ခုနှစ်တွင် အေအေပီပီမှ ထုတ်ပြန်ခဲ့သော "မတရားစစ်အာဏာလုချိန်မှ အစပြု၍ ရင်ဆိုင်နေရသည့် နိုင်ငံရေးအကျဉ်းသားများ၏ စစ်ကြောရေး၊ တရားစီရင်ရေးနှင့် အကျဉ်းစံအတွေ့အကြုံများ" အစီရင်ခံစာ နောက်ဆက်တွဲဖြစ်သည်။ ဤနောက်ဆက်တွဲ အစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားများ ဖမ်းဆီးခံရခြင်း၊ စစ်ကြောခံရခြင်း၊ အကျဉ်းကျခြင်း၊ အမှုရင်ဆိုင်ခြင်းနှင့် အဆုံးသတ်တွင် ၎င်းတို့ ပြန်လည်လွတ်မြောက်လာမှု စသည့် အဖြစ်အပျက်များကို သုတေသနပြုလုပ်ထားပြီး၊ မင်းမဲ့တိုင်းပြည်ပမာ မတရားမှုအတိုင်းအဆကို စေ့စပ်သေချာစွာ လေ့လာတင်ပြထားသည်။

စစ်တပ်က မြန်မာပြည်သူများအပေါ် ဥပဒေမဲ့ အမုန်းတရားစစ် ဆင်နွှဲနေခဲ့သည်မှာ (၈၈၇) ရက် (ဤအစီရင်ခံစာ ထုတ်ပြန်သည့်နေ့ရက်အထိ) ပြည့်ပြီဖြစ်သည်။ ဤအကျဉ်းထောင်အခြေပြု အစီရင်ခံစာ ၂၀၂၃ သည် နိုင်ငံရေး အတိုက်အခံများကို ခြေမှုန်း၊ နှိပ်ကွပ်ရန်အတွက် စစ်အာဏာရှင်က အကျဉ်းချခံရသူများနှင့်အတူ သူတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများနှင့် ထိုသူတို့အား ထောက်ခံပံ့ပိုးပေးနေသည့် အခြားသူများတို့၏ ထိခိုက်နစ်နာမှုများနှင့် ဒုက္ခဝေဒနာများကို အလေးထား တင်ပြထားသည်။

ဖေဖော်ဝါရီ ၂၀၂၁တွင် စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့်အချိန်ကစ၍ မြန်မာနိုင်ငံအကျဉ်းထောင်များ အတွင်းသို့ တွန်းပို့ခံခဲ့ရသည့် အလွန်အမင်းများပြားလှသော ပြည်သူအရည်အတွက်သည် ၎င်း၏ နိုင်ငံရေး လုပ်ငန်းစဉ်တလျောက် အသုံးတော်ခံရန်၊ ရာဇဝတ်မှုဆိုင်ရာတရားရေးစနစ်ကို လက်နက်သဖွယ် အသုံးချရန် ဟူသည့် စစ်အာဏာရှင်၏ သံန္နိဋ္ဌာန်အတွက် သက်သေ၊ အထောက်အထား တစ်ခုပင်ဖြစ်သည်။ သို့သော်လည်း အေအေပီပီမှ အင်တာဗျူးခဲ့သည့် လူ၊ ပုဂ္ဂိုလ်များအရ အကျဉ်းထောင်အတွင်း ကုန်ဆုံးခဲ့ရသော တကယ့်ကာလများသည် ဖမ်းဆီးမှု၊ လူမဆန်မှုနှင့် ဖိနှိပ်မှုတို့ကဲ့သို့ ကျယ်ပြန့်များပြားသော အတွေ့အကြုံများဖြင့် ဆက်နွှယ်ပတ်သက်၊ ပေါင်းစုနေသည့် ထိခိုက်နစ်နာမှု အစုအဝေးတစ်ခု၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ အချုပ်အားဖြင့်၊ မြန်မာနိုင်ငံ မတရားအာဏာလုမှုနောက်ပိုင်း ထောင်ဒဏ်ချမှတ်ခံရခြင်းသည် အကျဉ်းထောင်အတွင်းသို့နှင့် အကျဉ်းထောင်အတွင်းမှသည် အသွားအပြန် ခရီးလမ်းနှစ်ခုစလုံးတွင် ဖိနှိပ်ခံရခြင်းဇာတ်လမ်းများ လုံးလုံးလျားလျား ပါဝင်နေပါသည်။ စစ်တပ်သည် ပြည်သူလူထုကို ထောင်သွင်းအကျဉ်းချနေရုံသာမဟုတ်ပဲ၊ ၎င်းတို့၏ အကြမ်းဖက်အာဏာ ခိုင်မာစေရန်အတွက် အတိုက်အခံမှန်သမျှကို ဖျက်ဆီးခြေမွရန် ပစ်မှတ်ထားသည့် လူ့အခွင့်အရေးချိုးဖေါက်မှု ဖြစ်စဉ်ကြီးတခုလုံးတွင်လည်း ရှန်းမထွက်နိုင်ပဲဖြစ်နေပါသည်။

**အကျဉ်းထောင်အတွင်းသို့နှင့် အကျဉ်းထောင်အတွင်းမှသည် ခရီးလမ်းတွင် ထိခိုက်နစ်နာမှုဖြစ်စေသည့် ဤဖြစ်စဉ်ကြီးတခုလုံးကို "မင်းမဲ့တိုင်းပြည်" အဖြစ် မိမိတို့ ရည်ညွှန်းပါသည်။**

မင်းမဲ့တိုင်းပြည်ပမာ မတရားမှုတွင် ဖမ်းဆီးမှု၊ စစ်ကြောရေး၊ တရားရင်ဆိုင်ခြင်းနှင့် ထောင်ဒဏ်ချမှတ်ခံရခြင်း

တို့ဖြင့် ဖွဲ့စည်းထားသည်။ ဖြစ်ရပ်တစ်ခုစီသည် မိမိတို့ပိုင်ဆိုင်သည့် လူ့အခွင့်အရေးများ ချိုးဖောက်ခံရခြင်း ပါဝင်နေပြီး၊ တစ်ဦးချင်း၊ မိသားစုဝင်များနှင့် ပိုမိုကျယ်ပြန့်သည့် နိုင်ငံရေးအဝန်းအဝိုင်းအပေါ် ပိုမိုပြင်းထန်ကျယ်ပြန့်သော တိုက်ခိုက်မှုတစ်ခုအဖြစ် ပေါင်းစပ်ထားပါသည်။ အရေးကြီးသည်မှာ မင်းမဲ့တိုင်းပြည်ပမာ မတရားမှုအဆင့်ဆင့်သည် တစ်ခုနှင့်တစ်ခုအပေါ် မှီခို ပေါင်းစပ်ထားခြင်းဖြစ်သည်။

(၁) မတရားဖမ်းဆီးခြင်း။ ။ ဖမ်းဆီးခံရသူတွင် အဖိုးတန်သော သတင်းအစအနမျှပင် ရှိသည်ဟု စစ်တပ်မှ ဆုံးဖြတ်ပါက ဖမ်းဆီးခံရသူများသည် စစ်ကြောရေးစခန်းသို့ ပို့ဆောင်ခံရလိမ့်မည်ဖြစ်သည်။

(၂) စစ်ကြောရေးစခန်းတွင် စစ်တပ်သည် ၎င်းတို့လိုအပ်သော ထွက်ဆိုချက်များရရှိရန် ညှဉ်းပန်းနှိပ်စက်မှုနှင့် မတရားဖိနှိပ်မှုများ အသုံးပြုမည်ဖြစ်သည်။

(၃) ထိုထွက်ဆိုချက်များကို ရဲက ထိန်းသိမ်းခံရသူအပေါ် တရားလိုလုပ် အမှုတည်ဆောက်နှင့် တရားမျှတသော တရားခွင်ဆိုင်ရာ အခြေခံစံနှုန်းများကို နေရာအနှံ့၌ ချိုးဖောက်နေသည့် တရားခွင်များတွင် တရားရုံးတင်ရန် ဆက်နွယ် အသုံးပြုသည်။ မည်သို့ပင်ဆိုစေကာမူ

(၄) ထိုထွက်ဆိုချက်များသည် ဝေဝါး မရေရာသော ဥပဒေများအောက်တွင် ဖြစ်နိုင်သမျှ အရှည်လျားဆုံး ထောင်ဒဏ်များ ချမှတ်ရန် ညစ်ထေးနေသည့် မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်း ပို့ဆောင်ရန် သက်သေခံချက်များအဖြစ် အသုံးပြုခံရမည်ဖြစ်သည်။

ရှင်သန်လွတ်မြောက်လာကြသူများ။ ။ အရပ်သားအဖြစ်မှ ထိန်းသိမ်းခံများ၊ ထိန်းသိမ်းခံမှ ညှဉ်းပန်းနှိပ်စက်ခံရမှု သားကောင်များ၊ ညှဉ်းပန်းနှိပ်စက်ခံရမှု သားကောင်များမှ ခုခံချေပသူများ (တရားခံ)၊ ခုခံချေပသူများ(တရားခံ) အဖြစ်မှ အကျဉ်းသားများ၊ အကျဉ်းသားများအဖြစ်မှ စောင့်ကြည့်ခံရသူများစသဖြင့် ကူးပြောင်းသွားသည့် အတွေ့အကြုံသည် စိတ်ဒဏ်ရာရရှိစေပါသည်။ ၎င်းတို့ စိတ်ဒဏ်ရာ ရကြသည်မှာ အကျဉ်းထောင်အား ဖိနှိပ်မှုကိရိယာအဖြစ် စစ်တပ်မှ အသုံးချခြင်းကြောင့်သာ မဟုတ်ပဲ၊ ၎င်းတို့၏အုပ်စိုးမှုကို စိန်ခေါ်သူ မည်သူမဆိုအပေါ် ညှာတာမှုကင်းမဲ့စွာ ဖိနှိပ်ရန် အဆင့်များစွာ ထည့်သွင်းထားခြင်းတို့ကြောင့်လည်း ဖြစ်ပါသည်။

●

# အစီရင်ခံစာ ပြုစုခြင်းနည်းနာ

မင်းမဲ့တိုင်းပြည်ပမာ မတရားမှု၏ ပင်မသားကောင်များမှာ နိုင်ငံရေးအကျဉ်းသားများဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ နိုင်ငံရေးအကျဉ်းသားဟူသည့် ဝေါဟာရသည် မြန်မာနိုင်ငံ ပြည်တွင်းဥပဒေများတွင် အသိအမှတ်ပြုထားခြင်း မရှိသေးပေ။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများကို လေးစားလိုက်နာ အသုံးပြုလျက်၊ အေအေပီပီအနေဖြင့် မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးနှင့် ဥပဒေပညာရှင်များတို့ပါဝင်လျက် ဆွေးနွေးညှိနှိုင်းကာ နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက်အား အောက်ပါအတိုင်း သတ်မှတ်ခဲ့ကြပါသည်။ (၂၀၁၄ ခုနှစ် "ဓမ္မပီယမူ")

> "မည်သူမဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားအားလုံးပါဝင်သည့် နိုင်ငံသားအခွင့်အရေးတို့အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လှုပ်ရှားဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ပါဝင်ခြင်း၊ ဆက်စပ်ပတ်သက်ခြင်းတို့ကြောင့် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဖမ်းဆီး၊ ထိန်းသိမ်း၊ ပြစ်ဒဏ်ချမှတ်ခံရသူများအားလုံးကို နိုင်ငံရေးအကျဉ်းသားဟု သတ်မှတ်သည်။"

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းအနေဖြင့် နိုင်ငံရေးအကျဉ်းသား (၃၀)ဦး၊ ၎င်းတို့၏ မိသားစုဝင်များနှင့် မအောင်မြင်သော အာဏာလုမှုနောက်ပိုင်း လုံခြုံရေးအရ တိုင်းပြည်စွန့်ခွာလာကြသူများကို အောက်တိုဘာလ ၂၀၂၂ခုနှစ်မှ ဖေဖော်ဝါရီလ ၂၀၂၃ခုနှစ်အထိ ကျယ်ပြန့်ပြည့်စုံသောအင်တာဗျူးများ ပြုလုပ်ခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် အင်းစိန်၊ မြစ်ကြီးနား၊ မြိတ်၊ ဘားအံ၊ တောင်ငူ၊ သရက်၊ သာယာဝတီ စသည့် ကွဲပြားသော ထောင်များမှ ပြစ်ဒဏ်ကာလ ကုန်ဆုံး၍သော်လည်းကောင်း၊ ပုဒ်မ (၄၀၁) ဖြင့်သော်လည်းကောင်း ပြန်လည်လွတ်မြောက်လာခဲ့ကြသည်။ အေအေပီပီ အနေဖြင့် အောက်တိုဘာလ ၂၀၂၂ခုနှစ်မှ ဖေဖော်ဝါရီလ ၂၀၂၃ခုနှစ်အတွင်း အင်တာဗျူးများ ပြုလုပ်ခဲ့ပြီး၊ ထိုအင်တာဗျူးများမှ ရှာဖွေတွေ့ရှိချက်များကို ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည်။ အချက်အလက်များ တိကျသေချာမှုအတွက် ပြန်လှန်စစ်ဆေးရန် အေအေပီပီမှ မိမိတို့ကိုယ်ပိုင် တိုက်ဆိုင်စစ်ဆေးသည့် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုခဲ့ပါသည်။

အရည်အသွေးဆိုင်ရာ သုတေသနနည်းလမ်းကို အဓိကအချက်အလက်များ စုဆောင်းရန် အသုံးပြုခဲ့သည်။ လူ့အခွင့်အရေး အချက်အလက်ကောက်ယူခြင်းနှင့် အစီရင်ခံစာရေးသားခြင်း အလေ့အကျင့်ကောင်းများအရ

စုထားသည့် အကဲဆတ်ထိခိုက်လွယ်သော အင်တာဗျူးလမ်းညွှန်အပေါ် အခြေခံ၍ လူတွေ့နှင့် အင်တာနက် သို့မဟုတ် တယ်လီဖုန်း ဆက်သွယ်မှုတို့ဖြင့် အင်တာဗျူးများ အေအေပီပီက ပြုလုပ်ခဲ့သည်။ လျှို့ဝှက်မှုဆိုင်ရာ တင်းကြပ်သောမူဝါဒကို ကျင့်သုံးခြင်းနှင့် အင်တာဗျူးဖြေကြားသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ ထိန်းသိမ်းမှုကို သေချာစေခြင်းတို့ဖြင့် အင်တာဗျူးဖြေကြားသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးကို မိမိတို့ အလေးထား ဦးစားပေးခဲ့ပါသည်။ အင်တာဗျူးအဖွဲ့သည် အင်တာဗျူးဖြေကြားသူများ၏ ကိုယ်ရေးကိုယ်တာကို ပထမဦးစားပေးအဖြစ် ထားရှိပြီး၊ လုံခြုံရေးနှင့် ၎င်းတို့၏ အခွင့်အရေးများကို လေးစားခြင်းတို့ဖြင့် အင်တာဗျူး လုပ်ငန်းအဆင့်ဆင့်တွင် ကျင့်ဝတ်စံနှုန်းများကို လိုက်နာခဲ့သည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အင်တာဗျူး ဖြေကြားသူတိုင်းအား အင်တာဗျူးအကြောင်း၊ အင်တာဗျူးဖြေကြားသူများမှ္ပဝေသော အချက်အလက်များအား အသုံးပြုမည့်နေရာနှင့် သဘောတူညီချက်ကို လွတ်လပ်စွာနှင့် မိမိဆန္ဒအလျောက် သဘောတူညီနိုင်၊ ပြန်လည် ရုပ်သိမ်းနိုင်ရန်နှင့် ငြင်းဆိုနိုင်သည့် ၎င်းတို့၏ အခွင့်အရေးအား ရှင်းပြထားသည့် သဘောတူညီချက်ပုံစံဖေါ်အား အေအေပီပီက အသုံးပြုခဲ့ပါသည်။ စာဖြင့်ရေးသားထားသော သို့မဟုတ် နှုတ်ဖြင့်ပြောဆိုထားသော သဘောတူညီချက်ဖြင့်သာ အေအေပီပီအနေဖြင့် အင်တာဗျူး ပြုလုပ်ခဲ့သည်။

အချက်အလက်ပံ့ပိုးသူများ (အင်တာဗျူးဖြေဆိုသူများ) မှ အချက်အလက်များအား ဖျက်ဆီးပစ်ရန် မေတ္တာရပ်ခံ သည်မှအပ၊ အေအေပီပီသည် အင်တာဗျူးများနှင့် အခြားသော လျှို့ဝှက်အရင်းအမြစ်များမှ ရရှိသော အချက်အလက်များကို အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ရည်ရွယ်ချက်အတွက်အသုံးပြုရန် ရည်ရွယ်၍ စုဆောင်းရရှိထားသမျှ အချက်အလက်များအား လုံခြုံစွာ သိုမှီး သိမ်းဆည်းထားပါသည်။

လက်ရှိသုတေသန၏ ကန့်သတ်ချက်တစ်ခုမှာ နိုင်ငံရေးအကျဉ်းသားများထံသို့ လက်လှမ်းမီရေးဖြစ်သည်။ လုံခြုံစိတ်ချရသော ဆက်သွယ်မှုမှာ လွန်စွာခက်ခဲပြီး၊ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများနှင့် အခြားသောသူများသည် ၎င်းတို့၏ မိသားစုဝင်များအကြောင်း လစ်ဟ ပေါ်ပေါက်မှုနှင့် ပြန်လည်ဖမ်းဆီးခံရမည် ကို ကြောက်ရွံ့မှုတို့ကြောင့် တရားဝင် သက်သေထွက်ဆိုချက်ပေးရန် ဝန်လေးခြင်း သို့မဟုတ် စိတ်ဆန္ဒမရှိခြင်း တို့ကို မကြာခဏ ကြုံတွေ့ရသည်။ ဤအစီရင်ခံစာတွင် အသုံးပြုထားသော စံနမူနာအရွယ်အစားမှာ အသင့်အတင့် အလယ်အလတ်ဖြစ်သည်။ အင်တာဗျူးဖြေကြားသူ ၆၅% မှာ အမျိုးသားများဖြစ်ပြီး၊ ၃၅%မှာ အမျိုးသမီးများဖြစ်သည့်အလျောက် မင်းမဲ့တိုင်းပြည်ပမာ မတရားမှု အဝင်အထွက်လမ်းကြောင်း (စစ်အာဏာရှင် ဆန့်ကျင်ရေးလှုပ်ရှားမှုများနှင့် အမိန့်ချမှတ်ခြင်း စသည်) အရ မတူကွဲပြားသော အတွေ့အကြုံများနှင့် မတူ ကွဲပြားသော တိုင်းရင်းသားများ၊ နေရာဒေသများမှ ပြည်သူများနှင့် အမျိုးသမီး၊ အမျိုးသားများ ပါဝင်ထည့်သွင်း နိုင်ရေးအတွက် မိမိတို့ ကြိုးပမ်းထားသည်။ အင်တာဗျူးခဲ့သည့် အားလုံးသော နိုင်ငံရေးအကျဉ်းသားဟောင်း များသည် ၂၀၂၂ ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရပြီး၊ အများစုမှာ ဧပြီ၊ မေနှင့် ဇွန်လတို့တွင်ဖြစ်သည်။ ၎င်းတို့ထဲမှ

ထက်ဝက်သည် ၂၀၂၁ခုနှစ်တွင် လွတ်မြောက်ခဲ့ကြပြီး၊ ကျန်ပုဂ္ဂိုလ်တို့မှာ ၂၀၂၂ခုနှစ်နှင့် ၂၀၂၃ခုနှစ်တို့တွင် လွတ်မြောက်လာခဲ့ကြပါသည်။ အချုပ်အားဖြင့်ဆိုသော် ကျယ်ပြန့်သော အတွေ့အကြုံများနှင့် စိုးရိမ်ပူပန်မှု၊ အထူးသဖြင့် ထိခိုက်နစ်နာမှုများနှင့် ကျား၊ မ အသက်အရွယ်၊ စွမ်းဆောင်ရည်၊ တိုင်းရင်းသားနှင့် ဘာသာရေးနောက်ခံ စသည်တို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှု ဆိုချက်အရ၊ စုဆောင်းရရှိထားသော အချက်အလက်များအပေါ် အခြေခံ၍ အပြည့်အဝ ထည့်သွင်းတွက်ချက် မရနိုင်ပါ။ ဤအစီရင်ခံစာအတွက် အေအေပီပီအနေဖြင့် ကိုယ့်တွေ့အတွေ့အကြုံများအပေါ် အခြေခံထားသည့် နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေကို အဓိက သိသာထင်ရှားစွာသိမြင်နိုင်သည့် အရည်အသွေးပြည့်ဝသော အချက်အလက်များ စုဆောင်းရရှိနိုင်ရန် အလေးထား ဦးစားပေးထားပါသည်။ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ပိုမိုများပြားသော အကျဉ်းထောင်များမှ အခြားသောသူများထံ လက်လှမ်းမီရေး ဆက်လက်လုပ်ဆောင်ခြင်းဖြင့် အေအေပီပီ၏ အနာဂတ်အစီရင်ခံစာနှင့် ဤသုတေသနအား ဆက်လက် တိုးတက်လာစေမည်ဖြစ်သည်။

●


# ဖမ်းဆီးထိန်းသိမ်းခြင်း

နိုင်ငံရေးအကျဉ်းသားများ စစ်တပ်၏ ရက်စက်ကြမ်းတမ်းသော ထိန်းသိမ်းရေး ယန္တရားအတွင်း ပိတ်မိနေသည့် မင်းမဲ့တိုင်းပြည်ပမာ မတရားမှုသည် ဖမ်းဆီးထိန်းသိမ်းခြင်းဖြင့် စတင်သည်။ ထိုဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်း၏ ကိုယ်တွေ့အတွေ့အကြုံများအပေါ် အခြေခံ၍ အအေအေပီပီအနေဖြင့် ဖမ်းဆီးထိန်းသိမ်းခံရခြင်း၏ အခြေခံ အကြောင်းရင်း၊ ဖမ်းဆီးထိန်းသိမ်းရာတွင် ပါဝင်ပတ်သက်သူများ၊ ဖမ်းဆီးထိန်းသိမ်းချိန်၌ မတန်တဆ ရက်စက် ကြမ်းတမ်းမှုနှင့် ဖမ်းဆီးထိန်းသိမ်းခံရသူများထံမှ ပစ္စည်းဥစ္စာများ သိမ်းဆည်းမှုတို့ကို ပိုင်းခြားစိတ်ဖြာ သုံးသပ် ထားပါသည်။

**(၁) ဖမ်းဆီးထိန်းသိမ်းခံရခြင်း၏ အခြေခံအကြောင်းရင်း၊ ဖမ်းဆီးထိန်းသိမ်းထားသော နေရာများနှင့် ဖမ်းဆီးထိန်းသိမ်းရာတွင် ပါဝင်ပတ်သတ်သူများ**

ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများ၏ အင်တာဗျူးဖြေကြားချက်များအရ၊ ဖမ်းဆီးထိန်းသိမ်းမှု၏ အဓိကအကြောင်းရင်းမှာ ၎င်းတို့၏ နိုင်ငံရေးရပ်တည်ချက်နှင့် ဒီမိုကရေစီလိုလားသော စံ၊တန်ဖိုးတို့ကြောင့်ဖြစ်သည်။ အတွင်းကျကျ ဆက်လက်လေ့လာလျှင်၊ ငြိမ်းချမ်းစွာ လူထုဆန္ဒထုတ်ဖော်မှုများ တွင် ပါဝင်ခြင်း၊ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ချိတ်ဆက်ပါဝင်ခြင်းဖြင့် စစ်တပ်နှင့် ပူးပေါင်းမှု မလုပ်သော ဝန်ထမ်းများအား ထောက်ခံပံ့ပိုးခြင်း၊ သို့မဟုတ် မြေအောက်လှုပ်ရှားမှုများတွင် ပါဝင်ခြင်းတို့သည် ဖမ်းဆီးထိန်းသိမ်းမှုအဓိက အကြောင်းရင်းများဖြစ်ကြသည်။ ထို့ပြင် အချို့ပုဂ္ဂိုလ်များသည် စစ်တပ်၏ဖမ်းဆီးမှုကို ကြောက်ရွံ့သဖြင့် သို့မဟုတ် စစ်သင်တန်းတက်ရောက်ရန် စသည့် အကြောင်းတစ်ခုခု ကြောင့် တိုင်းရင်းသားတော်လှန်ရေး အင်အားစု ဒေသများသို့ ရှောင်တိမ်းစဉ် ဖမ်းဆီးခံခဲ့ရသည်။

ဒီမိုကရေလိုလားသူများ၏ အိမ်များကို စစ်တပ်က စီနင်းခဲ့ပြီး၊ ၎င်းတို့ဖမ်းဆီးလိုသောသူများကို မတွေ့ရှိပါက၊ မိသားစုဝင်များအား ဖမ်းဆီးပြီး ဓားစာခံအဖြစ် ထိန်းသိမ်းခဲ့သည်။ ဤအဖြစ်အပျက်သည် မိသားစုဝင်များ တွေ့ကြုံခံစားခဲ့ရသည့် မင်းမဲ့တိုင်းပြည်ပမာ မတရားမှု၏ ဘေးဒုက္ခများကို အလေးပေးနေပြီး၊ နိုင်ငံရေးအကျဉ်းများ၏ မိသားစုဝင်များ အပေါ်တွင် ပိုမိုကျယ်ပြန့်သော ရေရှည် သက်ရောက်၊ထိခိုက်များကို ဖြစ်ပေါ်စေပါသည်။ ဖမ်းဆီးထိန်းသိမ်းမှုသည် ဆန္ဒထုတ်ဖော်နေစဉ် အများသုံးလမ်းများပေါ်တွင်၊ နယ်စပ်ဒေသသို့ ဦးတည်နေသည့် လမ်းမများပေါ်ရှိ စစ်ဆေးရေးဂိတ်များနှင့် အလိုရှိသောပုဂ္ဂိုလ်များ၏ နေအိမ်ကို စီးနင်းမှုများအတွင်း စသည့် နေရာအမျိုးမျိုးတွင် ဖြစ်ပွားခဲ့သည်။ အင်တာဗျူး ဖြေဆိုသူအားလုံးက ၎င်းတို့သည် တရားရုံးမှ ထုတ်ပြန်ထားသော ဖမ်းဝရမ်းမပါပဲ အဖမ်းခံခဲ့ရပြီး၊ ရန်ကုန်၊ မန္တလေး၊ မြိတ်၊ ကချင်၊ မကွေး၊ ကရင်၊ ပဲခူး၊ မွန်နှင့် နေပြည်တော် စသည့် နေရာဒေသ အမျိုးမျိုးတွင် ဖမ်းဆီးခံခဲ့ရသည်ဟု ဖြေဆိုခဲ့ပါသည်။




ပုံ (၁)။ ။ အင်တာဗျူးဖြေဆိုသူများ ဖမ်းဆီးထိန်းသိမ်းခံရသည့် နေရာများပြ မြေပုံ

များသောအားဖြင့် ဖမ်းဆီးထိန်းသိမ်းမှုများကို စစ်သားနှင့် ရဲများက ပူးပေါင်း လုပ်ဆောင်ခဲ့ကြပြီး၊ အချို့သော အဖြစ်အပျက်များတွင်၊ အရပ်ဝတ် ဝတ်ဆင်ထားသူများ ဖမ်းဆီးထိန်းသိမ်းမှုတွင် ပါဝင်ခဲ့ကြသည်။ အခြားသော အဖြစ်အပျက်များတွင်၊ (၁၂၊၂၊၂၁)တွင် ပြင်ဆင်ထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေအရ ခန့်အပ်ထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် ဖမ်းဆီးထိန်းသိမ်းခံရသူ၏ နေအိမ်အား ရှာဖွေရန် အိမ်ထောင်စုစာရင်း အချက်အလက်များကို အသုံးပြုပြီး စစ်တပ်အား လမ်းညွှန်ခြင်းဖြင့် ဖမ်းဆီးထိန်းသိမ်းမှုများတွင် ပါဝင်ခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းခံရသည့်နေရာနှင့် ဖမ်းဆီးထိန်းသိမ်းခံရသည့် အကြောင်းရင်းမှာ တစ်ခါတစ်ရံ အပြန်အလှန် ဆက်နွယ်နေပါသည်။ ဥပမာအားဖြင့်၊ လမ်းများပေါ်တွင် ဖမ်းဆီးထိန်းသိမ်းခံရသူများသည် များသောအားဖြင့် ငြိမ်းချမ်းစွာ လူထုဆန္ဒထုတ်ဖော်မှုများတွင် ပါဝင်သူများဖြစ်ကြပြီး၊ အဝေးပြေးလမ်းမကြီး စစ်ဆေးရေးဂိတ်များ တွင် ဖမ်းဆီးထိန်းသိမ်းခံရသူများသည် နိုင်ငံသား စိစစ်ရေးကဒ်ပြား စစ်ဆေးရာမှ အစပြုခြင်း သို့မဟုတ် သတင်းပေးများမှ စစ်တပ်ထံ ကြိုတင်ပေးပို့ထားသော အချက်အလက်အများရ သို့မဟုတ် အကြောင်းအရာ နှစ်မျိုးစလုံးကြောင့် ဖြစ်ကြသည်။ မိမိတို့အိမ်တွင် ဖမ်းဆီးထိန်းသိမ်းခံရသူများသည် စစ်တပ်၏ ရှင်းလင်းသော ပစ်မှတ်များဖြစ်ကြသည်မှာ ထင်ရှားပါသည်။ စစ်တပ်က အင်အားအလွန်အကျွံသုံးကာ အကြမ်းဖက်ဝင်ရောက် စီးနင်းပြီး၊ ထိုဖြစ်စဉ်တွင် အိမ်များကို ဖျက်ဆီးခြင်း၊ အိမ်ထောင်စုဝင်များကို ခြိမ်းခြောက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

### (၂) ဖမ်းဆီးထိန်းသိမ်းချိန်၌ မတန်တဆ ရက်စက်ကြမ်းတမ်းမှု

မင်းမဲ့တိုင်းပြည်ပမာ မတရားမှုသည် ဖမ်းဆီးထိန်းသိမ်းခြင်းဖြင့် စတင်ပြီး၊ စစ်တပ်ကဖန်တီးထားသည့် စနစ်တကျ အုပ်စုဖွဲ့ဖိနှိပ်မှု အစပျိုးခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် ၎င်းတို့မိသားစုဝင်များအတွက် ကာလရှည် ထိခိုက်နစ်နာမှု၊ ယုံကြည်မှုကျဆင်းခြင်းနှင့် စိုးရိမ်ကြောင့်ကြမှုတို့ အစဖြစ်သည်။

အောက်ပါ ဖြစ်ရပ်များသည် စစ်တပ်က ဖမ်းဆီးခြင်းခံရသည်နှင့် စိတ်ပိုင်းဆိုင်ရာနှင့်/သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မည်သို့ မတရားသဖြင့် နှိပ်စက်၊ ဖိနှိပ်ခံရသည်ကို ဝေမျှထားသော ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေး အကျဉ်းသားများ၏ အင်တာဗျူးဖြေကြားချက်များမှ ကောက်နှုတ်ထားသည့် တိကျရေရာသော သာဓကများ ဖြစ်သည်။

ကျွန်မတို့ကို ဖမ်းတဲ့နေ့ ဧပြီလ ၇ ရက်နေ့ ၂၀၂၂ ည ၉ နာရီခန့်မှာ စစ်သားတွေက အိမ်ထဲကို ဝင်လာတယ်။ ကျွန်မတို့ တိုက်လှေကားတံခါးကို ဖျက်ပြီး ဝင်လာတာ။ အဲ့ဒီအချိန်မှာ စစ်သား အယောက် ၅၀ လောက်က အိမ်ထဲကိုဝင်လာပြီး အောက်မှာလည်း စစ်သားတွေ အများကြီးကျန်ခဲ့သေးတယ်။ အဲ့ဒီအချိန်မှာ ဘေးခြံကတိုက်က ကျွန်မတို့ကို ဖုန်းဆက်ပြီး နင့်အမျိုးသားနာမည်နဲ့ လာတာဆိုပြီး ပြောပေမယ့် ကျွန်မတို့ ရှောင်ချိန်မရလိုက်ဘူး ဖြစ်သွားတယ်။ လာဖမ်းတဲ့အချိန်မှာ ရဲရော စစ်သားရော အကုန်လုံးက သေနတ်အရှည်တွေ ကိုင်ထားတယ်။ လာဖမ်းတဲ့ ရဲယူနီဖောင်းလက်မောင်းမှာ တပ်မ (၁၁) ဆိုပြီး ရေးထားလို့ တပ်မ (၁၁) ကဆိုတာ သိလိုက်တာ။ ဝတ်ထားတာတော့ စစ်ဝတ်စုံ ယူနီဖောင်းအပြည့်နဲ့ ရှေ့တန်းထွက်တဲ့ပုံစံနဲ့ လာကြတာ။ ပြီးတော့ ကျွန်မအမျိုးသား နာမည်ကိုမေးပြီး ကျွန်မယောကျ်ားကို ဖမ်းတယ်။ ကျွန်မအမျိုးသားကို နားပန်ကျင်းတယ်။ စစ်ဖိနပ်တွေနဲ့ကန်တယ်။ အဲဒါနဲ့ ကျွန်မအမျိုးသားက "ငါလူကြီးလူကောင်း၊ မင်းတို့ အေးအေးဖမ်း ငါလိုက်ခဲ့မယ်" လို့ ပြောတယ်။ " -ီးလို လူကြီးလူကောင်းလား" ဆိုပြီး စစ်သားတွေက ဆဲတယ်။

သူ့ကိုဖမ်းပြီးတော့ တစ်အိမ်လုံးကို မွှေနှောက်ရှာတယ်။ ကျွန်မတို့အိမ်မှာ အမေစုပုံပါတဲ့ အင်္ကျီကို တွေ့သွားတယ်။ ကလေးတွေ ဆန္ဒပြတုန်းက သုံးတဲ့ စာတန်းတွေ၊ ရုပ်ပုံတွေအပြင် ကျွန်မသားက မျက်လုံးကာဖို့ နဲ့ မျက်ရည်ယိုဗုံးကာတဲ့ ဦးထုပ်တွေ ရှိနေပြီး အဲ့ဒါတွေကို

မသိမ်းမိတော့ အကုန်သက်သေဆိုပြီး သိမ်းသွားတယ်။ ကျွန်မနဲ့ ကျွန်မသားလေးကိုလည်းဖမ်းပြီး ကျွန်မဖုန်း နဲ့ ကွန်ပျူတာကိုလည်း သိမ်းတယ်။ အကုန်လုံးကို ဟိန်းဟောက်ခြိမ်းခြောက်ပြီး သားကိုလည်း "မင်းမှတ်လား ဆန္ဒပြတာ" ဆိုပြီး မေးပြီး ရိုက်တယ်။ ကျွန်မအမျိုးသားကိုတော့ တလမ်းလုံး ရိုက်နှက်သွားတယ်။ ဖမ်းတဲ့အချိန်တုန်းကလည်း ဘာဝရမ်းမှ မပြဘူး။ သားက အသက် ၁၄ နှစ် ပဲရှိသေးတော့ အချုပ်ထဲမထည့်ဘဲ ထားတယ်။ သားကိုတော့ သူတို့ အမျိုးမျိုး စစ်မေးတယ်။ နောက်နေ့နံနက်မိုးလင်းတော့ ကျွန်မမိသားစုက သိသွားပြီး ကလေးကို လာပြန်ထုတ်တယ်။ သားသားကို ပြန်ထုတ်ဖို့အတွက် ပိုက်ဆံ ငါးသိန်းလောက်တော့ ကုန်သွားတယ်။

FPP-002(Female)

မှတ်တမ်း‌ဌာန (အေအေပီပီ)

အိမ်ထဲကို ဝင်လာကတည်းက "နင်က ------ မိန်းမ မှတ်လား" ဆိုပြီး ပါးတွေရိုက်ပြီး အိမ်ထဲကနေ အပြင်ကို ဆံပင်ဆွဲပြီး တရွတ်တိုက်ဆွဲခေါ်သွားတယ်။ နောက်ပြီး မျက်နှာကို လည်း စစ်သားတစ်ယောက်က ခြေထောက်နဲ့ ဖိထားပြီး မေးတယ်။ ရိုက်တယ်၊ ခြေထောက်နဲ့ ကန်တယ်၊ အော်ဟစ်ဆဲဆို ကြိမ်းမောင်းတာတွေ လုပ်တယ်။ အိမ်ကို အကုန်ဖျက်ဆီးတယ်။ ရေသန့်စက်ရုံထဲက ပစ္စည်းတွေကို အကုန်ဖျက်ဆီးတယ်။ အိမ်ထဲက အဝတ်အစားတွေ ကိုလည်း အကုန်ကန်ထုတ်ပြီး ရေခဲသေတ္တာကိုလည်းကန်၊ မှန်တွေလည်း အကုန်ရိုက်ခွဲတယ်။ ကျွန်မဆီမှာ သူတို့ဖောက်ခွဲရေးပစ္စည်းတွေလည်း မတွေ့ဘူး။ ကျွန်မကို ရိုက်နှက်တဲ့ စစ်သားတွေအားလုံးက မူးနေပြီး မူးယစ်ဆေးဝါးတစ်ခုခု သုံးထားတဲ့ပုံစံမျိုးဖြစ်နေတယ်။ ရဲကတော့ မရိုက်ဘူး။ ဖမ်းဆီးတဲ့အချိန်မှာ ဘာဝရမ်းမှ မပါပါဘူး။

FPP-016 (Female)

မှတ်တမ်း‌ဌာန (အေအေပီပီ)

မတ်လ ၂ ရက်နေ့ ကျောက်မြောင်းရဲစခန်းထဲက မိတ်ဆွေဆီက ဖုန်းဝင်လာတယ်။ “အန်တီလေး အခုဘာသာပေါင်းစုံနဲ့ တက္ကသိုလ်ပေါင်းစုံက ချီတက်လာတယ်၊ ချီတက်လာတဲ့ ကလေးတွေက အယောက် ၇၀၀၀ နီးပါးလောက်ရှိတယ်၊ သူတို့ကကျည်အစစ်နဲ့ ရှေ့နောက်ပိတ်ပြီးပစ်မှာ၊ လက်ဖြောင့်တွေလည်း ပါတယ်ပေါ့၊ စနိုက်ပါသမားလည်းရှိတယ်၊ အဲ့လူတွေကိုလူစုခွဲ” ဆိုပြီးပြောတယ်။ အန်တီက သပိတ်ကလေးတွေကို ပလာဇာရှေ့တည့်တည့်မှာ သွားတားလိုက်တယ်။ တားလိုက်တော့ ကလေးတွေက “ဘာဖြစ်လို့လဲ” ဆိုတော့ ကျွန်မ က “သူတို့ကျည်အစစ်နဲ့ ပစ်မယ်လို့ပြောတယ် ခဏရှောင်လိုက်၊ ညနေစောင်း မှပြန်ထွက်၊ အခုလောလောဆယ်လူခွဲလိုက် မြန်မြန်ခွဲလိုက်” ဆိုပြီးပြောတော့ သူတို့လည်း ချက်ချင်းသိပြီး လူခွဲဖို့လုပ်လိုက်တယ်။ အနောက်က စစ်တပ်ကရောက်လာတယ်။ သူတို့က အန်တီ့ကို ဖယ်ခိုင်းတယ်။ အန်တီမဖယ်ပေးခဲ့ဘူး။ ဖယ်ပေးလိုက်ရင် ကလေးတွေကို သူတို့ပစ်မှာလေ။ မြို့နယ်မှူး ကျွန်မကို မိနစ်သုံးဆယ်ပေးဆိုပြီးတောင်းတော့ ခင်ဗျားကို ဆယ်မိနစ် ပေးမယ်ဆိုပြီး လူစုခွဲဖို့ အချိန်ပေးတယ်။ သူတို့မဖြိုခွဲခင် အင်အားက ဘယ်လောက်ရှိလဲဆိုတော့ တပ်မ ၇၇ ရယ်၊ တောင်ငူ ရဲတပ်ရင်း ၇ ရယ် စုစုပေါင်းရင် ၄၀၀ လောက်တော့ရှိမယ်။ မဖြိုခွဲခင်မှာ “အန်တီတို့က သူပုန်စာရင်းဝင်သွားမယ်၊ သူတို့ရှေ့မှာ လက်နက်တွေ ဘာတွေချပြီး ငြိမ်းချမ်းစွာ အဖမ်းခံဖို့၊ အများပြည်သူကို အနှောက်အယှက်ပေးနေတဲ့ လူတွေဆိုပြီး သတ်မှတ်တယ်၊ ဒါကြောင့် ပစ်ခတ်မယ်” ဆိုပြီး သူတို့က ပြောတာ။

ပစ်ခတ်မယ်ဆိုပြီး ပြောတဲ့အချိန်မှာ ဒီဘက်ကနေကြားခံပြီးတော့ ရိုးရိုးဆန္ဒပြတဲ့သူတွေ ပစ်ခတ်ဖို့ ခွင့်မပေးဘူး၊ ကျွန်မတို့ လူစုခွဲမယ်၊ ကျွန်မတို့ကို ခွင့်ပေးပါ။ အန်တီစကားပြောနေတုန်း ရှိသေးတယ်၊ ဖိုက်ဘာကျည်ရော၊ ကျည်အစစ်ရောနဲ့ စပစ်တာ။ မီးခိုးဗုံးနဲ့ အသံဗုံးက ၇ မိနစ်မတိုင်ခင်က သူတို့ ဖောက်နေတာ။ အန်တီ့ကို ဝင်လုံးပြီးတော့ ညို့သကျီးကို ရိုက်ချလိုက်တော့ အန်တီဘာမှ မလုပ်နိုင်တော့ဘူး။ ဆွဲပြီးတော့ဘေးကိုခေါ်သွားပြီး ထပ်ချတာ။ ကျောကုန်းတွေဆိုရင် မဲတူးနေတာ။ နံပါတ်တုတ်တွေနဲ့ ကျောကုန်းကို ရိုက်တော့ အန်တီခေါင်းငုံ့ ထားလိုက်တာ။ ခေါင်းနောက်စေ့တွေကို ရိုက်တာ။ ခေါင်းနောက်စေ့တွေဆိုပျော့စိစိဖြစ်နေတာ။ ဒီမိန်းမကြောင့် တစ်ယောက်မှ မမိဘူးပြောပြီး ပြန်လှည့်လာပြီး အန်တီ့ကိုရိုက်တာ။ ရိုက်တော့ လက်ဆစ်ပြုတ်သွားတယ်။ မေးစေ့ ကို

သေနတ်ဒင်နဲ့ရိုက်ချတော့ မေးပြုတ်သွားတာ။ နံပါတ်တုတ်နဲ့ ရိုက်တာက ကျောကုန်းတွေ ခေါင်းတွေပွနေတာ။ နိုင်လွန်ကြိုးနဲ့ နောက်ပြန်ကြိုးတုပ်ထား တယ်။ ကားပေါ်မှာပါတဲ့ ရဲလေးတွေ ကလည်း ကူညီတယ်။ အရမ်းဆိုးတာက စစ်သားက အရမ်းဆိုးတာ။ မနက် ၁၁ နာရီလောက်ကနေပြီးတော့ ကားပေါ်တင်ထားတာ ညနေ ၅ နာရီအထိ။ ၅ နာရီကျော်တော့မှ အန်တီ့ကို ဖမ်းထားတဲ့နေရာမှာ အန်တီ့ကို အချုပ်ကားပေါ် ပြောင်းပြီး ဒဂုံမြို့မရဲစခန်းကိုပို့တယ်။ အန့်တီအတွက်လည်း ဆရာဝန်ခေါ်ပေးတယ်။ ဆရာဝန် နှစ်ယောက်လာပေမယ့် အန်တီကြတော့ မေးရိုးကပြုတ်ကျပြီးတော့ ဘာမှ လုပ်လို့ မရဘူးလေ။ ဆရာဝန်လာတော့ ဆရာဝန်က ဘာပြောလဲဆိုတော့ မျက်နှာကတော့ ထောင်ထဲရောက်မှ ထောင်ဆေးရုံက လုပ်မှရမယ်။ သူလုပ်ပိုင်ခွင့်မရှိဘူးလို့ ပြောတယ်။ စစ်သားတွေက တစ်ချိန်လုံး လာခြိမ်းခြောက်တာ။ "ခင်ဗျား အသက်ကြီးကြီးနဲ့ ဒီအဖွဲ့ကိုဦးဆောင်တာ ဘာအကျိုးရှိလဲ၊ ခင်ဗျား သူပုန်၊ ခင်ဗျားမူဆလင်မှတ်လား၊ ရခိုင်လိုမျိုးလုပ်ပိုင်ခွင့်ပေးလိုက်လို့ ရှိရင် အာဏာပေးလိုက်လို့ရှိရင် ခင်ဗျားတို့ရန်ကုန် စိစိညက်ညက်ကြေသွားမယ်" ကြုံရင်ကြုံသလိုတော့လာ ခြိမ်းခြောက်တယ်။

**FPP-030 (Female)**

မှတ်တမ်းဌာန (အေအေပီပီ)

### (၃) ဖမ်းဆီးထိန်းသိမ်းခံရသူများထံမှ ပစ္စည်းဥစ္စာများ သိမ်းဆည်းမှု

ဥစ္စာပစ္စည်းပိုင်ဆိုင်မှုများအား စစ်တပ်က ဖျက်ဆီးခြင်းနှင့် သိမ်းဆည်းခြင်းတို့သည် ဖမ်းဆီးထိန်းသိမ်းခံရမှု၏ ပင်ကိုယ်ရှိရင်းစွဲ ဘေးဒုက္ခများအဖြစ် ကိုယ်စားပြုနေပါသည်။ ဖမ်းဆီးထိန်းသိမ်းမှုများအတွင်း စစ်သားများနှင့် ရဲများက တန်ဖိုးရှိသည့် ဥစ္စာပစ္စည်းများဖြစ်သော ငွေကြေး၊ ဖုန်းများ၊ တက်ပလက်များ၊ နာရီများ၊ ကင်မရာများ၊ ကွန်ပြူတာများ၊ ကားများ၊ ဆိုင်ကယ်များ၊ ဘဏ်စာအုပ်များ၊ နိုင်ငံသား စိစစ်ရေးကဒ်များ စသည်တို့ကို သိမ်းဆည်းခဲ့ကြသည်။ စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်များတွင် သက်သေအဖြစ် အသုံးပြုရန် ထိုပစ္စည်းများကို သိမ်းဆည်းခဲ့ကြခြင်းဖြစ်ပြီး၊ အခြားအိမ်သုံးပစ္စည်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖျက်ဆီးခဲ့ကြသည်။ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုများအား ဖျက်ဆီးခြင်းနှင့် သိမ်းဆည်းခြင်းတို့သည် ဖမ်းဆီးထိန်းသိမ်းခံရသည့်အချိန်၌ ပြင်းထန်သော အကြမ်းဖက်ရက်စက်မှုအဆင့်နှင့် ဖမ်းဆီးထိန်းသိမ်းခံရသူများ၊ သံသယအဖြစ်ခံရသူများတို့၏ မိသားစုဝင်များ အပေါ် မင်းမဲ့တိုင်းပြည်ပမာ မတရားမှု၏ သက်ရောက်ထိခိုက်မှုများကို မီးမောင်းထိုးပြနေပါသည်။ ၎င်းတို့ လွတ်မြောက်လာချိန်တွင် ၎င်းတို့၏ တန်ဖိုးရှိပစ္စည်းများ များသောအားဖြင့် ငွေကြေးနှင့် ဖုန်း ပြန်လည်ရရှိခြင်း မရှိ၊ သို့ရာတွင် အချို့အမှုများတွင် လွတ်မြောက်လာပြီးနောက် ခရီးသွားလာရေးနှင့် နေ့စဉ်ဘဝ ခက်ခဲစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံသားစိစစ်ရေးကဒ်များကို ပြန်လည်ပေးအပ်ခြင်းမရှိဟု အင်တာဗျူးဖြေကြားသူအချို့က ပြောဆိုပါသည်။ အင်တာဗျူးဖြေကြားသူ (၁၆)ဦးမှ ဖော်ပြထားသော ၎င်းတို့ဖမ်းဆီးထိန်းသိမ်းခံရချိန်တွင် စစ်တပ်က သိမ်းဆည်းသွားသည့် တန်ဖိုးရှိပစ္စည်းများအကြောင်း အသေးစိတ်အချက်အလက်ဇယားအား ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ ဇယား (၂)တွင် ကြည့်ရှုနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော်၊ နိုင်ငံရေးအကျဉ်းသားများသည် အချိုးမကျ ကမ်းကုန်သည့် ရက်စက်ကြမ်းတမ်းမှုပုံစံများ စနစ်တကျနှင့် အစဉ်အလာအဖြစ် ပါဝင်သည့် မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းမှုများ တွေ့ကြုံခဲ့ရသည်။ စစ်တပ်အရာရှိများသည် ဤချိုးဖောက်မှုများကို အဓိကကျူးလွန်သူများဖြစ်ပြီး၊ ရဲနှင့် အခြားသော အာဏာရှင် ဝန်ထမ်းများမှာ မတရားမှုကို အားပေးကူညီသူများဖြစ်ကြသည်။

ဤဖြစ်စဉ်တွင် အကျဉ်းသားမိသားစုဝင်များသည် အစဉ်အမြဲ ပုံမှန် ထိခိုက်နစ်နာရ၊ မတရားဖိနှိပ်မှု ခံကြရသည်။ ခြိမ်းခြောက်ခံရခြင်း၊ ရိုက်နှက်ခံရခြင်းနှင့် ဓါးစာခံအဖြစ် ခေါ်ဆောင်သွားခြင်းတို့ဖြင့် တစ်ခါတစ်ရံ ပစ်မှတ်ထား ခံရကာ၊ အိမ်သားအားလုံး ပျက်စီးစေလိုသည့် ဥပဒေမဲ့ တိုက်ခိုက်မှုခံရသည့်အပြင် ဥစ္စာပစ္စည်းများ သိမ်းဆည်း ခံရသည်။

# ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာများ

## မိသားစုဝင်များအပေါ် ဆက်စပ်ထိခိုက်မှုများ

မင်းမဲ့တိုင်းပြည်ပမာ မတရားမှုတွင် ထိရှလွယ်သော အတွေ့အကြုံများစုပုံနေပြီး၊ ဖမ်းဆီးခံရခြင်း၊ စစ်ကြောရေး၊ တရားရင်ဆိုင်ခြင်းနှင့် အကျဉ်းကျခြင်းတို့တွင် ဖမ်းဆီးထိန်းသိမ်းခံရသူ တစ်ဦးချင်းအပေါ် ရှင်းရှင်းလင်းလင်း ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖေါက်မှုများလောက် ထင်သာမြင်သာ မရှိပါ။ သို့သော်လည်း ၎င်းအခြင်းအရာသည် ပါဝင်ပတ်သတ်သည့် ပုဂ္ဂိုလ်များအပေါ် ပြင်းထန်သည့် ဆိုးကျိုးသက်ရောက်မှုကို ဖြစ်စေသည်။ အကျဉ်းသားဟောင်းများက ထိုသက်ရောက်မှုအချို့ကို ထုတ်ဖေါ်ထားပြီး၊ အကျဉ်းကျမှုကြောင့် မိသားစုဝင်များ ထိခိုက်ဆုံးရှုံးမှုပါဝင်သည့် ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာအဖြစ် မိမိတို့ သတ်မှတ်ဖေါ်ထုတ်ထားပါသည်။

မိသားစုဝင်များသည် ဖမ်းဆီးထိန်းသိမ်းခံရသူများအတွက် အရေးပါသော အရင်းအမြစ်တစ်ခုဖြစ်သည်။ မိသားစုဝင်များက ဖမ်းဆီးထိန်းသိမ်းခံရသူများ လူ့အခွင့်အရေးချိုးဖေါက်ခံရခြင်းမှ လျော့ချနိုင်စေရန် ငွေကြေးပံ့ပိုးကြသည်။ သိသာထင်ရှားသော ဥပမာများအဖြစ် ဖိနှိပ်မှုများ (ဥပမာ။ အလုပ်ကြမ်းစေခိုင်းခြင်း၊ လူမဆန်သော အကျဉ်းထောင်အခြေအနေများ၊ စစ်ကြောရေး စသည်)ကို ရှောင်ရှားနိုင်ရန်နှင့် စောင့်ရှောက်မှု ရရှိရန် (ဥပမာ။ အစားအစာနှင့် ဆေးဝါးရရှိရေး) ရဲနှင့် အကျဉ်းထောင်အရာရှိများအား လာဘ်ထိုးခြင်း။ ထုံးစံအရ ဖမ်းဆီးထိန်းသိမ်းခံရသူများ၏ ရှေ့နေများနှင့် မိသားစုဝင်များ ဆက်သွယ်ကြပြီး၊ အမှုရင်ဆိုင်နေစဉ် ဥပဒေအကျိုးဆောင်မှု ရရှိရေးအတွက် လွန်စွာအရေးကြီးပါသည်။ အကျဉ်းသားများ လွတ်မြောက်လာကြသောအခါ ဒဏ်ရာဒဏ်ချက်များကို ကုစားရန် ၎င်းတို့မိသားစုမှားထံသို့ ပြန်ကြရသည်။

၎င်းတို့၏အရေးပါသော အကာအကွယ်ပေးမှု အခန်းကဏ္ဍကြောင့်၊ မိသားစုဝင်များအပေါ် အာဏာရှင်က တိုက်ရိုက် ပစ်မှတ်ထားပါသည်။ အိမ်ထောင်ဖက်များ၊ မိဘများ၊ မွေးချင်းများနှင့် သားသမီးများသည် စစ်တပ်က လာရောက်ရှာဖွေဖမ်းဆီးသည့် အမျိုးသမီး၊အမျိုးသား တစ်ဦးချင်းနှင့်အတူ တရားလက်လွတ် ဖမ်းဆီးခံရသည်။ လာရောက်ရှာဖွေဖမ်းဆီးခံရသည့် ပုဂ္ဂိုလ်က ရှောင်တိမ်းလွတ်မြောက်သွားသည့်အခါ၊ စစ်တပ်က မိသားစုဝင်များကို ဓါးစာခံအဖြစ်ခေါ်ဆောင်သွားပြီး၊ ၎င်းတို့အစား ဖမ်းဆီးနိုင်ပါသည်။ မိသားစုဝင်များက ထိန်းသိမ်းခံ ၎င်းတို့၏ဆွေမျိုးများကို ကာကွယ်ရန် ရုန်းကန်ရသကဲ့သို့၊ ၎င်းတို့အကြောင်း အာဏာရှင်လက်ပါးစေများထံ ဖေါ်ထုတ်ရပြီး၊ မင်းမဲ့တိုင်းပြည်အဆင့်တိုင်းတွင် ခြိမ်းခြောက်ခံရခြင်း၊ ငွေညှစ်ခံရခြင်းနှင့် မတရားစော်ကား ဖိနှိပ်ခံရခြင်းတို့နှင့် ကြုံတွေ့ရပါသည်။

(.....)အန်တီသားအဖမ်းခံလိုက်ရပြီဆိုတာလောက်ပဲသိလိုက်ရတယ်။(...) ကျွန်မအိမ်ကိုချိပ်ပိတ်လိုက်တယ်။ အိမ်မှာဘယ်သူမှ မရှိဘူး။ ချိပ်ပိတ်တာက စာကပ်သွားတာပေါ့။ သူတို့မှာပါလာတဲ့သော့နဲ့ လုပ်သွားတာ။ (...)အဲ့နေ့က ရဲတွေစစ်သားတွေက ပြောသွားသေးတယ်။ "ဒီမိန်းမကြီးပြေးစမ်း၊ ကြိုက်သလောက်ပြေး မိလို့ကတော့ သေဖို့သာပြင်ထား" ဆိုပြီးပြောသွားတယ်။

HRV-013 (Female)

ကျွန်တော့်သူငယ်ချင်းကိုခေါ်ပြီး အိမ်လာပြခိုင်းတယ်။ ကျွန်တော့်အကိုကတော့ သပိတ်တုန်းကတော့ ပါခဲ့တယ်။ တခြားတော့မရှိခဲ့ဘူး။ ဖမ်းတာကတော့ ကျွန်တော့်ကို မတွေ့လို့ဆိုပြီး ဖမ်းသွားတာပေါ့။

HRV-012 (Male)

ယင်းကဲ့သို့ ဖမ်းဆီးထိန်းသိမ်းခံရသူများ၏ မိသားစုဝင်များမှာ ပြင်းထန်ဆိုးရွားသည့် ဘေးဒုက္ခများ ခံစားကြရသည်။ မိသားစုဝင်များ စိတ်ဒဏ်ရာ ရရှိကြသည်။ ၎င်းတို့၏ ဥစ္စာပစ္စည်းများ သိမ်းဆည်းခံရသည်။ ၎င်းတို့၏ နေအိမ်များနှင့် ပတ်ဝန်းကျင်တွင် စောင့်ကြည့်ခံ၊ ခြိမ်းခြောက်ခံရပြီး၊ အချို့မှာ စားဝတ်နေရေးဆုံးရှုံးပြီး

ဒီလို ဖမ်းဆီးထိန်းသိမ်းခံရတာကြောင့် ပြန်လွတ်လာတဲ့အချိန်မှာ ကျွန်တော်နဲ့ ပတ်သက်တဲ့ ကျွန်တော့် ညီမတွေ မိန်းမရဲ့အမျိုးတွေအကုန်လုံးက ကျွန်တော့်မိန်းမကို ဖိအားပေးတယ်။ နိုင်ငံရေးဆက်လုပ်မယ်ဆိုရင် သူတို့ရဲ့ပိုင်ဆိုင်မှုတွေအကုန်လုံးကို အာဏာသိမ်းတဲ့အဖွဲ့အစည်းက လာရောက်သိမ်းဆည်းမှာကို ကြောက်တဲ့အတွက် အိမ်ထောင်ရေးကွဲခိုင်းတယ်။ ကျွန်တော်က ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီးတော့ ထွက်ခဲ့ရတယ်။

FPP-007 (Male)

မှတ်တမ်း၌ဌာန (အေအေပီပီ)

အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသည်။ ပူပင်သောကနှင့် ငွေကြေးဆိုင်ရာ အခက်အခဲသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိသည်။

ထိန်းသိမ်းခံထားရသော ဆွေမျိုးများနှင့် အဆက်အသွယ်မပြတ်စေရန်မှာ မိသားစုများအတွက် ဆက်စပ်လွှမ်းခြုံနေသော စိုးရိမ်ပူပန်မှုတစ်ခု ဖြစ်ပါသည်။ အာဏာရှင်က မိသားစုများအပေါ် သတင်းအစအနမျှပင် ထိန်ချန်ထားသည့် ရှည်လျားသောသမိုင်းရှိနေသော်လည်း၊ မိသားစုများသည် ၎င်းတို့၏ ထိန်းသိမ်းခံထားရသော ဆွေမျိုးများ၏ တည်နေရာကို သိရှိရန် ခက်ခက်ခဲခဲ ရှန်းကန်နေကြရသည်။ အဆက်အသွယ် ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းသည် အကျဉ်းသားများထံသို့ အသက်ကယ်တင်ခြင်းဆိုင်ရာ အရင်းအမြစ်များနှင့် သတင်းအစအနမျှပင် လမ်းကြောင်းအတွက် အရေးကြီးပါသည်။ မိသားစုများနှင့် အကျဉ်းသားများသည် ထောင်ဝင်စာတွေ့ခြင်း၊ စာပေးပို့ခြင်းနှင့် ထောင်ဝင်စာပို့ခြင်းများကို တရားဝင်လမ်းကြောင်းဖြင့် ဖြတ်သန်းကြသော်လည်း၊ ပစ္စည်းများတင်သွင်းခွင့်နှင့် သတင်းစကားပေးပို့ရန် လာဘ်ယူသည့် ရဲနှင့် ထောင်အရာရှိများ၏ အလွတ်သဘောအစီအမံများကို အားကိုးလေ့ရှိသည်။ နိုင်ငံရေးအကျဉ်းသားအချို့ကို ပြစ်ဒဏ်ခတ်ပြီး ခွဲခြားဆက်ဆံသည့်အနေဖြင့် ထောင်ဝင်စာတွေ့ခွင့်နှင့် ထောင်ဝင်စာပေးပို့ခြင်းတို့ကို တားမြစ်နိုင်ပါသည်။ အချုပ်ကာလအတွင်း၊ အကျဉ်းသားများနှင့် မိသားစုများ၏ အဆက်အသွယ်သည် ပုံမှန်အားဖြင့် ကျဲသော်လည်း အလွန်အရေးကြီးပါသည်။ မျှတသော တရားစီရင်မှုအတွက် အခွင့်အလမ်းမရှိသော တရားရုံးလုပ်ငန်းစဉ်တွင်၊ မည်သို့ပင်ဖြစ်စေ အပေးအယူတစ်ခု ရှိသည်။ ရှေ့နေများက မိသားစုဝင်များအား သက်သေအဖြစ် ဆင့်ခေါ်ပြီး၊ မိသားစုများနှင့် ထိန်းသိမ်းခံများ တွေ့ဆုံခွင့်ရနိုင်ရန် ဖန်တီးကြသည်။

စစ်အာဏာရှင်၏ မိသားစုများကို ပစ်မှတ်ထားခြင်းသည် ထိန်းသိမ်းခံများ၏ ထိရှလွယ်ခြင်းကို ထပ်လောင်းစေသည်။ လွတ်မြောက်လာသော အကျဉ်းသားများကို တစ်ခါတစ်ရံ အတင်းအကျပ်နေရာရွှေ့ပြောင်းခိုင်းပြီး မိသားစုများ ကွဲကွာသွားကြပါသည်။ အချုပ်အားဖြင့်ဆိုရသော် နိုင်ငံရေးအကျဉ်းသားတစ်ဦးကို မတရားဖမ်းဆီးခြင်းသည် မိသားစုတစ်ခုလုံးကို အန္တရာယ်နှင့် ထိခိုက်နစ်နာမှု ဖြစ်စေပါသည်။ သို့သော်လည်း စစ်အာဏာရှင်၏ ရက်စက်ကြမ်းကြုတ်သော မင်းမဲ့တိုင်းပြည်ပမာ မတရားမှုအတွင်းနစ်မြုပ်နေသောကြောင့်၊ မိသားစုများသည် ၎င်းတို့၏ ထိန်းသိမ်းခံထားရသော ဆွေမျိုးများကို အကာအကွယ်ပေးရန် ရုန်းကန်နေကြပြီး၊ စရိတ်စကကြီးစွာဖြင့် ၎င်းတို့နှင့် အဆက်အသွယ် မပြတ်စေရန် လုပ်ဆောင်ကြရသည်။

●

## စစ်ကြောရေး

ဖမ်းဆီးထိန်းသိမ်းခံရခြင်းမှ မင်းမဲ့တိုင်းပြည်ဆက်လက်စီးဆင်းသည်နှင့်အမျှ ဖမ်းဆီးထိန်းသိမ်းခံရသူများသည် ချုပ်နှောင်၊ စစ်ကြောခံရသည်။ အချို့သော ဖမ်းဆီးထိန်းသိမ်းခံရသူများကို ရဲစခန်းသို့ပို့ဆောင်ပြီး၊ ရဲက စစ်ဆေးမေးမြန်းသော်လည်း အများစုမှာ စစ်တပ်၏ မထင်ရှားသော စစ်ကြောရေးစခန်းများသို့ ပို့ဆောင်ခံရပါသည်။ နိုင်ငံတစ်ဝှမ်းရှိ စစ်ထောက်လှမ်းရေးအဖွဲ့များ၏ ကွန်ရက်တွင် ညှဉ်းပန်းနှိပ်စက်သည့် အခန်းများအဖြစ် ထားရှိသည့် ထိန်းသိမ်းရေးစခန်းများ ပါဝင်သည်။ မအောင်မြင်သော အာဏာသိမ်းမှုအပြီး နိုင်ငံတဝှမ်းတွင် အာဏာသိမ်းမှုဆန့်ကျင်ရေး ဆန္ဒပြပွဲများနှင့် ခုခံတွန်းလှန်မှုများ ပေါ်ပေါက်လာခဲ့သောအခါ၊ စစ်တပ်သည် နယ်မြေခံ ရဲစခန်းများ၊ အကျဉ်းထောင်များအတွင်း၊ အများပြည်သူ အားကစားကွင်းများ သို့မဟုတ် ၎င်းတို့ယာယီ သိမ်းပိုက်ထားသည့် ကျောင်းများကိုလည်း ယာယီ စစ်ကြောရေး စခန်းများအဖြစ် အသုံးချခဲ့သည်။ "တရားမျှတမှုအတွက် တာဝန်ခံမှု- မြန်မာနိုင်ငံတွင် စစ်တပ်၏ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို နိုင်ငံတကာ၏ ပြန်လည်အာရုံစိုက်မှု အရေးတကြီးလိုအပ်ချက် အစီရင်ခံစာ"[၁] ဟုအမည်ပေးထားသည့် လတ်တလောထုတ်ပြန်ထားသည့် အစီရင်ခံစာတွင်၊ အေအေပီပီသည် အဆိုပါ စစ်ကြောရေးစခန်းများတွင် စစ်တပ်က အသုံးပြုသည့် ညှဉ်းပန်းနှိပ်စက်မှုပုံစံ (၁၄) မျိုးကို ဖော်ထုတ်ခဲ့သည်။

[1]AAPP, Towards Accountability: The Urgent Need for Renewed International Attention to Sit-Tat's Crimes Against Humanity in Burma, 2023 https://aappb.org/?p=24334

### ၁။ စစ်ကြောရေးနေရာများနှင့် စစ်ကြောရေးပုဂ္ဂိုလ်များ

စစ်တပ်စစ်ကြောရေးစခန်းများကို "ရှင်သန်နေသောငရဲခန်း" အဖြစ် ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများ၏ အင်တာဗျူးဖြေကြားချက်က ဖော်ပြခဲ့သည်။ စစ်တပ်စစ်ကြောရေးပုဂ္ဂိုလ်များသည် စစ်အုပ်ချုပ်ရေးကိုဆန့်ကျင်သူများအား သတင်းရယူရန်၊ ခြိမ်းခြောက်ရန်၊ အတင်းအကြပ်ဖိအားပေးရန်နှင့် ခွဲခြားဆက်ဆံခြင်းနှင့် အပြစ်ပေးခြင်းများကို မူဝါဒတစ်ရပ်အဖြစ်ထားရှိကာ ညှဉ်းပန်းနှိပ်စက်ခြင်းနည်းလမ်းများကို အသုံးပြုပါသည်။ ဥပမာအများစုတွင် စစ်တပ်ဆန့်ကျင်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးတွင် ပါဝင်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခံရသောအခါတွင် သေသည်အထိ ညှဉ်းပန်းနှိပ်စက်ခံရနိုင်ခြေ မြင့်မားသည်။ အေအေပီပီမှ တွေ့ဆုံမေးမြန်းခဲ့သည့် အင်တာဗျူးဖြေဆိုသူတစ်ဦးသည် ညှဉ်းပန်းနှိပ်စက်မှုကြောင့် ခင်ပွန်းဖြစ်သူ သေဆုံးသွားမှု ကြုံတွေ့ခဲ့ရသည်။ အေအေပီပီ၏အချက်အလက်များအရ မအောင်မြင်သော အာဏာလုယူမှုနောက်ပိုင်း အနည်းဆုံး နိုင်ငံရေးအကျဉ်းသား (၉၉)ဦး စစ်ကြောရေးတွင် အသတ်ခံခဲ့ရပြီး၊ အမှန်စင်စစ်ကိန်းဂဏန်းများက ပိုမိုမြင့်မားနိုင်ခြေရှိပါသည်။

စစ်တပ်စစ်ကြောရေးစခန်းများတွင် အကြမ်းဖက်ရက်စက်မှုများ ရင်ဆိုင်ရပြီးနောက်၊ ဖမ်းဆီးထိန်းသိမ်းခံရသူများမှာ နယ်မြေခံရဲစခန်းသို့ လွှဲပြောင်းပို့ဆောင်ခံရပြီး ၎င်းတို့အားစွဲချက်တင်ရန် စောင့်ဆိုင်းရသည်။ ထိုအချိန်တွင်သာ ရဲတပ်ဖွဲ့သည် နိုင်ငံရေး အကျဉ်းသားများ၏ ကိုယ်ရေးရာဇဝင် အချက်အလက် မှတ်ပုံတင်ခြင်းနှင့် ပထမသတင်းပေးတိုင်ကြားချက် အစီရင်ခံစာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖမ်းဆီးခံရမှု အကြောင်းအရင်းတို့ပါဝင်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို စတင်ခဲ့ပါသည်။ ရဲစခန်းများသည် ဖမ်းဆီးထိန်းသိမ်းခံရသူများအား စစ်တပ်အာဏာပိုင်များထံမှ တိုက်ရိုက်လက်ခံရသော်လည်း ၎င်းတို့ကိုယ်တိုင် မသိသောကြောင့် ဖမ်းဆီးခံရသူများကို မကြာခဏ ၎င်းတို့စွဲဆိုခံထားရသော ပုဒ်မများကို အသိပေးနိုင်ခြင်း မရှိပေ။

ရဲစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များထံမှ ငွေညှစ်ရန်သာ အရာရှိများက အများဆုံး စိတ်ဝင်စားကြသည်။ မိသားစုနှင့်တွေ့ဆုံခွင့်၊ သောက်သုံးရေပေးခြင်း၊ ရဲစခန်းပြင်ပ စားသောက်ဆိုင်များမှ အစားအသောက်များ ပေးပို့ခြင်း သို့မဟုတ် မိသားစုထံ ဖုန်းခေါ်ဆိုခြင်းတို့အတွက် ၎င်းတို့က ငွေတောင်းခံခဲ့သည်။ ရဲစခန်းသို့ တိုက်ရိုက်ပို့ဆောင်ခံရသော အင်တာဗျူးဖြေဆိုသူတစ်ဦး၏ အမှုတွင် နှိပ်စက်ညှဉ်းပန်းမှုခံရရန် အာမခံချက်နီးပါးရှိသည့် စစ်ကြောရေးစခန်းသို့ ပို့ဆောင်ခံရခြင်းမှ ရှောင်ကြဉ်နိုင်ရန် လာဘ်ငွေပေးခဲ့ရပါသည်။ မိဘများနှင့်အတူ မတရားဖမ်းဆီးခံခဲ့ရသည့် ၎င်း၏သား ပြန်လည်လွတ်မြောက်ရေးအတွက်လည်း ငွေပေးခဲ့ရသည်။

## ၂။ စစ်ကြောရေးတွင် ညှဥ်းပန်းနှိပ်စက်ခံရခြင်း

စစ်ကြောရေးလုပ်ငန်းစဉ်တွင် ညှဥ်းပန်းနှိပ်စက်မှုများသည် ရဲအချုပ်၊ စစ်တပ်စစ်ကြောရေးစခန်းများ၊ အကျဉ်းထောင်များနှင့် ပြည်သူ့အားကစားကွင်း သို့မဟုတ် စာသင်ကျောင်းများတွင် ဖွင့်လှစ်ထားသည့် ယာယီစစ်ကြောရေးစခန်းများတွင် ပြုလုပ်သောကြောင့် အများပြည်သူမြင်ကွင်းမှ လုံးဝလွင့်စင်ကွယ်ပျောက်သွားပါသည်။ ကျူးလွန်သူများနှင့် ညှဥ်းပန်းနှိပ်စက်မှု၏ ပြင်းထန်မှုကို ၎င်းတို့၏ ကိုယ်တွေ့အတွေ့အကြုံများကို ဖေါ်ပြထားသည့် ရှင်သန်လွတ်မြောက်သူများ၏ ထွက်ဆိုချက်များဖြင့်သာ သိကြရသည်။

ကျွန်တော့်ကို ကားပေါ်ကနေဆွဲချပြီးတော့ မျက်လုံးပိတ်ထားတော့ဘာမှမမြင်ရဘူး လက်ထိပ်ကလည်း နောက်ပြန်ခတ်ထားတယ်။ ပတ်လျှောက်ခိုင်းတာ အဝေးကြီးလည်းမဟုတ်ဘူး ပြီးတော့ဘာပြောလဲဆိုတော့ "မင်းအခုနင်းနေတဲ့နေရာက ငါတို့စစ်ကြောရေးလုပ်လို့ သေသွားတဲ့သူတွေရဲ့နေရာ၊ မနက်ဖြန်ကျရင် မင်းလည်း ဒီနေရာမှာမနေချင်ဘူးလားပေါ့၊ မြေကြီးကို ဘယ်လိုတူးရမလဲဆိုတော့ နို့ဆီဘူးကိုကိုက်ပြီးတော့ မင်းတစ်ယောက်စာအတွက် ၃ ပေ ၆ ပေ တူး ရမယ်" ဆိုပြီးတော့သူပြောတယ်။

သတ်မယ်ဆိုတာကြီးပဲ တောက်လျှောက်ပြောတယ်။ ဘယ်လိုသတ်မယ်ဆိုတဲ့နည်းတွေပါ အကုန်ပြောတာ။ ငယ်ထိပ်ကို ဘဒိတ်ခေါးနဲ့ရိုက်လိုက်မယ်တို့ ရေတစ်စက်ချင်းဆီချမယ်တို့ သစ်ပင်မှာပြောင်းပြန်ရိုက်ထားတဲ့သံချောင်းကို ကျွန်တော်တို့က နဖူးနဲ့မသေမချင်း ဝင်ဆောင့်ရမယ်ဆိုပြီး ပြောတယ်။ စစ်ကြောရေးမှာတော့ ခုနပြောသလိုပဲအင်္ကျီတွေချွတ် ဘောင်းဘီတွေချွတ် အတွင်းခံနဲ့ ဒီအတိုင်းထားတယ် နှိပ်စက်တယ်။

စစ်ကြောရေးပြီးတော့ ကျွန်တော်တို့ကို နှိပ်စက်ပြီး မေးမြန်းထားတာမဟုတ်ဘူးဆိုတာ လက်မှတ်ထိုးခိုင်းတယ်။ လက်မှတ်မထိုးပေးရင် ပြန်လို့မရဘူး၊ လက်မှတ်ထိုးပြီးတာနဲ့ ကျွန်တော်တို့ထွက်ဆိုချက်တွေကို ဖတ်ခိုင်းပြီး video recording ယူတယ်။ သူတို့စပြောတုန်းကတော့ လက်မှတ်ထိုးပေးရုံပဲ ဗီဒီယိုရိုက်ဖို့ မပြောဘူးပေါ့။ မလုပ်ဘူးဆိုလျှင် အိမ်ပြန်လို့မရဘူးဆိုပြီးပြောတယ်။ ခင်ဗျားတို့ရုပ်သံမှာ လွှင့်မှာမလားမရိုက်ဘူးပေါ့ ရုပ်သံမှာ မလွှင့်ပါဘူးဆိုပြီး အာမတွေလျှောက်ခံ မရိုက်ရင်လည်းပြန်လို့မရဘူး၊ ဒီမှာ ပဲဆက်ထားမယ်ဆိုတော့ ကျွန်တော်က ---------ဆိုပဲ တောက်လျှောက်ပြောနေတာ ဖြေထားတာတွေ ကလည်း လျှောက်ဖြေထားတာ။ ထွက်ထားတဲ့ထွက်ဆိုချက်တိုင်းပဲ သူတို့လိုချင်တဲ့အဖြေကို တောက်လျှောက်ဖြေခိုင်းတာ မဖြေရင်လည်း သူတို့ဘာသာ သူတို့ပြင်ထားပြီးသား။ သူတို့လိုချင်တဲ့ဟာကို ဆွဲရေးထားပြီး ဖတ်ပြရတာ။

FPP-004 (Male)

အောက်ပါဖြစ်ရပ်များသည် စစ်တပ်၏ညှဉ်းပန်းနှိပ်စက်မှုအခန်းများအတွင်း ကိုယ်တွေ့ကြုံခဲ့ရသည့် အင်တာဗျူး ဖြေကြားသူများ၏ ဥပမာများဖြစ်ပါသည်သည်။

ဤအင်တာဗျူးဖြေဆိုသူသည် ကျောင်းသားတက်ကြွလှုပ်ရှားသူဖြစ်ပြီး မြို့ကြီးများတွင် အာဏာသိမ်းမှု ဆန့်ကျင်ရေး ငြိမ်းချမ်းစွာဆန္ဒပြမှုများကို ဦးဆောင်ခဲ့သည့် အထွေထွေသပိတ်ကော်မတီ (GSC) အဖွဲ့ဝင် တစ်ဦးဖြစ်သည်။ သို့သော် နေပြည်တော် အမည်မသိနေရာတစ်ခုရှိ စစ်ကြောရေးစခန်းတွင် ကြုံတွေ့ခဲ့ရသော ၎င်း၏အတွေ့အကြုံသည် ကွဲပြားခြင်းမရှိပေ။ နိုင်ငံ၏ ဒေသအသီးသီးရှိ အခြားသော စစ်ကြောရေးစခန်းများတွင် အလားတူ အတွေ့အကြုံများကို ခံစားခဲ့ရကြောင်း အခြားသော နိုင်ငံရေး အကျဉ်းသားများက မျှဝေခဲ့ကြသည်ကို အေအေပီပီမှ ရှာဖွေတွေ့ရှိပါသည်။

ကျွန်တော့်ကို အိမ်ကနေပြီးတော့ သူတို့ကားပေါ်ခေါ်သွားတယ်။ ခေါ်သွားတဲ့အချိန်မှာ ကျွန်တော့် မျက်စိကိုမှိတ်ပြီးတော့ ခေါ်သွားတယ်။ မျက်စိပြန်ဖွင့်တဲ့အချိန်မှာ စာသင်ကျောင်း တစ်ကျောင်းကို ရောက်နေတယ်ဆိုတာ သိလိုက်ရတယ်။ စာသင်ကျောင်းရောက်ပြီးဆိုတာနဲ့ အခန်းထဲမှာထားပြီးတော့ ထိပ် တုံးခတ်ထား တယ်။ ကျွန်တော့်ကိုထိပ်တုံးနဲ့ ၇ ရက်ထားတယ်။ သုံးရက်လေးရက်လောက်ကို ကျွန်တော့်ကိုထမင်းမကျွေးဘူး။ စစ်တဲ့အချိန်မှာ "CRPH ကိုထောက် ပံ့တာလား NUG ကိုထောက်ခံတာလား " ဆိုပြီးမေးတယ်။ မဟုတ်ဘူးလို့ပြောရင် နံပါတ်တုတ်တွေနဲ့ရိုက်တယ်။ ထပ်မေးတယ် ကျွန်တော်တို့ကဘာ မှပတ်သက်မှုမရှိပါဘူးလို့ ပြောရင် ကျွန်တော်တို့ကိုရေလောင်းချတယ်။ သွားရင်ကျဉ်စက်နဲ့တို့တယ်။ မဟုတ်ဘူးလို့ တစ်ခုခု ကိုငြင်းလိုက်ပြီးဆိုတာနဲ့ စစ်တဲ့သူရော မစစ်တဲ့သူရောအကုန်လုံးဝိုင်းပြီးရိုက် ကြတယ်။ အားလုံးမရှိဘူးဆို ၆ ယောက် ၇ ယောက်လောက်ရှိပါတယ်။

နောက်ဆုံး ကျွန်တော်တို့မခံနိုင်တဲ့အခြေအနေမျိုးမှာ သေနတ်နဲ့ နားထင်ကိုထောက်ပြီးတော့ "မှန်မှန်ဖြေ မဖြေရင် မင်းကို သတ်ပစ်မယ်၊ မင်းအရှေ့မှာလည်း မင်းလိုပဲ စစ်နေရင်း သတ်ပစ်ခဲ့ရတဲ့ နိုင်ငံရေးသမားတွေ အများကြီးပဲ ရှိခဲ့တယ်" ဆိုပြီးပြောတယ်။ နောက်ပြီးတော့ စစ်ကြောရေးလုပ်တဲ့နေရာနဲ့ နှစ်မှတ်တိုင်လောက်အကွာမှာ သုဿန်တစ်ခုရှိတယ်၊ အဲ့မှာလည်း "မင်းတို့မသိဘဲနဲ့ မြေပ်လိုက်ရတဲ့ဟာတွေ၊ မီးသဂြိုလ်စက်ထဲ ထည့်လိုက်ရတဲ့ဟာတွေ အများကြီးရှိတယ်" ဆိုပြီးစစ်ဆေးနေတဲ့ တပ်ကြပ်အဆင့်ရှိတဲ့ ရဲဘော်တစ်ယောက်ကနေ သေနတ်နဲ့ ချိန်ပြီးပြောတယ်။

FPP-007 (Male)

မှတ်တမ်းဌာန (အေအေပီပီ)

အခြားသော ဥပမာတစ်ခုမှာ မတ်လ ၂၀၂၁ခုနှစ်တွင် မြိတ်မြို့၌ ဒေသခံပြည်သူများ ငြိမ်းချမ်းစွာဆန္ဒပြမှု တစ်ခုတွင် စစ်တပ်က ကျည်အစစ်ဖြင့် အကြမ်းဖက်ဖြိုခွင်းမှုဖြစ်သည်။ နိုင်ကျဉ်း_၀၀၈(FPP-008)သည် သေနတ်ဒဏ်ရာရရှိခဲ့သည့် ဆန္ဒပြသူများအကြောင်း မက်ဆေ့ချ်လက်ခံရရှိပြီး အကူအညီပေးရန် အခြားသောလုပ်ဖော်ကိုင်ဖက်များနှင့်အတူ ဆန္ဒပြနေရာသို့ အပြေးသွားရောက်ခဲ့သည်။ သို့သော်လည်း ၎င်းနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များ အပါအဝင် လူ ၅၀ ကျော်ကို စစ်သားများက ပိတ်ဆို့ ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံထားရသူအားလုံး လေတပ်အခြေစိုက်စခန်းသို့ ပို့ဆောင်ခံခဲ့ပြီး ၎င်းသည် မိမိကိုယ်တိုင် ညှဉ်းပန်းနှိပ်စက်ခံရသည်သာမက သက်ကြီးရွယ်အိုတစ်ဦးအား ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခြင်းကိုလည်း မြင်တွေ့ခဲ့သည်။ သူ၏ကိုယ်တွေ့အတွေ့အကြုံကို အောက်ပါအတိုင်း မျှဝေခဲ့ပါသည်။

> ကျွန်တော်တို့ကိုဖမ်းပြီးတော့ လေတပ်စခန်းကိုခေါ်သွားတယ်။ လေတပ်စခန်းရောက်တော့လည်း လက်ပြန်ကြိုးတုတ်ထားပြီး အနောက်ကနေကန်တယ်။ ကျွန်တော့်တင်ပါးကိုလည်း သံလုံးကို အဝတ်စနဲ့ဆက်ထားတာ ရိုက်လိုက်တဲ့အချိန်သိလိုက်ရတယ်။ တချို့ဆို ကျောက်ခဲနဲ့ ပါးစပ်ကို ပိတ်တယ် ဂေါ်လီလုံးတွေကို ပါးစပ်ထဲထည့်ပြီး မျက်နှာကိုထိုးတယ်။ တချို့ဆို သေနတ်နဲ့ပါးစပ်ကို တေ့ပြီး စိန်ခေါ်တာတွေရှိတယ်။ ဖမ်းဆီးထိန်းသိမ်း တော့လည်း ဆေးဝါးတွေယူခွင့်မပေးဘူး။ တချို့ဆို ကျည်ဆံထိထားတာတွေရှိ တယ် သူတို့တွေကိုလည်းရိုက်တယ်။
>
> ကျွန်တော့်ဘေးက အဖိုးကြီးဆို (၆၀) လောက်ရှိမယ်။ အူကျတာဗျ။ ဒူးထောက်လိုက်ရင် တစ်ကိုယ်လုံး တုန်နေတာ စစ်သားတစ်ယောက်က လာပြီးရိုက်တာ အဖိုးကြီးကမေ့ပါမေ့လဲသွားတယ်။ သူမေ့လဲသွားတဲ့အချိန် ဘောင်းဘီကကွဲနေတော့ သူ့ရဲ့အင်္ဂါကိုလေးခွသရေနဲ့ပစ်တယ်။ သူ့လည်ပင်းကို စစ်သားတစ်ယောက်က နင်းတယ်။ သေသွားပြီလို့တောင်ထင်တာ
>
> FPP-008 (Male)

မှတ်တမ်း၌ာန (အေအေပီပီ)

စစ်တပ်သည် လိင်နှင့် လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုအပါအဝင် အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှု နည်းလမ်းများကို အသုံးပြုပါသည်။ (အထက်ပါဖြစ်ရပ်တွင် နမူနာပြထားသည့်အတိုင်း လိင်အင်္ဂါများကို ပစ်မှတ်ထားခံရသည်။) လိင်နှင့် လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများတွင် မုဒိမ်းကျင့်မှုလည်း ပါဝင်ပြီး၊ အေအေပီပီမှ တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးသည် ၎င်းအား အမည်မသိ စစ်ကြောရေးစခန်းတစ်ခုသို့ ခံရစဉ် ယင်းသို့ပြုကျင့်ခံခဲ့ရပြီး၊ ၎င်း၏ အဆက်အသွယ်များကို ထုတ်ဖော်ရန် ငြင်းဆိုခဲ့သည်။

> အဲ့နေ့က ဟိုဘက်ခန်းမှာပေါ့ ကောင်မလေးတစ်ယောက်ကိုမေးနေတာ သူတို့အဖြေရတဲ့ပုံမပေါ်ဘူး။ မှတ်မိသလောက်က ဘဏ်ခေးပြကိစ္စပေါ့။ ဟိုဘက်ကလည်း အဖြေမရ၊ ကျွန်တော့်ဆီကလည်း အဖြေမရတော့ စစ်သားတစ်ယောက်ကဆီက မင်းသူ့ကိုလုပ်ရမယ်ဆိုပြီးထွက်လာတယ်။ ကျွန်တော် ကြောင်သွားတာပေါ့။ နောက်တော့မြွားဦးက ကျွန်တော့်ဘက်လှည့်လာတယ်။ ကျွန်တော့်ကို ဘောင်းဘီချွတ်တာတော့ရှိတယ်။ ပြီးတော့အကြမ်းဖက်တာက ၄၅ မိနစ် တစ်နာရီလောက်ကြာတယ်။

နောက်တော့ မေးခွန်းမမေးတော့ဘူး။ လိင်ပိုင်းဆိုင်ရာကတော့ တစ်ဦးတည်းတော့မဟုတ်လောက်ဘူး၊ ကျနော်မမြင်တော့မမြင်ရဘူး ခံစားမှုကတစ်ဦးထက်တော့ပိုတယ်။ ကြမ်းပြင်ပေါ်မှာပဲ လိင်ဆက်ဆံတဲ့ ဟာမျိုးပဲ။ ၄၅ မိနစ်လောက်ထင်မိတယ်ပေါ့၊ ကြားထဲ ၅ မိနစ် ၁၀ မိနစ်လောက်တော့ ရပ်သွားသေး တယ်။ ကျွန်တော့်အထင် အရက်သောက်နေကြတာထင်တယ်။ စစ်သားပဲဖြစ်မယ်ထင်တယ်၊ ဘာလို့ဆို ကျွန်တော့်ကိုလာခေါ်တာက စစ်သားပေါ့။ အနည်းဆုံး ၃ ယောက်ပဲ၊ ကိုင်ခိုင်းတာမျိုးလည်း ရှိတယ်။

FPP-009 (Male)

မှတ်တမ်း၄၁န (အေအေပီပီ)

နောက်ဆုံးဥပမာတစ်ခုတွင် အမျိုးသမီးတစ်ဦးသည် သူမလက်တွေ့ညှဉ်းပန်းနှိပ်စက်ခံရမှုအတွေ့အကြုံနှင့် စစ်ကြောရေးကာလအတွင်း သူမ၏ခင်ပွန်းအသတ်ခံခဲ့ရသည့်အတွက် စိတ်ဒဏ်ရာကို မျှဝေပါသည်။ သူမသည် ရန်ကုန်မြို့တွင် အာဏာသိမ်းဆန့်ကျင်ရေး တော်လှန်ရေးအဖွဲ့ကို ဦးဆောင်နေသည့် ခင်ပွန်းဖြစ်သူနှင့်အတူ ဖမ်းဆီးခံခဲ့ရပြီး၊ သူမ၏ကလေးများမှာ နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ရန်ကုန်မြို့ရှိ အဖွဲ့ဂိုဒေါင်တွင် မတော်တဆ ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ပြီး အခြားအဖွဲ့ ဝင်အချို့လည်း ဖမ်းဆီးခံခဲ့ရသည်။ သို့သော်လည်း သူမသည် အဖွဲ့နှင့်မသက်ဆိုင်သလို အဖွဲ့၏လှုပ်ရှားမှုများကို သူမမသိခဲ့ပါ။ သူမ၏ အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြပါသည်။

အဲ့အချိန်မှာ စရဖတစ်ယောက်ကထိုင်နေပြီးတော့ အသံတိတ်သေနတ်နဲ့ မေးတယ်ပေါ့။ မေးတာကို အမှန်တိုင်းဖြေ၊ မဖြေရင်ရှင်းပစ်လိုက်မယ်ဆိုပြီး ပြောတယ်။ "နင့်ယောက်ျားကိုလည်း စစ်နေပြီ၊ နင်တို့နဲ့ ပါလာတဲ့ ကောင်လေးတွေကိုလည်းစစ်နေပြီ၊ မေးတာကိုအမှန်တိုင်းဖြေ၊ ဒီမှာ အသံတိတ်သေနတ်နဲ့ ရှင်းပစ်လို့ရှိရင် သေသွားတာတောင် ဘယ်သူမှ သိလိုက်မှာမဟုတ်ဘူး၊ နင့်နောက်မှာလည်းသားသမီးတွေ ရှိသေးတယ် သေမလား အမှန်တိုင်းဖြေမလား" ဆိုပြီးပြောတယ်။ ကျွန်မကလည်း "ဘာမှမသိဘူးပေါ့ ဒီနေရာကိုလည်းအခုမှရောက်ဖူးတာ ကျွန်မကလေးတွေနဲ့ပဲနေတာပါ" ဆိုပြီးပြောလည်း....

နောက်တော့ဗျူဟာမှူးလည်းထွက်သွားရော၊ ကျန်တဲ့ (၅) ယောက်က ဒူးထောက်ခိုင်းပြန်တယ်။ တစ်ယောက်က မျက်နှာကို စစ်ဖိနပ်နဲ့ဆောင့်ကန်တယ်။ ငါတို့ကို စစ်ခွေးလို့ပြောဦးဆိုပြီး ရေဘူးနဲ့ ခေါင်းကိုရိုက်တာ။ စစ်ခွေးဆိုတဲ့စကားလုံးကို အတော်အထိနာတယ်၊ အနောက်ကိုကန်လိုက် ဖြတ်ဖြတ် ပြီးရိုက်လိုက်တာ၊ သွားတစ်ချောင်းပဲ့သွားတယ်၊ (၅) ယောက်က ဝိုင်းရိုက်တာဆိုတော့။ ရိုက်နှက်ပြီးတော့ ဗျူဟာမှူးကရောက်လာပြီး "မေးစရာတွေရှိသေးတယ် မင်းတို့ ရိုက်တာသေသွားဦးမယ်" ဆိုပြီး လာတား သွားတယ်။ နောက်တော့ ဖောက်ခွဲရေးပစ္စည်းတွေနဲ့ပတ်သက်ပြီး ဆက်မေးတယ်။ ကိုယ်က မသိဘူးပြော တော့ ကျောကုန်းကိုရိုက်တယ်၊ ဝါးရင်းတုတ်လို ပုံစံမျိုးနဲ့ ရိုက်တာပေါ့။ လက်ကိုအပူတွေနဲ့ကပ်တယ်၊ မီးအပူတွေ သံချောင်းကို မီးတို့ထားတာနဲ့ပေါ့။ လက်ဆစ်တွေကို မာတဲ့ဟာတွေနဲ့ ရိုက်တယ်။ တူနှစ် ချောင်းလိုပုံစံမျိုးနဲ့ ညှပ်ပြီးလုပ်တယ်။ တမြည့်မြည့်နဲ့ညှင်းပန်းနှိပ်စက်တာပေါ့။ နာတော့အော်တာ ပေါ့။

# မင်းမဲ့တိုင်းပြည်

ကျွန်မစစ်ကြောရေးမှာနေခဲ့ရတာက အောက်တိုဘာ (၃) ရက်နေ့အထိ နေခဲ့ရတယ်။ နောက်တော့ (၃) ရက်နေ့ညမှာပဲ ရွှေပြည်သာလော့ဘ်ကားအောက်ဂိတ်ရဲစခန်းကိုရွှေ့သွားတာ။ -------က "နင့်ယောကျ်ားက ဝန်ခံလိုက်ပြီ၊ နင့်ကိုရွှေပြည်သာရဲစခန်းမှာ ခဏချုပ်ထားမယ်၊ နင့်ကို(၂)ရက် လောက်ပဲထားထားမယ် ပြီးရင်ပြန်လွှတ်ပေးမယ်" ဆိုပြီးပြောတယ်။ ပြီးတော့သူက "နင့်ယောကျ်ားသေမယ်၊ ငါတို့ဆေးထိုးသတ် လိုက်မယ်ပေါ့၊ သတင်းတော့အပြင်ကိုမထွက်လာစေနဲ့ပေါ့" ကျွန်မကလည်း ကုပေးလို့မရဘူးလားမေး တာပေါ့၊ မရဘူးဆိုပြီးပြောတယ်။ နောက်တော့သိလိုက်ရတာက သူတို့ကျွန်မယောကျ်ားကို သတ်ချင်လို့ ရွှေပြည်သာရဲစခန်းကိုရွှေ့လိုက်တာပဲဆိုတာ သိလိုက်တယ်။ နောက်တော့ (၄) ရက်နေ့ကြတော့ စခန်းမှူးက "နင့်အမျိုးသားဆုံးပြီ" ဆိုပြီး လာပြောတယ်။

နင့်ယောကျ်ားကို သင်္ဂြိုဟ်ခွင့်ပေးမယ်၊ နင်သင်္ဂြိုဟ်မလား မေးခွန်းတွေဆက်မေးမလား" ဆိုပြီးပြော တယ်။ ကျွန်မကလည်း သင်္ဂြိုဟ်မယ်ဆိုပြီး ပြောလိုက်တယ်၊ ဘယ်လိုပုံစံနဲ့ သေသွားလဲဆိုတာကို မြင်ချင် တာကို။ "နင်သင်္ဂြိုဟ်မယ်ဆို ခံဝန်နဲ့ပြန်လွှတ်ပေးမယ်၊ ခံဝန်နဲ့မှပြန်ရမယ်ပေါ့" ဆိုပြီးပြောတယ်။ ကျွန်မကို အချုပ်ထဲမှာပဲပြောတာပေါ့။ နောက်တော့ ကျွန်မလည်း ခံဝန်ထိုးပေးမယ်ပေါ့။ နောက်တော့ ကျွန်မလည်း ကလေးတွေကိုဖုန်းဆက်ခေါ်လို့ ရလားပေါ့၊ သူ့အဖေကို သူတို့နောက်ဆုံးတွေ့သွား စေချင်တယ်" ဆိုပြီးပြောတော့ ရတယ်ဆိုပြီး ဖုန်းတွေပြန်ပေးတယ်။ ကျွန်မအမျိုးသားက အိပ်နေတဲ့ အတိုင်းပဲ၊ မျက်နှာမှာတော့ ဒဏ်ရာတွေအများကြီးပဲ၊ ရင်ခွဲထားတာ လုံးဝ အစိမ်းလတ်လတ်ကြီးကို ခွဲထားတာ၊ သွေးတွေကလုံးဝ အစိမ်းကြီးပဲရှိသေးတယ်။ သူ့ကိုပလပ်စတစ်နဲ့ပဲ ပတ်ထားတာ၊ အဝတ်အစားတွေလည်း ဘာမှမရှိဘူး။ လှန်ကြည့်ဖို့ကို သူတို့ကမျက်နှာပဲကြည့်ခိုင်းတယ်။ သူတို့ အရမ်းရက်စက်တယ်၊

FPP-011 (Female)

အချုပ်အားဖြင့်ဆိုရသော် မင်းမဲ့တိုင်းပြည်ပမာ မတရားမှုသည် နိုင်ငံရေးအကျဉ်းသားများကို ပုံမှန်အားဖြင့် ထိပ်တန်းအရာရှိများ ပါဝင်သည့် တိုက်ခိုက်ရေးအုပ်စုက ဦးဆောင်သော ရက်ပေါင်းများစွာ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ရိုက်နှက်ခြင်းများ အပါအဝင် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ ကြုံတွေ့ရသည့် စစ်အာဏာရှင်၏ စစ်ကြောရေးစခန်းများသို့ တွန်းပို့နေပါသည်။ စစ်တပ်က ခေါင်းဆောင်အဖြစ်သတ်မှတ်ထားပြီး ပစ်မှတ်ထားခံရသူများနှင့် လက်နက်ကိုင်တော်လှန်ရေးနှင့် ဆက်စပ်သူများ၊ ဆန္ဒပြပွဲများတွင် ဦးဆောင်သူများ သို့မဟုတ် အမျိုးသားညီညွတ်ရေးအစိုးရတွင် ပါဝင်ပတ်သက်နေသူများအပေါ် ညှဉ်းပန်းနှိပ်စက်မှုသည် အထူးသဖြင့် ကြောက်မက်ဖွယ်ကောင်းပြီး သေစေလောက်သည့် ညှဉ်းပန်းနှိပ်စက်မှုမျိုးဖြစ်ပါသည်။ နိုင်ငံရေး အကျဉ်းသားအချို့သည် ဖမ်းဆီးခံရပြီးနောက် စစ်ဆေးမေးမြန်းမှုများအတွက် ရဲစခန်းသို့ တိုက်ရိုက်ပို့ဆောင်ခံကြရသည်။ ရဲအရာရှိများသည် ငွေညှစ်ခြင်းနှင့် စစ်တပ်၏ မျှော်မှန်းချက်အတိုင်း မတရားသဖြင့် လုပ်ကြံ စွဲချက်တင်ခြင်းတို့နှင့်ပတ်သက်၍ အဓိက အာရုံစိုက် လုပ်ဆောင်သောကြောင့် အကြမ်းဖက်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုမှာ ပြင်းထန်မှု နည်းပါးပါသည်။

# ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာများ။

### စစ်တပ်၊ ရဲ၊ တရားသူကြီးများနှင့် အကျဉ်းထောင်ဝန်ထမ်းများအကြား လုပ်ငန်းတာဝန်ခွဲဝေမှု

မင်းမဲ့တိုင်းပြည်ပမာ မတရားမှုကို ကွဲပြားသော အဆင့်များဖြင့်သာမက မတူညီသော ပါဝင်ပတ်သတ်သည့်ပုဂ္ဂိုလ် (ဇာတ်ဆောင်)များဖြင့်လည်း အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ မင်းမဲ့တိုင်းပြည်ပမာ မတရားမှုအတွင်း မတူညီသော အဆင့်များ-ဖမ်းဆီးထိန်းသိမ်းခြင်း၊ စစ်ကြောရေး၊ တရားရင်ဆိုင်ခြင်း၊ အကျဉ်းချခြင်း- ကို စစ်တပ်သစ္စာတော်ခံ အုပ်စုအမျိုးမျိုးက လည်ပတ်လုပ်ဆောင်ကြသည်။-ရဲ၊ စစ်တပ်၊ အစိုးရရှေ့နေများ၊ တရားသူကြီးများ၊ အကျဉ်း ထောင်ဝန်ထမ်းများ။ စုပေါင်းအားဖြင့် ဤမတူညီသော ဇာတ်ဆောင်များသည် မင်းမဲ့တိုင်းပြည်ပမာ မတရားမှုကို အပြည့်အဝ အကျိုးသက်ရောက်စေသည်။ သို့ရာတွင် ၎င်းတို့သည် ချိုးဖောက်မှု ပုံသဏ္ဌာန်အမျိုးမျိုး၏ မတူညီ သောအဆင့်တိုင်းအတွက် သီးခြားစီ တာဝန်ရှိပါသည်။

### စစ်တပ်

မင်းမဲ့တိုင်းပြည်အတွေးအခေါ်၏ ဗိသုကာများဖြစ်ခဲ့ကြသည်။ ကြီးကြပ်သူများသည် ရည်ရွယ်ထားသည့်အတိုင်း စီးဆင်းလည်ပတ်မှုကို သေချာစေပြီး၊ ရေစီးကြောင်း/ခရီးကြမ်း၏ အချို့သောအဆင့်များကို တိုက်ရိုက်အကောင် အထည်ဖော်သူများဖြစ်ကြသည်။ ၎င်းတို့သည် ဖမ်းဆီးထိန်းသိမ်းမှုများအတွင်း၊ မကြာခဏ အုပ်စုကြီးအသွင်ဖြင့်၊ စစ်ဆေးရေးဂိတ်များ၊ ဆန္ဒပြမှုများကို ဖြိုခွင်းခြင်း သို့မဟုတ် ပစ်မှတ်ထားသည့်အိမ်ကိုစီးနင်းခြင်းများ၊ စသည် တို့တွင် နေရာမရွေးရှိနေကြသည်။ မည်သူကို စစ်ကြောရေးစခန်းများသို့ပို့ပြီး ထိုစခန်းများနှင့် ထပ်တူကျနေ သည့် ညှဉ်းပန်းနှိပ်စက်မှုများကို သီးသန့်လုပ်ဆောင်ရန် ၎င်းတို့က ဆုံးဖြတ်ပါသည်။ ဖမ်းဆီးထိန်းသိမ်းခံရသူ များကို မည်သည့်ရာဇဝတ်မှုဆိုင်ရာ ပုဒ်မများနှင့် တရားစွဲဆိုရမည်ကို ရဲများအား ၎င်းတိုက အသိပေးခဲ့ပြီး၊ သေချာတိကျသော စီရင်ထုံးများနှင့် သေချာသော ပြစ်ဒဏ်များ ချမှတ်ရန် တရားသူကြီးများအား ၎င်းတို့က ညွှန်ကြားခဲ့ပါသည်။ နောက်ဆုံးတွင် ခုခံတွန်းလှန်မှုကို ချေမှုန်းရန် ရုံဖန်ရံခါ ၎င်းတို့ကို အကျဉ်းထောင်တွင်းသို့ ခေါ်ဆောင်ခဲ့သည်။

> စစ်ဖိနပ်နဲ့ (၂) ချက်ကန်တယ် သေနတ်ဒင်နဲ့ထောင်းတယ်။ နောက်ဖမ်းမိတဲ့နေရာ ကနေပြီးတော့ ပေါင်းကူးတံတားမှာလူစုတယ်။... သေနတ်နဲ့ထောက်ပြီး ကြွေးကြော်သံဆိုခိုင်းတယ်။ နောက်ပါးစပ် ပေါက်ထဲကို သေနတ်ထည့်ပြီး ကြွေးကြော်သံဆိုခိုင်းတာမျိုး ... အဓိကက စစ်သားနဲ့ရဲပါတယ် အများစုကတော့ စစ်သားတွေကပိုရိုက်တယ်။.. စစ်သားတွေကပိုလုပ်တယ် ရဲတွေကသိပ်မလုပ်ဘူး ရဲတွေကပြန်ကြောက်နေရတယ် သူတို့အချင်းချင်းကို ပြန်ကြောက်နေကြတာ။
>
> FPP-006 (Male)

မှတ်တမ်း႒ာန (အေအေပီပီ)

## ရဲတပ်ဖွဲ့

အများအားဖြင့် ရည်မှန်းထားသည့်အတိုင်း ရေစီးကြောင်း/ခရီးကြမ်း တိုးတက်ကြောင်း သေချာစေရန် ဇာတ်ပို့ သရုပ်ဆောင်များအဖြစ်/ပံ့ပိုးသူများများအဖြစ် ဆောင်ရွက်သည်။ ရဲတပ်ဖွဲ့သည် ဖမ်းဆီးထိန်းသိမ်းမှုများတွင် အရေအတွက်အားဖြင့် နည်းသော်ငြားလည်း ရံဖန်ရံခါ ပါဝင်ခဲ့ကြပြီး၊ ရက်စက်အကြမ်းဖက်မှု အခန်းကဏ္ဍတွင် တစ်ခါတစ်ရံ စစ်တပ်ထက် သိသာစွာနည်းပါးမှုရှိပါသည်။ ဖြစ်ရပ်အများစုတွင် ရဲတပ်ဖွဲ့သည် ဖမ်းဆီးထိန်းသိမ်း ခံရသူများကို ကိုယ်ထိလက်ရောက် မတရားစော်ကားနှိပ်စက်မှုတွင် စစ်တပ်နှင့်အတူရှိသော်လည်း၊ အင်တာဗျူး ဖြေဆိုသူအချို့က အရာရှိတစ်ဦးချင်းစီက ကရုဏာပြသခဲ့မှု သို့မဟုတ် စစ်အာဏာရှင်၏ ဖိနှိပ်ညှဉ်းပန်းရေး ရည်ရွယ်ချက်များ လျော့ပါးစေရန် တက်တက်ကြွကြွရှိခဲ့မှု အဖြစ်အပျက်များကို ပြောဆိုခဲ့ကြသည်။ ရဲတပ်ဖွဲ့ သည် ဖမ်းဆီးထိန်းသိမ်းခံရသူများကို တရားစွဲဆို ပြစ်ဒဏ်ချမှတ်နိုင်စေရေး အဓိကတာဝန်ယူ ဆောင်ရွက်သူများ လည်း ဖြစ်ကြသည်။ ၎င်းတို့သည် ဖမ်းဆီးထိန်းသိမ်းခံရသူများအပေါ် စွဲချက်တင်သည့် တရားလိုများ ဖြစ်ခဲ့ကြ ပြီး၊ ၎င်းတို့မပါဝင်ခဲ့သောဖမ်းဆီးထိန်းသိမ်းမှုများ၊ ၎င်းတို့မပြုလုပ်ခဲ့သော စုံစမ်းစစ်ဆေးမှုများ၊ ၎င်းတို့ မကြားမသိခဲ့သော ထွက်ဆိုချက်များအကြောင်းတို့ကို တရားရုံးတွင်သက်သေထွက်ဆိုခဲ့ကြသည်။ - အားလုံးသည် စစ်အာဏာရှင်ကို ဆန့်ကျင်သူများအပေါ် မှားယွင်းသည့် ပြစ်ဒဏ်များချမှတ်နိုင်ရေး သေချာ စေရန် ဖြစ်သည်။

> စစ်အုပ်စုဖက်က အဓိက သက်သေထွက်ဆိုတဲ့သူတွေက မရှိဘူး။ ကျွန်တော်တွေ့ဖူးရသလောက်က တော်တော်များများ ရဲကိုပဲ အကုန်လွှဲချလိုက်တယ်ပေါ့။ ရဲကိုလွှဲပေးလိုက်ပြီးတော့ ဒါနဲ့အမှုခိုင်းတယ်။… ရဲကိုလွှဲလိုက်ပြီး ရဲကနေ တရားလိုလုပ်တာပဲ များတယ်ဗျ။ ရဲတရားလိုလုပ်ပြီး အမှုနဲ့ပတ်သက်ပြီး မေးတာမြန်းတာတို့ဆို ဘာမှမသိဘူးပဲ ဖြေတယ်။ စစ်တပ်ကလွှဲပြီးတော့ ဒီလိုဒီလိုလုပ်လို့ ဖမ်းတယ်။ ကျန်တာ မသိဘူး။
>
> LY-020 (Male)
>
> မှတ်တမ်းဌာန (အေအေပီပီ)

## တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် စာရေးများ

မခိုင်လုံသော ရဲထွက်ဆိုချက်များဖြင့် ပံ့ပိုးထားသည့် စစ်တပ်ကအကွက်ဆင်ထားသည့် ပုဒ်မများတွင် တရားရေးမဏ္ဍိုင်အား ကြီးကြပ်ခြင်းဖြင့် စစ်တပ်၊ရဲတပ်ဖွဲ့တို့နှင့် နီးကပ်စွာ လုပ်ဆောင်ခဲ့ကြသည်။ တရားသူကြီး များသည် ကျယ်ပြန့်ပြီး ရေရာတိကျမှုမရှိသော ဥပဒေများကို အခြေခံ၍ ရာဇဝတ်မှုဆိုင်ရာ ပုဒ်မများဖြင့် စွဲဆိုရန် ခွင့်ပြုခဲ့ပြီး၊ အာမခံလျှောက်ထားမှုများကိုလည်း ပယ်ချခဲ့သည်။ ၎င်းတို့သည် ယာယီ၊ ပုံမှန်မဟုတ်ပဲ ဖွဲ့စည်းထား သည့် တရားရုံးခန်းများ၌ စစ်ဆေးကြားနာသည့် တရားစီရင်မှုများကို တာဝန်ယူခဲ့ကြပါသည်။ အမှုအားလုံး စီရင်ချက်ချမှတ်ရေးကို ဦးတည်လျက်၊ အဆင့်မြင့်အရာရှိများ သို့မဟုတ် ပိုမိုအင်အားကြီးမားသည့် စစ်အာဏာ ရှင်အရာရှိများအမိန့်ကို အခြေခံ၍ ရဲတပ်ဖွဲ့၏ထွက်ဆိုချက်များကို လုံးလုံးလျားလျား လက်ခံခဲ့ပြီး၊ ခုခံချေပသူ ဘက်မှ သက်သေထွက်ဆိုချက်များကို လုံးလုံးလျားလျား ပယ်ချခဲ့သည်။ တရားသူကြီးများသည် အာမခံလျှောက် ထားမှုကို ငြင်းဆိုခဲ့ကြပြီး၊ တရားရင်ဆိုင်ခုခံချေပသူအပေါ် ဖြစ်နိုင်သမျှ ရှည်လျားသောထောင်ဒဏ်ချမှတ်ရေး သေချာစေရန်၊ စစ်တပ်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး အမြင့်ဆုံးပြစ်ဒဏ်၊ထောင်ဒဏ် ချမှတ်ခဲ့သည်။

ကျွန်တော်ကလည်း တရားသူကြီးကိုသွားပြောတယ်။ "ဆရာမ သူဝန်ခံတယ် ဆန္ဒပြတာနဲ့ ပက်သက်ပြီး အမိန့်ချပေးပါ" ပေါ့၊ တရားသူကြီးမက ဘာပြောလဲဆိုရင် "ဆရာ သိပ်မမျှော်လင့်နဲ့တော့။ ကျွန်မတို့ကိုအမြင့်ဆုံးပြစ်ဒဏ်ချခိုင်းထားတယ်" ဆိုပြီးပြောတယ်။ "ရောဝတီတိုင်းတို့၊ ရှမ်းပြည်နယ်တို့မှာ (၂) နှစ်ပဲချတယ်၊ ရန်ကုန်တိုင်းကိုတော့ အမြင့်ဆုံးပြစ်ဒဏ်ချပါဆိုလို့ အပေါ်ကနေ ခိုင်းထားလို့ပါဆရာ" ဆိုပြီးပြောတယ်။

LY-021 (Male)

မှတ်တမ်းဌာန (အေအေပီပီ)

## အကျဉ်းထောင်ဝန်ထမ်းများ

နေရာအနှံ့၌ အကျဉ်းထောင်လူဦးရေထူထပ်မှုနှင့် လုံလောက်မှုမရှိသော ကျန်းမာရေးစောင့်ရှောက်မှုဖြင့် မသတီစရာကောင်းသော အကျဉ်းထောင်အခြေအနေများအား ကြီးကြပ်ဖော်ဆောင်ခဲ့သည်။ စင်စစ်တွင်၊ နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်အတွင်း နလံမထူစေရန် သေချာစေရေးတွင် မတုန်မလှုပ်သောအခန်းကဏ္ဍမှ ပါဝင်ခြင်းထက် များစွာသာလွန်ပြီး၊ အကျဉ်းထောင်ဝန်ထမ်းများသည် ငွေကြေးအမြတ်ထုတ်မှုနှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများတွင် ကိုယ်ထိလက်ရောက် မတရားပြုကျင့် ပါဝင်ခဲ့သည်။

အကျဉ်းထောင်ဝန်ထမ်းတွေက အပြင်ရောက်မှသိရတာက မိသားစုကို လိမ်ညာတောင်းတဲ့ကိစ္စတွေ အများကြီးသိရတယ်။ ဘယ်လိုဆိုးဆိုးဝါးဝါး သိရလဲဆိုတော့ ကျွန်တော်အတွင်းထဲမှာ လေဖြတ်လို့ ဆေးဖိုး ၂ သိန်းလောက်ကုန်မယ်ဆိုပြီး အဲ့လောက်ထိတောင် တောင်းခံရ တယ်။

FPP-017

မှတ်တမ်းဌာန (အေအေပီပီ)

# တရားရင်ဆိုင်ခြင်း

ဤကဏ္ဍတွင် အေအေပီပီ၏ အင်တာဗျူးမေးမြန်းမှုများမှ ကိုယ်တွေ့အတွေ့အကြုံများအရ စစ်တပ်က တရားစီရင်ရေးစနစ်အား မည်သို့တည်ဆောက်ခဲ့သည်ကို မီးမောင်းထိုးပြရန် ရည်ရွယ်ပါသည်။ ပြန်လည်ပြင်ဆင်ထားသော ဥပဒေများ၊ မမျှတသောတရားခွင်များနှင့် ပြင်းထန်သည့်ထောင်ဒဏ်များဖြင့် အာဏာသိမ်းမှုဆန့်ကျင်ဆန္ဒပြသူများနှင့် ထောက်ခံသူများကို အပြည့်အဝဖိနှိပ်ရန် စနစ်တစ်ခုကို စစ်တပ်က ဖန်တီးယူနေပါသည်။

နိုင်ငံရေးအကျဉ်းသားများသည် ဖမ်းဆီးထိန်းသိမ်းခံရသည်မှ၊ စစ်ကြောရေးဆီသို့၊ ထို့နောက် တရားရင်ဆိုင်ခြင်းသို့ မင်းမဲ့တိုင်းပြည်ပမာ မတရားမှုတစ်လျှောက် ဒုက္ခဆက်လက်ကြုံနေရသည်။ အကျဉ်းထောင်ဝင်းအတွင်း လွန်ကျူးသော လုပ်ငန်းစဉ်များနှင့် မျှတမှုမရှိသည့် တရားခွင်များဖြင့် တည်ထောင်ထားသည့် အရပ်ဖက်တရားရုံးသို့မဟုတ် စစ်ခုံရုံးများကို နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်နေရသဖြင့် တရားစီရင်ရေးစနစ်အတွင် မမျှတမှုဆက်လက်တည်ရှိပါသည်။ မျှတသောတရားစီရင်ရေးတွင် လွတ်လပ်သောတရားသူကြီးတစ်ဦးက အမှုကိုင်တွယ်ခြင်း၊ စွပ်စွဲခံရသူမှ အပြစ်မရှိကြောင်း သက်သေများတင်သွင်းနိုင်စွမ်းနှင့် ညှဉ်းပန်းနှိပ်စက်ရယူထားသည့်သက်သေများနှင့်/သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှုနှင့်ဆက်စပ်ပြီးရရှိထားသော သက်သေများအား ချန်လှပ်ခြင်းတို့အခြားသောအရာများကြားတွင် ပါဝင်ပါသည်။ မျှတသောတရားစီရင်မှုအတွင်းတွင် ခုခံချေပသူများသည် ၎င်းတို့၏ ခုခံကာကွယ်မှုအတွက် ဥပဒေအကြံပေးများနှင့် အရင်းအမြစ်များ ရရှိခွင့်ရှိပြီး၊ သက်သေများကို တိုက်ရိုက်စစ်ဆေးနိုင်ပြီး၊ ပြန်လှန်စစ်မေးနိုင်သည်။ ဤမျှတသော တရားစီရင်ရေးဆိုင်ရာ အဓိကအချက်များမှာ လက်ရှိအာဏာသိမ်းပြီးနောက် တရားစီရင်ရေးစနစ်တွင် ပျောက်ဆုံးနေပြီ ဖြစ်သည်။

အရပ်ဖက်တရားရုံးများသည် နိုင်ငံတကာဥပဒေများဖြင့် ကာကွယ်၊ တန်ဖိုးထား ထိန်းသိမ်းထားသည့် ပြည်သူတို့၏ အခြေခံအခွင့်အရေးများနှင့် ဒီမိုကရက်တစ်လွတ်လပ်ခွင့်များကို ငြင်းဆိုထားပြီး၊ စစ်ကြောရေးတွင် နှိပ်စက်ညှဉ်းပန်းမှုနှင့် ဥစ္စာပစ္စည်းများ ဥပဒေမဲ့သိမ်းဆည်းခြင်းကဲ့သို့သော စစ်တပ်၏ ရာဇဝတ်မှုလုပ်ရပ်များကို အကာအကွယ်ပေးသည့် ယန္တရားတစ်ခု ဖြစ်လာပြီဖြစ်သည်။ စစ်တပ်က သဘောထားကွဲလွဲသည့် ခံယူချက်များကို ဖိနှိပ်ရန်အတွက် တရားစီရင်ရေးစနစ်က စွမ်းဆောင်နိုင်ရန် ဥပဒေများကို ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ ဥပမာ နိုင်ငံတကာစံချိန်၊ စံနှုန်းများမှ ရှင်းရှင်းလင်းလင်း သွေဖည်နေသည့် အသရေဖျက်မှုသည် ရာဇဝတ်မှုမြောက်သည့် ရာဇသတ်ကြီးပုဒ်မ ၄၉၉-၅၀၂။ ထို့အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ခြင်းနှင့် ပြန်လည်ဖွဲ့စည်းခြင်းသည် “အကြမ်းဖက်သမား” ဟူသော အယူအဆကို လျော့ရဲ၊ မရေရာစွာ အဓိပ္ပါယ်ဖွင့်ဆိုထားပြီး၊ နိုင်ငံတကာဒီမိုကရက်တစ်စံနှုန်းများတွင် တရားဥပဒေနှင့်ညီသော လုပ်ဆောင်မှုများလည်း ပါဝင်သည်။ မြန်မာနိုင်ငံ ဥပဒေပြင်ဆင်ချက်များသည် စစ်တပ်ကို လူထုအပေါ် မတရားမှုများ ဆက်လက်ကျူးလွန်ရန်နှင့်၊

မတရားမှုရေစီးကြောင်းများ/မတရားမှုခရီးကြမ်းတလျှောက် နိုင်ငံရေးအကျဉ်းသားများကို ထောင်ချောက်ဆင်ရန် ခွင့်ပြုထားသည်။

**၁။ တရားရုံးအမျိုးအစားများ၊ ပရမ်းပတာဖြစ်မှုများနှင့် ရမန်/ချုပ်မိန့်**

အေအေပီပီမှ အင်တာဗျူးခဲ့သော ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများ၏ အတွေ့အကြုံများအရ၊ ရက်အတော်ကြာ နှိပ်စက်ညှဉ်းပန်း၊ စစ်ကြောခံရပြီးနောက်၊ ၎င်းတို့ဖမ်းဆီးခံခဲ့ရသည့် မြို့နယ်တရားရုံးများသို့ ပို့ဆောင်ခံခဲ့ရသည်။ ၎င်းတို့သည် ရာဇသတ်ကြီး ပုဒ်မ ၅၀၅၊ ပုဒ်မ ၁၇(၁) မတရားအသင်းပုဒ်မ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ (၅၀)၊ လက်နက်မှု ပုဒ်မ ၁၉(က)တစ်ခုခုဖြင့် တရားစွဲဆိုခံခဲ့ကြရပြီး၊ ပထမချုပ်မိန့်ရမန် ပေးပါသည်။ ထိုအချိန်တွင်မှသာ ၎င်းတို့ကို စွဲဆိုထားသည့်ပုဒ်မများအား ၎င်းတို့ကို အသိပေးခဲ့ပါသည်။ အချို့အမှုများတွင် ဖမ်းဆီးထိန်းသိမ်းခံရသူများသည် ချုပ်မိန့်ရမန်ရယူရန် အကျဉ်းထောင်တွင်း ယာယီဖွင့်ထားသည့် တရားရုံးတွင် ပထမဆုံးအကြိမ် ရုံးထွက်ရန်အတွက် အကျဉ်းထောင်သို့ တိုက်ရိုက်ပို့ဆောင်ခံခဲ့ရပါသည်။ အမှုအား စစ်ထောက်လှမ်းရေးမှ မည်သို့ကိုင်တွယ်သည်ဆိုသည့်အပေါ် မူတည်၍ ဖမ်းဆီးထိန်းသိမ်းခံရသူများသည် ၎င်းတို့ဖမ်းဆီးခံရသည့် မြို့နယ်ရဲစခန်းသို့ လွှဲပြောင်းခံရနိုင်သည်။ သို့မဟုတ် အကျဉ်းထောင်သို့ တိုက်ရိုက်ပို့ဆောင်ခံရနိုင်ပါသည်။

နိုင်ကျဉ်း-၀၀၄ (FPP-004) အမှုတွင် သူနှင့် သူ၏အခြား လုပ်ဖော်ကိုင်ဖက် (၂)ဦးသည် နေပြည်တော်မှ ရန်ကုန်သို့ လွှဲပြောင်းခံရသောအခါ ၎င်းတို့ဖမ်းဆီးခံခဲ့ရသည်မှာ မူလအားဖြင့် နေပြည်တော်တွင်ဖြစ်သောကြောင့်၊ ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်ပြင်ပဖြစ်သောကြောင့် မြို့နယ်ရဲစခန်းက ၎င်းတို့အမှုများကို လက်ခံရန် ငြင်းဆန်ခဲ့ကြသည်။ နိုင်ကျဉ်း-၀၀၄ (FPP-004)က သူနှင့် သူ၏အခြားလုပ်ဖော်ကိုင်ဘက် ၂ဦးကို ရန်ကုန်ရှိ တရားရုံးသို့ မည်သို့ ထပ်မံပို့ဆောင်သည်နှင့် ရဲစခန်းများနှင့် အကျဉ်းထောင်များက ထပ်ခါတလဲလဲ ငြင်းဆန်ခံခဲ့ရသည့် ပရမ်းပတာစနစ်ကို အောက်ပါအတိုင်း မျှဝေထားပါသည်။

> ပြီး ၂၂ ရက်နေ့ကျတော့ကျွန်တော်တို့သုံးယောက်လုံးကို ရန်ကုန်ကိုပြန်ပို့တယ်။ ရန်ကုန်ရောက်တော့ စစချင်းအရှေ့ပိုင်းခရိုင်ရဲစခန်းကိုသွားတယ်။ အရှေ့ပိုင်းခရိုင်ကလက်မခံဘူး။ ဘာလို့လဲဆိုတော့ သူတို့ဖမ်းထားတာ မဟုတ်လို့။ အနောက်ပိုင်းခရိုင်ရဲစခန်းကလည်း လက်မခံဘူး။ အင်းစိန်သွားဖို့လုပ်တယ်။ အင်းစိန်ကို ဖုန်းဆက်တော့ လက်မခံဘူး။ ကျောက်တံတားကို သွားတယ်။ အဲ့ကလည်းသူတို့ဖမ်းထားတာ မဟုတ်တဲ့အတွက် လက်မခံဘူး။ နောက်ဆုံး ရန်ကုန်တိုင်းရဲ ရုံးချုပ်က ရန်ကုန်တိုင်းလွှတ်တော်ဝန်းရုံးမှာ ရှိတာကို ကျွန်တော်တို့ကို လွှတ်တော်ဝန်းထဲကို ခေါ်သွားတယ်။ ခေါ်သွားပြီးတော့ ည ၉ ခွဲ ၁၀ နာရီလောက်ထိ အဲ့ထဲမှာနေရတယ်။ ၉ နာရီကျော်လောက်မှာ အမိန့်ရတာပေါ့။ ကျွန်တော်တို့ ကိုတရားစွဲတာက နေပြည်တော်ကနေတိုက်ရိုက် တရားစွဲတာဆိုတော့ ကျောက်တံတားတရားရုံးကနေ လက်ခံပေးရမယ်ဆိုပြီး သူတို့ စာထုတ်ထားတယ်။ ၂၃ ရက်နေ့မှာ ကျောက်တံတားတရားရုံးမှာ ရုံးထုတ်တယ်။ သူကတော့ အချုပ်ရမန်ယူလိုက်တယ်။ ၁၄ ရက်ကြာမယ်။ ပြီးရင်ဒီကနေ အင်းစိန်ထောင်ပို့မယ်ဆိုပြီး ပြောတယ်။
>
> FPP-004 (Male)

ခရိုင်တရားရုံးကို စွပ်စွဲခံရာဇဝတ်မှုသည် ၎င်း၏တရားစီရင်ပိုင်ခွင့်ဧရိယာအတွင်းကျရောက်ပါက ထိုအမှုကိစ္စအပေါ် မူလတရားစီရင်ပိုင်ခွင့်ရှိသည့်အတွက် (ရာဇဝတ်တရားရုံးများ)အဖြစ် စစ်တပ်က အသုံးပြုသည်။ စစ်ကြောရေးပြီးဆုံးပြီးနောက် နိုင်ငံရေးအကျဉ်းသားကို ၎င်းတို့ ပထမဆုံးဖမ်းဆီးထိန်းသိမ်းခံရသည့် မြို့နယ်ရဲစခန်းသို့ ပို့ဆောင်သည် သို့မဟုတ် အချို့အမှုများတွင် အကျဉ်းထောင်သို့ တိုက်ရိုက်ပို့ဆောင်ပါသည်။ အဲဒီနောက် ရဲတပ်ဖွဲ့က တရားစွဲဆိုရေး လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်ကြပါသည်။ မည်သို့ပင်ဖြစ်စေ စုဆောင်းရရှိသော အချက်အလက်များနှင့် အင်တာဗျူးဖြေဆိုချက်များအရ များပြားလှသည့် တကယ့် တရားရုံးလုပ်ငန်းစဉ်များကို ခရိုင်တရားရုံးများတွင် မဟုတ်ပဲ အကျဉ်းထောင်များအတွင်း ယာယီထူထောင်ထားသည့် အထူးတရားရုံးတွင် ပြုလုပ်လျှက်ရှိပါသည်။

မအောင်မြင်သော အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းတွင် အာဏာသိမ်းမှုဆန့်ကျင်ရေး ဆန္ဒပြသူများနှင့် ခုခံတွန်းလှန်မှု အားကောင်းသော မြို့နယ်များတွင် စစ်အုပ်ချုပ်ရေး ကြေငြာခဲ့ပြီး၊ ဖေဖော်ဝါရီလ ၂၀၂၃ခုနှစ်အထိတွင် မြို့နယ်ပေါင်း (၄၆)မြို့နယ်အထိ တိုးချဲ့ခဲ့ပါသည်။ စစ်အုပ်ချုပ်ရေးကြေငြာခံရသော မြို့နယ်များတွင် နိုင်ငံရေးအကျဉ်းသားများသည် စစ်ခုံရုံးများ၌ တရားရင်ဆိုင်ရေးလုပ်ငန်းစဉ်များအတွက် တိုက်ရိုက်ပို့ဆောင်ခံခဲ့ရသည်။ တရားရင်ဆိုင်ခြင်းသည် အကျဉ်းမျှသာဖြစ်ပြီး ၎င်းတို့၏အခွင့်အရေးဖြစ်သည့် ရှေ့နေရရှိရေးမှာလည်း ငြင်းဆန်ခံခဲ့ရပါသည်။ ဤအခြင်းအရာသည် စစ်ခုံရုံးများနှင့် မူလက ကိုဗစ်-၁၉ရောဂါ ကန့်သတ်ချက်များကြောင့် အသုံးပြုခဲ့သည့် အကျဉ်းထောင်ဝင်းအတွင်း သို့မဟုတ် အကျဉ်းထောင်အတွင်း ထူထောင်ထားသည့် အရပ်ဘက် အထူးတရားရုံးများအကြား အဓိက ကွာခြားချက်ဖြစ်သည်။ ဤအထူးတရားရုံးများတွင် ဖမ်းဆီးထိန်းသိမ်းခံရသူများသည် ၎င်းတို့၏အမှုများကို ကာကွယ်ရန်အတွက် ရှေ့နေများရရှိရန် ခွင့်ပြုခဲ့ပါသည်။ သို့ပါသော်လည်း အရပ်ဘက်တရားရုံးများကို စစ်တပ်က အပြည့်အဝထိန်းချုပ်ထားဆဲဖြစ်သောကြောင့် မျှတသော တရားစီရင်ရေးမရှိပေ။

### ၂။ ရှေ့နေရရှိခွင့်

နိုင်ငံရေးအကျဉ်းသားများအတွက် မတရားမှုများဆက်လက်ဖြစ်တည်နေသည်၊ အထူးသဖြင့် ၎င်းတို့၏အခွင့်အရေးဖြစ်သော ဥပဒေအကျိုးဆောင်ရရှိရေး။ ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသား၏ အင်တာဗျူး ဖြေကြားချက်များအရ၊ ၎င်းတို့ ရှေ့နေရရှိခဲ့သည်မှာ ၎င်းတို့ကို တရားရုံးသို့ ရုံးတင်ပြီးမှသာ ဖြစ်သည်။ ၎င်းတို့ကို ရှေ့နေငှားလိုခြင်း ရှိ,မရှိ တရားသူကြီးက မေးမြန်းခဲ့သည် (စစ်ခုံရုံးသို့ ပို့ဆောင်ခံရပြီး၊ ရှေ့နေရရှိရေး အရာအားလုံးကို ငြင်းဆိုခဲ့သည့် ဖမ်းဆီးထိန်းသိမ်းခံရသူနှစ်ဦးမှအပ)။ တရားရုံးထွက်ခြင်းသည် ၎င်းတို့ဖမ်းဆီးထိန်းသိမ်းခံရသည့် ပထမနေ့ကတည်းက ဆက်သွယ်ရေးမှန်သမျှ ဖြတ်တောက်ခြင်းခံထားရသည့် ဖမ်းဆီးထိန်းသိမ်းခံရသူများကို မိသားစုများနှင့်ဆက်သွယ်ရန် အခွင့်အလမ်း ဖန်တီးပေးခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခံရသူများသည် ၎င်းတို့မိသားစုများကို ဆက်သွယ်ရန် ရဲ သို့မဟုတ် အကျဉ်းထောင်အစောင့်များအား လာဘ်ထိုးနိုင်ခဲ့ကြပြီး၊ နယ်မြေခံရဲစခန်းများနှင့် အကျဉ်းထောင်များဖြစ်သော ၎င်းတို့ ထိန်းသိမ်းထားခံရသည့် နေရာသို့ ပြန်လည်ရောက်ရှိသည့်အခါ ၎င်းတို့၏ တည်နေရာများကို အကြောင်းကြားကြသည်။

မိသားစုဝင်များ အမည်မသိဖုန်းခေါ်ဆိုမှုလက်ခံရရှိခဲ့ပြီး ၎င်းတို့ချစ်မြတ်နိုးရသူများ ထိန်းသိမ်းခံထားရသည့် နေရာကို သိရှိခဲ့ရသည့်အခါနောက်တွင် တရားရုံးတွင် အမှုရင်ဆိုင်ရန် ရှေ့နေ အလေသတကြီးရှာဖွေခဲ့ရပါသည်။ ဖမ်းဆီးထိန်းသိမ်းခံရသူများ ရဲစခန်းတွင် ထိန်းသိမ်းခံထားရပါက မိသားစုဝင်များအနေဖြင့် ၎င်းတို့ချစ်မြတ်နိုးရသူများကို ရဲအချုပ်တွင် ခဏတာတွေ့ဆုံရန် အခွင့်အရေးရရှိခဲ့သည်။ အကယ်၍ ဖမ်းဆီးထိန်းသိမ်းခံရသူများ အကျဉ်းထောင်သို့တိုက်ရိုက်ပို့ဆောင်ခံရပါက မိသားစုဝင်များ ၎င်းတို့နှင့် ထောင်ဝင်စာတွေ့ခွင့် ငြင်းပယ်ခံခဲ့ရပါသည်။ ၆ဤကိစ္စရပ်တွင် အကျဉ်းသားများကိုယ်စား ကိုယ်စားလှယ်လွှဲစာ စတင်လျှောက်ထားရန် ရှေ့နေတစ်ဦး အရေးတကြီး ရရှိရန် အလို့ငှာ ရှေ့လာမည့် တရားရုံး ရုံးချိန်းရက်နှင့် စွဲဆိုခံထားရသည့် ပုဒ်မများအကြောင်း အချက်အလက်စုဆောင်းခဲ့ကြရသည်။ ထိန်းသိမ်းခံထားရသော ချစ်မြတ်နိုးရသူများတည်နေရာ ရှာဖွေခြင်းနှင့် ဥပဒေအကျိုးဆောင်နှင့် အကာအကွယ်ပေးခြင်းတို့ကို ကြိုးစားစီစဉ်ခြင်း လုပ်ငန်းစဉ်သည် လွန်စွာစိတ်သောက ရောက်ရပြီး၊ စွဲချက်တင်၊အကျဉ်းချခံထားရသူများနှင့် ဆက်နွယ်နေခြင်းကြောင့် မိစားစုဝင်များကို စိတ်ဒဏ်ရာ ရစေသဖြင့် မင်းမဲ့တိုင်းပြည်ပမာ မတရားမှု၏ ဆက်စပ်သိမ်းကြုံးသက်ရောက်မှုများကို ပိုမိုဆိုးရွားစေသည်။

ရုံးချိန်းပထမဆုံးနေ့တွင် ၎င်းတို့၏အမှုတွဲဖိုင်များကို ကြည့်ရှုရရှိခွင့် မရှိပဲ၊ ၎င်းတို့၏ ရှေ့နေများက ထိုဖိုင်များ မိတ္တူကူးယူ သိမ်းဆည်းထားခွင့် ရရှိခဲ့ကြောင်း ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများက ပြောပြခဲ့သည်။ တရားရုံးလုပ်ငန်းများ မစတင်မီ (တရားရုံးမတက်မီ) ၎င်းတို့၏ အမှုအကြောင်းအရာများကို ဥပဒေအကျိုးဆောင်များနှင့် အကျဉ်းမျှဆွေးနွေးနိုင်ခဲ့ပြီး ဥပဒေဆိုင်ရာ အကြံပြုချက်များ ရယူခဲ့ကြောင်း အင်တာဗျူးဖြေဆိုသူအများစုက ပြောဆိုခဲ့သည်။ ၎င်းတို့၏ တရားစီရင်ရေးဆိုင်ရာ အတွေ့အကြုံများနှင့်၊ ၎င်းတို့၏ ရှေ့နေများနှင့် ဆွေးနွေးမှုများ၊ ထိတွေ့ဆက်ဆံမှုတို့ကို စစ်အာဏာပိုင်များ စဉ်ဆက်မပြတ် စောင့်ကြည့်၊နှောက်ယှက်ကြောင်းတို့ကို၊ နိုင်ငံရေးအကျဉ်းသားများက ပြန်ပြောင်းပြောပြခဲ့ပါသည်။ နိုင်ငံရေး အကျဉ်းသားများအတွက် ရှေ့နေလိုက်ပေးခြင်းကြောင့်၊ ၎င်းတို့၏ ရှေ့နေများအပေါ် သက်ရောက်သည့် အကျိုးဆက်များကို မြင်တွေ့ခဲ့ရပြီး၊ အများအပြားမှာ အလုပ်ထွက်ရန် လုံခြုံရေးဝန်ထမ်းများက ခြိမ်းခြောက်ခြင်း ကို ခံခဲ့ရသည်။

ဖေဖော်ဝါရီ (၁)ရက် ၂၀၂၁ခုနှစ် မအောင်မြင်သော အာဏာသိမ်းမှုမှစတင်၍၊ လူ့အခွင့်အရေးရှေ့နေများသည် နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏မိသားစုများကို ဥပဒေအကူအညီနှင့် ထောက်ခံပံ့ပိုးမှုများကြောင့် စစ်တပ်၏ ပစ်မှတ်များ ဖြစ်လာခဲ့သည်။ စစ်တပ်သည် မည်သည့်နိုင်ငံရေးအမှုများတွင်မဆို ဥပဒေရေးရာ ဝန်ဆောင်မှုပေးရန် ရဲဝံ့သော လူ့အခွင့်အရေးရှေ့နေများကို ဖမ်းဆီးခံရမည်ဟု ခြိမ်းခြောက်၊အကြပ်ကိုင်ရန် ကြိုးပန်းခဲ့သည်။ ဇွန်လ ၂၀၂၃ခုနှစ်အထိ အေအေပီပီမှ စုဆောင်းရရှိသည့် အချက်အလက်များအရ၊ ၂၀၂၁ခုနှစ် မအောင်မြင်သော အာဏာသိမ်းမှုနောက်ပိုင်းတွင် ရှေ့နေ (၅၄) ဦး (အမျိုးသား ၃၁ ဦးနှင့် အမျိုးသမီး ၂၃ ဦး) ဖမ်းဆီးခံခဲ့ရပြီး၊ ရှေ့နေ (၄၀) ဦး ဆက်လက် ထိန်းသိမ်းခံထားရဆဲဖြစ်ကာ၊ ရှေ့နေ (၉) ဦး ထောင်ဒဏ်များ ချမှတ်ခံထားရပြီး၊ ရှေ့နေ (၁၄) ဦး ပြန်လည်လွတ်မြောက်လာခဲ့သည်။ အချို့အမှုများတွင် ရှေ့နေများသည် နိုင်ငံရေးအမှုသည်တစ်ဦးကို ခုခံကာကွယ်ပြီးပြီးချင်း၊ တရားရုံးရှေ့တွင်ပင် အဖမ်းခံခဲ့ကြရသည်။ ၎င်းသည် နိုင်ငံရေးအကျဉ်းသားများကို ခုခံကာကွယ်ခြင်းကြောင့် ရှေ့နေများ၏ဘဝအပေါ် သက်ရောက်မှုများကို ရုပ်လုံး ဖော်ပြနေလျက်၊ မင်းမဲ့တိုင်းပြည်၏ အလုံးစုံ ဆက်စပ်သက်ရောက်မှုများကို အလေးပေးဖော်ပြနေပါသည်။

### ၃။ တရားရုံးလုပ်ငန်းစဉ်

အင်းစိန်အကျဉ်းထောင်ဝင်းအတွင်း ဓမ္မာရုံ၊ သင်တန်းခန်းမ၊ အားကစားရုံ ဟု အမည်ပေးထားသည့် အထူးတရားရုံး (၃)ရုံးရှိသည်ဟု ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာကြသော နိုင်ငံရေးအကျဉ်းသားများက ဖော်ပြခဲ့ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှု-၁၃ (HRV-13) သည် အင်းစိန်အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော လူငယ်တစ်ဦး၏ မိခင်ဖြစ်သည်။ ၎င်း၏ သားဖြစ်သူအမှုရင်ဆိုင်ခြင်းနှင့်ပတ်သက်၍ ညီမဖြစ်သူက ပြောပြခဲ့သည်ကို ပြန်ပြောင်းအမှတ်ရလျက် အင်းစိန်အကျဉ်းထောင်တွင်းရှိ တရားရုံးများကို အောက်ပါအတိုင်းဖော်ပြခဲ့သည်။

> တရားရင်ဆိုင်တာက ဟောကြီးလို့ပြောတယ်။ ပလက်စတစ်နဲ့ အကန့်လေးတွေ ထားထားတာ။ အကုန်လုံးဝင်လို့ရတယ်။ ဟောကြီးလို ထားတာက ဒီဘက်မှာ မရမ်းကုန်းဆို၊ ဟိုဘက်မှာ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အလုံဆိုပြီးကန့်ထားတာပေါ့။
>
> HRV-013 (Female)

လူ့အခွင့်အရေးချိုးဖောက်ခံရမှု-၁၃ (HRV-13) ၏ အင်းစိန်အကျဉ်းထောင်အတွင်းရှိ ယာယီတရားရုံးများ ဖော်ပြချက်သည် အခြားအင်တာဗျူးဖြေကြားမှုများနှင့် ဆက်စပ်နေသည်။ နိုင်ငံရေးအကျဉ်းသားများက ၎င်းတို့၏ ရှေ့နေများကို တရားရေးဆိုင်ရာအကူအညီသာမက ၎င်းတို့နှင့် ၎င်းတို့၏မိသားစုဝင်များကြား ဆက်သွယ်မှုတစ်ခုအဖြစ် လုပ်ဆောင်ရန် မှီခိုနေရကြောင်း ဖော်ပြခဲ့သည်။ တရားရုံးလုပ်ငန်းစဉ်အတွင်း မိသားစုဝင်များကို ထောင်တွင်းသို့ ဝင်ရောက်ကာ နိုင်ငံရေးအကျဉ်းသားများနှင့် ထောင်ဝင်စာတွေ့ဆုံခွင့် မပြုပေ။ ထို့ကြောင့် ရှေ့နေများသည် မိသားစုများထံမှ နိုင်ငံရေး အကျဉ်းသားများထံသို့ အစားအစာနှင့် စာများ ယူဆောင်ကာ၊ တရားခွင်မဟုတ်မီ ၎င်းတို့အား ကျွေးမွေးခြင်းဖြင့် ကြားခံအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ရပါသည်။

ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများက တရားလိုရဲအရာရှိများသည် တရားရုံးသို့ ၎င်းတို့တင်သွင်းသည့် သက်သေများ သို့မဟုတ် တရားခံများကို မမှတ်မိသည့် အမှုများ၊ အချို့အမှုများတွင် အမှုအကြောင်းကိုပင် မမှတ်မိသည့် အမှုများအကြောင်း ဖော်ပြခဲ့ကြသည်။ တရားခွင်အရေအတွက် လွန်စွာများပြားမှုကြောင့် တရားလိုများသည် တိကျသောအမှုများ သို့မဟုတ် စွဲချက်နှင့်ပုဒ်မများအား မမှတ်မိနိုင်ခဲ့ပဲ စာရွက်တွင်ပါသည်ကို ဖတ်ရှုခဲ့ရသည်။ တရားခံရှေ့နေက မေးမြန်းသည့်အခါ အမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မသိကြောင်း သို့မဟုတ် မမှတ်မိကြောင်း တရားလိုက ပြောင်ပြောင်တင်းတင်း ဖြေကြားခဲ့သည့် တရားရုံးကြားနာစဉ်အတွင်း ဖြစ်စဉ်၊ ဥပမာတစ်ခုကို အင်တာဗျူးဖြေကြားသူတစ်ဦးက ပြောပြခဲ့ပါသည်။ ဖမ်းဆီးသည့်အချိန်တွင် ၎င်းတို့ရှိနေပါသလားဟု မေးမြန်းသည့်အခါ ၎င်းတို့ ထိုနေရာတွင် မရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။ စစ်ကြောရေးတွင် စစ်ဆေးမေးမြန်းသည့်အခါ ၎င်းတို့ရှိနေပါသလားဟု မေးမြန်းသည့်အခါ တွင်လည်း ၎င်းတို့ ထိုနေရာတွင် ရှိမနေခဲ့ကြောင်း အတည်ပြုခဲ့ပါသည်။ ၎င်းတို့သည် အမှုကိစ္စနှင့် ပတ်သတ်၍

သိရှိခြင်း လုံးဝမရှိပဲ၊ ၎င်းတို့ကို အထက်မှပေးသောအမိန့်များအား လိုက်နာနေခြင်းသာဖြစ်ပါသည်။ ဤအချက်သည် မည်မျှပင် လုပ်ကြံဖန်တီးမှု သို့မဟုတ် ဆိုးဝါး၊ ညံ့ဖျင်းသောတင်ပြမှုမျိုး ရှိစေကာမူ၊ တရားသူကြီးများသည် နိုင်ငံရေးအရ စွဲချက်တင်ခံထားရသည့် တရားခံများကို ကျယ်ကျယ်ပြန့်ပြန့် ပြစ်ဒဏ်ချမှတ်ခြင်းကြောင့် မျှတသောတရားစီရင်မှု အပြည့်အဝမရှိခြင်းကို မီးမောင်းထိုးပြနေပါသည်။

အင်းစိန်အကျဉ်းထောင်နှင့်အလားတူစွာပင် အိုးဘိုအကျဉ်းထောင်တွင်လည်း အကျဉ်းထောင်ဝင်းအတွင်း ထူထောင်ထားသည့် အထူးတရားရုံး တစ်ရုံးရှိသည်။ ထို့အပြင်၊ မန္တလေးတွင် တွေ့ရသည့် ကိုယ်တွေ့အတွေ့အကြုံများအရ အိုးဘိုအကျဉ်းထောင်တွင်း ဖြစ်ပျက်ခဲ့သည့် တရားရုံးလုပ်ငန်းစဉ်သည် အင်းစိန်အကျဉ်းထောင်တွင် ဖြစ်ပျက်ခဲ့သည်နှင့် ထပ်တူကျနေပါသည်။ ရှေ့နေများသည် စစ်တပ်အာဏာပိုင်များ၏ ခြိမ်းခြောက်မှုခံခဲ့ရပြီး၊ အမှုရင်ဆိုင်ခုခံသူများ (တရားခံများ)မှာ တရားခွင်မတိုင်မီ မိနစ်အနည်းသာ ၎င်းတို့နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ အိုးဘိုအကျဉ်းထောင်တရားခွင်များမှ တရားလိုများသည်လည်း အမှုရင်ဆိုင်ခုခံသူများ (တရားခံများ) နှင့် အမှုအကြောင်း ၎င်းတို့မသိရှိကြောင်းဖြေကြားခဲ့ပြီး၊ အမှုများအား စစ်တပ်က ကိုင်တွယ်ခဲ့သည်ကို ဖော်ပြနေပါသည်။ မည်သို့ပင်ဆိုစေကာမူ တရားစီရင်မှုအားလုံးသည် တရားသူကြီးများ၏ စီရင်ချက်ဖြင့် အဆုံးသတ်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများ၏ ရှေ့နေများက ၎င်းတို့၏အမှုသည်များ အပြစ်မရှိကြောင်း ထင်ရှားသော သက်သေ၊ အထောက်အထားများ အသုံးပြုကာ သက်သေပြရန် ကြိုးစားခဲ့ကြပြီး၊ တရားလိုသက်သေများသည် မြန်မာနိုင်ငံ သက်သေခံဥပဒေနှင့် မညီကြောင်း ထောက်ပြကြသည်။ သို့သော်လည်း အင်းစိန်နှင့် အိုးဘိုအကျဉ်းထောင် နှစ်ခုစလုံးမှ တရားသူကြီးများသည် အပြစ်မရှိကြောင်းထင်ရှားနေသည့် သက်သေအထောက်အထားများကို လက်ခံရန် လျစ်လျူရှုခြင်း သို့မဟုတ် ငြင်းဆိုခြင်းမှာ ဆုံးရှုံးမှုတစ်ရပ် ဖြစ်သည်။ ရှေ့နေများသည် ၎င်းတို့၏ အမှုသည်အပေါ်စွဲဆိုထားသည့် ပုဒ်မများ သို့မဟုတ် တရားသူကြီး၏ ဆုံးဖြတ်ချက်များကို စောဒကတက်ရန် ကြိုးပန်းပါက ထောင်ဒဏ်များ တိုးလာတတ်ပါသည်။

မြိတ်နှင့်ဘားအံကဲ့သို့သော အခြားအကျဉ်းထောင်များမှ နိုင်ငံရေးအကျဉ်းသားများကလည်း ၎င်းတို့၏ ကိုယ်တွေ့အတွေ့အကြုံများကို မျှဝေခဲ့ကြပါသည်။ တစ်ကြိမ်တွင် တရားလိုရဲများက ၎င်းတို့ဆန္ဒရှိလျှင် ပုဒ်မများ ထပ်တိုးနိုင်ကြောင်း တရားသူကြီးရှေ့တွင်ပင် နိုင်ငံရေးအကျဉ်းသားများအား ခြိမ်းခြောက်ခဲ့သည်။ အခြားတရားရုံးလုပ်ငန်းစဉ်တစ်ခုတွင် တရားလိုက ၎င်းအနေနှင့် အမှုနှင့်ပတ်သတ်၍ တစ်စုံတစ်ရာမသိခဲ့ကြောင်း၊ သို့သော် သူ၏ အထက်လူကြီးထံမှ ရရှိသည့် အမိန့်ကြောင့် လာရောက်ထွက်ဆိုခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

> တရားခွင်မှာတော့ တရားလို ---------က ရဲထဲကပဲ ရာထူးတော့မေ့သွားပြီ။ ဘာပြောလဲဆိုတော့ လက်နက်တွေနဲ့ ခါတ်ပုံ တွဲရိုက်ထားတာတွေ ရှိတယ်ပေါ့ "မင်းတို့ကို တရားစွဲတာက ၅၀၅ နဲ့ ၁၄၅" ပေါ့ လက်နက်မှု မပါဘူးပေါ့…လက်နက်မှုပါ ထည့် ပေးလိုက်ရမလားခြိမ်းခြောက်တယ်။ ဘယ်လိုခံစားရလဲဆိုတော့ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးကို ဘယ်လိုမှ မယုံကြည်တော့ဘူး။
>
> FPP-006 (Male)

ရှေ့နေက ကျွန်တော့်ကိုတရားစွဲဆိုတဲ့သက်သေတွေကို မေးလို့တော့ရခဲ့ပါတယ်။ သက်သေထွက်ဆိုတဲ့ နယ်မြေခံရဲခင်းမှူးဆိုရင် သူပြောတာက "ကျွန်တော့်ကို အထက်က ဒီလိုလုပ်ခိုင်းလို့သာ ထွက်ဆိုရတာပါ ကျွန်တော်လည်း မသိပါဘူး" ဆိုပြီးထွက်ဆိုပါတယ်။

FPP-007 (Male)

အိမ်မှာနေရင်းဖမ်းမိတာရှိတယ် တကယ်လည်းအိမ်မှာနေရင်းဖမ်းမိတာဗျ ဒီအချိန်မှာလုပ်တဲ့သူက(၁၀) ယောက်လောက်ပဲရှိမယ် ကျန်တဲ့သူကမလုပ်ခဲ့ဘူး အိမ်မှာနေရင်းဖမ်းမိတာတို့ အိပ်နေရင်း နေမကောင်းရင်းဖမ်းတာတို့ အိမ်ရှေ့မှာအရက်သောက်ရင်းဖမ်းတာတို့ ဒီလိုလူတွေအားလုံးပဲ တချို့ကျတော့ မီတာခ ပေးဖို့သွားတာ ဖမ်းမိတာတွေ ဒီလိုရှိတယ်ဗျ။ အမှုစစ်တော့ (၅၂)ယောက်လုံးက အဓိကမှတ်တမ်းပဲယူတယ်။ အမိန့်ချတော့ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၂)နှစ်ချတယ်။ ကျွန်တော်တို့ကတော့ ပုံမှန်ပဲ အရှေ့သုတ်ကလူတွေလဲ ဘယ်လောက်ငြင်းငြင်း ထောင်ကျတာပဲဆိုတော့လေ။

FPP-008 (Male)

ခွဲခြားဆက်ဆံ ခံရတာကတော့ တရားခွင်မှာ ကျွန်တော်တို့ လိုအပ်တဲ့အချက်တစ်ခု တရားသူကြီးကို တင်ပြ ဝိုက်ပြီဆိုလို့ရှိရင် မသိချင်ယောင် ဆောင်လိုက်တာတို့ ကျွန်တော်တို့ စကားကို နောက်သလိုလို ပြောင်သလိုလို ကျွန်တော် တို့စကားကို စကားမဝင်အောင် ကျွန်တော်တို့ စကားကို သူတို့နားထဲမရောက်အောင် မျိုးစုံနဲ့ ပြန်ကန်ထုတ်တဲ့အကွက်တွေ ရှိပါတယ်။

FPP-010 (Male)

အတိုချုပ်အားဖြင့် အာဏာသိမ်းပြီးနောက် မြန်မာ့တရားစီရင်ရေးစနစ်သည် ပို၍တရားမျှတမှုမရှိသော တရားစီရင်ရေးစနစ်သို့ နောက်ပြန်ဆုတ်သွားခဲ့သည်။ မြန်မာနိုင်ငံ သက်သေခံဥပဒေ ပုဒ်မ-၆တွင် တရားလိုက တင်သွင်းလာသည့် သက်သေများသည် တစ်ဆင့်သိကြားမှုကို သက်သေထွက်ဆိုပါက ထိုအမှုသည် အကျုံးမဝင်ဟု မှတ်ယူရမည်ဟု ဖော်ပြထားပါသည်။ သို့သော်ငြားလည်း အာဏာသိမ်းမှုနောက်ပိုင်း တရားရုံးများသည် တစ်ဆင့်သိကြားမှုကို အခြေခံသော သက်သေများကို ထွက်ဆိုချက်ပေးရန် လက်ခံခဲ့ပြီး၊ တရားရုံးက ၎င်းတို့ထွက်ဆိုချက်များကို မှတ်တမ်းတင်ကာ တရားခံများကို နောက်ဆုံးတွင် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယင်းတို့သည် တရားခွင်အတွင်း ခုခံချေပသူ(တရားခံများ)ရင်ဆိုင်ရသည့် စိန်ခေါ်မှုများဖြစ်ကြသည်။ ရှေ့နေများက တရားလိုများအပေါ် စောဒကတက် ကန့်ကွက်ခြင်းကို ခွင့်မပြုပဲ၊ တရားသူကြီးများ၏ သတိပေးမှုကို အဆက်မပြတ်ခံခဲ့ရပြီး၊ ၎င်းတို့၏ အမှုသည်များအပေါ် လုံလောက်သော ခုခံကာကွယ်မှုမှ ပိတ်ဆို့ဟန့်တားခြင်း ခံရပါသည်။ ရှေ့နေ/တရားခံများ၏ ဆက်သွယ်ရေးကို တသမတ်တည်း စွက်ဖက်နှောက်ယှက်ခြင်းသည် မတရားမှုကို တိုးစေပြီး၊ တရားခွင်တွင် နိုင်ငံရေးအကျဉ်းသားများအတွက် နောက်ထပ် ထိခိုက်နစ်နာမှုများ ဖန်တီးပေးပါသည်။

●

# ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာများ။

### အကျင့်ပျက်ခြစားမှု

ရဲ၊ တရားသူကြီးများနှင့် အကျဉ်းထောင်အာဏာပိုင်များသည် များသောအားဖြင့် ငွေညှစ်ခြင်း ကျူးလွန်သူများ အဖြစ်တွေ့မြင်ရပြီး မင်းမဲ့တိုင်းပြည်ပမာ မတရားမှုတွင် ပါဝင်ကြသည်။ အကျင့်ပျက်ခြစားမှု ဖြစ်စဉ်များသည် အများအားဖြင့် ရဲစခန်းအချုပ် သို့မဟုတ် အကျဉ်းထောင်တွင် ဖြစ်ပွားပါသည်။ ကျူးလွန်သူများသည် လွန်စွာစိုးရိမ်ပူပန်မှုနှင့် ဖိစီးမှုအောက်တွင် မိသားစုများကို ခေါင်းပုံဖြတ်ကာ၊ ထိုအခြေအနေကို အခွင့်ကောင်း ယူခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ၏ တည်နေရာအချက်အလက် ရယူခြင်း၊ ရဲစခန်းအချုပ်တွင် ခဏတာ တွေ့ဆုံခွင့်ပေးခြင်း၊ ရေနှင့်အစားအစာတို့ အကျဉ်းထောင်အတွင်းသို့ ပေးပို့ခြင်း သို့မဟုတ် နိုင်ငံရေးအကျဉ်းသား များ လွတ်မြောက်ရေးနှင့် ဓါးစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခံထားရသော မိသားစုဝင်များ လွတ်မြောက်ရေး အတွက် လဲလှယ်ခြင်း ကဲ့သို့သော အကြောင်းပြချက်အမျိုးမျိုးဖြင့် ငွေညှစ်ခဲ့ကြသည်။

မြို့နယ်ရဲစခန်းမှူးများနှင့် တရားသူကြီးများသည် မိသားစုများ၏ အသနားခံစာများကို လက်ခံခြင်း၊ ၎င်းတို့လက်မှတ်ဖြင့် ဆက်လက်ဆောင်ရွက်ခြင်းနှင့် ခွင့်ပြုချက်ပေးခြင်းတို့အတွက် အရေးပါသောနေရာတွင် ရှိပါသည်။ သို့ရာတွင် ဆွေမျိုးများထံမှ များပြားလှသည့် ငွေကြေးပမာဏကို ငွေညှစ်ရန် ဤအာဏာအား အလွဲသုံးစားလုပ်ခဲ့ကြောင်း မိမိတို့ တွေ့ရှိခဲ့သည်။ ထို့အပြင် ဖမ်းဆီးမှုအတွင်း စစ်အာဏာရှင်စစ်တပ်နှင့် ရဲတို့က မိသားစုများ၏ ပိုင်ဆိုင်မှုများကို သိမ်းယူမည်ဟု ခြိမ်းခြောက်ခဲ့ပြီး၊ နောက်ပိုင်းတွင် ထိုဥစ္စာပစ္စည်းများကို သိမ်းယူခြင်းမပြုသည့်အတွက် ငွေညှစ်ခဲ့သည်။ ဤအစီရင်ခံစာအတွက် အေအေပီပီက ပြုလုပ်ခဲ့သည့် အင်တာဗျူးမေးမြန်းမှုများတွင် အနည်းဆုံး နိုင်ငံရေးအကျဉ်းသား (၆)ဦး နှင့် မိသားစုဝင်များသည် ၎င်းတို့ လွတ်မြောက်ရေး သို့မဟုတ် ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရခြင်း မရှိစေရန် များပြားသောငွေကြေးပမာဏ အတင်းအကြပ် အတောင်းခံခဲ့ရသည်။

နိုင်ကျဉ်း-၀၀၂ (FPP-002) သည် သူမ၏ ခင်ပွန်း၊ (၁၄)နှစ်အရွယ် သားနှင့်အတူ ဖမ်းဆီးခံခဲ့ရသည်။ “နောက်နေ့ မနက်မိုးလင်းတော့ ကျွန်မမိသားစုက သိသွားပြီး ခလေးကိုလာပြန်ထုတ်ပါတယ်။ သားသားကို ပြန်ထုတ်ဖို့အတွက် ပိုက်ဆံငါးသိန်းလောက်တော့ ကုန်သွားခဲ့ပါတယ်။” ထိုကာလ အတွင်း နိုင်ကျဉ်း-၀၀၂ (FPP-002)သည် ပုဒ်မ ၅၀၅(က)ဖြင့် အမှုရင်ဆိုင်နေခဲ့ရပြီး သူမ၏မိသားစုက လွတ်ငြိမ်းချမ်းသာတွင်ပါရေးမျှော်လင့်ချက်ဖြင့် ငွေတစ်ချို့သုံးစွဲခဲ့သောကြောင့် သူမ လွတ်မြောက် လာခဲ့သည်။ “ပိုက်ဆံ ဘယ်သူတွေကိုပေးခဲ့ရလဲဆိုရင် ကျွန်မသိသလောက်ကတော့ ရဲစခန်းမှူးကို ပေးရပါတယ်။ နောက်မြို့နယ်မှူးဆိုတာရှိတယ်။ သူတို့က လွတ်မြောက်ဖို့အတွက် လက်မှတ်ထိုးပေး

ရတယ်လို့ပြောပါတယ်။ သူတို့ကိုတော့ပေးခဲ့ရခြင်းဖြစ်ပါတယ်။ အားလုံး သိန်းလေးဆယ်လောက် ပေးခဲ့ရပြီး အဓိကပေးခဲ့ရသူတွေက --------- နှင့် တရားသူကြီးတို့ပဲဖြစ်ပါတယ်။"

FPP-002 (Female)

လူ့အခွင့်အရေးချိုးဖောက်ခံရမှု-၀၁၂ (HRV-012)၏ အစ်ကိုသည် ဓါးစာခံအဖြစ် အဖမ်းခံခဲ့ရပြီး၊ သူ့ကို ရှာမတွေ့သည့်အတွက် သူ၏အစ်ကို ရဲအချုပ်တွင် နေခဲ့ရသည်။ သူ၏ အစ်ကိုအား ၅ရက်ကြာ စစ်ကြောရေးပြီးနောက် ၎င်းတို့ အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိခဲ့ပါ၊ သို့သော် ၎င်းတို့က သူ့ကို ပုဒ်မ-၅၀၅(က)ဖြင့် အမှုဖွင့်နိုင်ကြောင်း မိသားစုကို ခြိမ်းခြောက်ခဲ့သည်။ "ရဲစခန်းရဲ့ စာရေးကြီးနဲ့ တခြားဘက်က အကူအညီပေးသူတွေက တော်တော်လေး ကြိုးစားပေးလိုက်တော့ ပြန်လွတ်လာတယ်။ ငွေကြေးကတော့ ၁၀ သိန်းဝန်းကျင်လောက်ပေးလိုက်ရတယ်။ ကြားရ သလောက်ကတော့ စခန်းမှူးကို ၃ သိန်း၊ စာအိတ်နဲ့ခွဲပြီး ယူသွားတာတော့ကြားမိလိုက်တယ်။ အခြားပါဝင်ပတ်သက်တဲ့သူတွေ ကတော့ တစ်ယောက်ကို ၁ သိန်း ၂ သိန်းဆိုပြီးတော့ ပေးတယ်လို့သိလိုက်တယ်။ ငွေပေးလိုက်တော့ အမှုပိတ်ပေးလိုက်တာပေါ့။ မြိတ်မြို့မရဲစခန်းရဲ့ အရှေ့ကနေလွတ်ပေးတာမဟုတ်ဘဲ အနောက်ကနေ ခေါ်ထုတ်ပြီးလွတ်ပေးတာပေါ့။"

HRV-012 (Male)

နိုင်ကျဉ်း-၀၁၆ (FPP-016) သည် သူမ၏မြို့တွင် သောက်ရေသန့်စက်ရုံထောင်ထားသည့် လုပ်ငန်းရှင် အမျိုးသမီးတစ်ဦးဖြစ်သည်။ သို့သော် သူမ၏ ဖခင်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး၊ သူမ၏ ခင်ပွန်းမှာလည်း မြို့နယ်နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ အာဏာရှင် စစ်တပ်နှင့် ရ ပူးပေါင်းအဖွဲ့သည် ၎င်းတို့မြို့ဗိုလ်ပေါက်ကွဲမှုတွင် သံသယဖြင့် သူမ၏ခင်ပွန်းအား ဖမ်းဆီးရန် လာခဲ့ကြပြီး၊ သူမ၏ခင်ပွန်းမှာ အိမ်၌မရှိခဲ့ပါ။ ထို့ကြောင့် အိမ်တွင်ရှိနေသော စက်ရုံလုပ်သားတစ်ဦး၊ အိမ်အကူတစ်ဦးနှင့် နိုင်ကျဉ်း-၀၁၆ (FPP-016)တို့ကို ဓါးစာခံအဖြစ် ဖမ်းဆီးခဲ့ပြီး၊ နောက်ပိုင်းတွင် ရဲစခန်းက စက်ရုံပိတ်သိမ်းခံရမည်ဟု ခြိမ်းခြောက်ခဲ့ကာ သူမ၏ စက်ရုံမန်နေဂျာမှတဆင့် ကျပ်ငွေ သိန်း(၅၀) ငွေညှစ်ခဲ့သည်။ သူမ၏ စီးပွားရေးလုပ်ငန်းနှင့် အလုပ်သမားများကို ကာကွယ်ရန် ထိုငွေကို သူမ ပေးခဲ့ရသည်။

FPP-016 (Female)

> သူ အကျဉ်းထောင်အတွင်း (၆)လခန့်နေခဲ့ရသည်။ ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် ထောင်ဝင်စာတွေ့ခွင့်မရခဲ့ပဲ သူ၏မိသားစုသည် သူ့ထံ စာရေးသားဆက်သွယ်ခွင့်လဲ မရခဲ့ပါ။ ထို့ကြောင့် မိသားစုနှင့် ဆက်သွယ်ရန်နှင့် စာရေးသားပေးပို့နိုင်ရန် အကျဉ်းထောင်အစောင့်ကို သူအသုံးပြုခဲ့ရသည်။ ၎င်းတို့၏ ဝန်ဆောင်မှုအတွက် တစ်ကြိမ်စီတွင် ကျပ်ငွေ (၂)သောင်း သို့မဟုတ် (၃)သောင်း သူ၏ မိသားစုက ပေးခဲ့ရသည်။ သူ၏ အမှုကိုင်ရဲအရာရှိကလည်း သူ၏ဇနီးကို ဆက်သွယ်ပြီး သူမ၏ခင်ပွန်းလွတ်မြောက်ရေး သူကူညီနိုင်ကြောင်းပြောကာ သူမထံမှ (၅)သိန်းကျပ် ငွေညှစ်ခဲ့သည်။ စုစုပေါင်းအားဖြင့် သူ၏ဇနီးသည် ထို (၆)လတာ ကာလအတွင်း ကျပ်ငွေ သိန်း (၃၀) သုံးခဲ့ရပါသည်။
>
> FPP-007 (Male)

အကျင့်ပျက်ခြစားမှု၏ ဤရှင်းလင်းပြတ်သားသော ဥပမာများအပြင်၊ အင်တာဗျူးဖြေကြားသူ အများစုသည် ရဲနှင့်အကျဉ်းထောင်အရာရှိများ အပြန်အလှန်ဆက်ဆံမှုအများစုတွင် ပုံမှန်အမြစ်တွယ်နေသည့် အဂတိလိုက်စားမှု အသေးစားများကို ဖော်ပြပါသည်။ ဤအချင်းအရာသည် တကယ်တမ်း၌ မြန်မာ့ရာဇဝတ်ဆိုင်ရာ တရားရေးစနစ်တွင် မထူးခြားသောအရာဖြစ်သည်။ သို့သော်လည်း မအောင်မြင်သော အာဏာသိမ်းမှုအပြီး များပြားလာသည့် နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့မိသားစုများ၏ အားနည်းထိခိုက်လွယ်မှုနှင့် တွဲဖက်နေသည့် ရင့်မာ၊ အမြစ်တွယ်နေသော အဂတိလိုက်စားမှုသည် ၎င်းတို့ ကြုံတွေ့နေရသော ထိခိုက်ခံစားရမှုနှင့် ဒုက္ခများအပေါ် ထပ်လောင်း သက်ရောက်မှုများ ရှိနေသည်။

# အကျဉ်းထောင်

ဖမ်းဆီးထိန်းသိမ်းခြင်း၊ စစ်ကြောရေး၊ ချုပ်မိန့်ပေးခြင်းနှင့် အမှုရင်ဆိုင်ခြင်းများတွင် နိုင်ငံရေးအကျဉ်းသားများ၏ အတွေ့အကြုံများသည် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများအထိ ကျယ်ပြန့်ပါသည်။ သို့သော်လည်း အကျဉ်းထောင်အတွင်း ပင်ပန်းဆင်းရဲစွာ ဒုက္ခခံခဲ့ရသည့် ရှည်လျားခက်ခဲသော အချိန်ကာလများနှင့် နှိုင်းယှဉ်လျှင် မင်းမဲ့တိုင်းပြည်ပမာ မတရားမှုသည် အကျဉ်းကျခံခဲ့ရသည့် စုစုပေါင်းကြာမြင့်ချိန် တစ်စိတ်တစ်ပိုင်းသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ အကျဉ်းထောင်များသည် ထောင်တွင်းဆန္ဒပြမှု ပုံစံအမျိုးမျိုးဖြင့် အကျဉ်းထောင်အာဏာပိုင်များအား အံတုမှုကို ပြခဲ့သည့် နိုင်ငံရေးအကျဉ်းသားများကို ဖိနှိပ်ခြင်းအတွက် လူသိများသည်မှာ ကြာမြင့်ပြီ ဖြစ်ပါသည်။ သို့သော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း - အထူးသဖြင့် ၂၀၁၀ မှ ၂၀၂၀ နိုင်ငံရေး အကူးအပြောင်းအတွင်း - အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ အကျဉ်းထောင်များသို့ ဝင်ရောက်လည်ပတ်ခွင့်ရခဲ့ပြီး အခြေအနေများတိုးတက်ကောင်းမွန်အောင် ကူညီဆောင်ရွက်ခွင့်ရခဲ့သဖြင့် (ဥပမာ။ ရေလောင်းအိမ်သာများ ဆောက်လုပ် ခြင်း)၊ အာဟာရ၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှုတို့၌ အကျဉ်းထောင်အခြေအနေများ အနည်းငယ်တိုးတက်လာခဲ့သည်။ ယခင်စစ်အုပ်ချုပ်ရေးကာလအောက်တွင် စစ်ဗိုလ်ချုပ်များသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးထိန်းသိမ်းလိုခဲ့သည်သာမက ၎င်းတို့၏အနာဂတ်ကိုပါ ဖျက်ဆီးပစ်ရန် ရည်ရွယ်ချက်ကြောင့် တားမြစ်ခံခဲ့ရသည့် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်း အစီအစဉ်များကိုလည်း စတင်ခဲ့သည်။ မအောင်မြင်သော အာဏာသိမ်းမှု နောက်ပိုင်းတွင် အကျဉ်းထောင်များသည် ပုံစံဟောင်းသို့ ပြန်ပြောင်းရောက်ရှိသွားခဲ့ကြသည်။

### ၁။ အစားအသောက်

အကျဉ်းသားအများစု (နိုင်ငံရေးအကျဉ်းသားနှင့် သာမာန်အကျဉ်းသားနှစ်မျိုးစလုံး) တစ်နေ့လျှင် အစားအစာ (၃) ကြိမ် ရရှိခဲ့ကြသည်။ ထမင်းသည် အကျဉ်းသားအားလုံး ၎င်းတို့၏ ရှင်သန်မှုအတွက် မှီခိုနေရသည့် အဓိက အစားအစာဖြစ်သည်။ သို့သော်လည်း မြက်နှင့် ကျောက်စရစ်ခဲများ ပါဝင်ပြီး အရည်အသွေး အလွန်တရာ ညံ့ဖျင်းပါသည်။

အကျဉ်းသားများသည် မိသားစုများ ပေးပို့သော အစားအစာ (ထောင်ဝင်စာ) သို့မဟုတ် ပြင်ပဈေးထက် နှစ်ဆပေးပြီး အကျဉ်းထောင်ဝန်ထမ်းများထံမှ မှာယူရသည့် အစားအစာအပေါ်တွင် မှီခိုခဲ့ရသည်။

အစားအသောက်နှင့် အခြားပစ္စည်းများ ဝယ်ယူရန်အတွက် အကျဉ်းထောင်အတွက် အကျိုးအမြတ်ရှိသော စီးပွားရေးဖြစ်သည့် "ဈေးဘား" ဟုခေါ်သည့် စနစ်တစ်ခု ကို အကျဉ်းထောင်များက အသုံးပြုခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများသည် ၎င်းတို့၏ ချစ်မြတ်နိုးရသူ၏ အမည်ကို ထောင်ဝင်အမှတ်များ၊ အဆောင်၊အခန်းနှင့်တကွ မှတ်ပုံတင်ခြင်းဖြင့် ငွေသားကို ဈေးဘားတွင် အပ်နှံကြရသည်။ ထို့နောက် အကျဉ်းထောင်ဈေးဘားတွင် ၎င်းတို့၏ ငွေသားအပ်နှံထားသော အကျဉ်းသားများသည် ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ ကော်ဖီ၊ မုန့် အစရှိသည့် ပစ္စည်းများ မှာယူရန်အတွက် ဈေးဘားကို အသုံးပြုနိုင်ပါသည်။ ထို့နောက် ဈေးဘား အရာရှိသည် အကျဉ်းသားများ ဈေးမှာထားသည်ကို ဝယ်ရန် တစ်ပတ်လျှင်တစ်ကြိမ် ဈေးဝယ်ထွက်ပြီး ဈေးနှစ်ဆဖြင့် ပြန်ရောင်းသည်။

ဤတရားဝင်စနစ်မှ ခွဲထွက်ပြီး အခြားအကျဉ်းထောင်ဝန်ထမ်းများကလည်း ၎င်းတို့ကိုယ်တိုင်ပစ္စည်းများကို ရောင်းချကြသော်လည်း အကျဉ်းထောင်စည်းမျဉ်းများအရ အဆိုပါရောင်းဝယ်မှုများကို လုပ်ထုံးလုပ်နည်းများဖြင့် တားမြစ်ထားသည်။ ဤလမ်းကြောင်းမှတဆင့် အကျဉ်းသားများသည် ဈေးဘားတွင် မရရှိနိုင်သည့် အစားအစာနှင့်ပစ္စည်းများကို မူလငွေပမာဏထက် လေးဆပေးရသော်လည်း မှာယူကြပါသည်။ အင်တာဗျူးတစ်ခုမှ ကောက်နုတ်ချက်တွင် ထိုစနစ်များကို အောက်ပါအတိုင်း ဖော်ပြသည်။

> ဘယ်လိုလဲဆိုတော့ အိမ်က နှစ်သောင်း မှာလိုက်တယ်။ နှစ်သောင်းမှာ သူတို့ရောင်းတဲ့ဟာနဲ့ ဝယ်ပြီးတော့ သုံးပေါ့၊ အိမ်က ဈေးဘားကိုသွင်းပြီးရင် တစ်ပတ်တစ်ခါ ဈေးဘားက မှာရတာဆိုတော့လေ၊ နောက်တစ်ပတ် လိုချင်တဲ့စာရင်းကို ဒီတစ်ပတ် တနင်္ဂနွေကတည်းက ပေးလိုက်ပြီးတော့ မှာလိုက်တယ်၊ သူက နှစ်သောင်းခွဲထပ်တော့ ပိုမှာလို့မရဘူး။ ဝန်ထမ်းဆီမှာ ငွေအပ်မယ်ဆိုရင် တခြားများများ အပ်တဲ့သူတွေပြောတာတော့ ဝန်ထမ်းတွေက 20% ဖြတ်တယ်လို့ ပြောတယ်။ ညီမကျတော့ အိမ်ကပေးတာဆိုတော့ အိမ်ကတော့ အဖြတ်ခံရတယ်။
>
> အင်းစိန်ထောင် ထဲမှာရှိတဲ့ဝန်ထမ်းကို ဘာပဲမှာမှာ အိမ်ကနေငွေတစ်သိန်းမှာလိုက်ရင် သူတို့ ကျွန်တော်တို့ လက်ထဲပေးတဲ့ ဟာက ၇ သောင်း ၈ သောင်းပဲရောက်တယ်။ အစားသောက်မှာရင်လည်း သူတို့ကိုအနည်း ဆုံး ၂ သောင်းပေးရတယ်။
>
> FPP-018 (Female)

မှတ်တမ်း၌ဌာန (အေအေပီပီ)

တရားမဝင်လမ်းကြောင်းဖြစ်သည့် အရာရှိများအား တိုက်ရိုက်ငွေပေးခြင်းသည် အကျဉ်းထောင်စည်းမျဉ်းများကို ချိုးဖောက်ခြင်းနှင့် ဈေးပိုပေးရခြင်းကြောင့် ဈေးဘားထက် အန္တရာယ်ရှိသော်လည်း၊ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးအကျဉ်းသားများကြားတွင် အနှစ်သက်ဆုံးနည်းလမ်းဖြစ်သည်။ ပထမအချက်အနေဖြင့် အကျဉ်းသားများအား ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ အခြားအကျဉ်းထောင်များသို့ ရုတ်တရက်ရွှေ့ပြောင်း (ထောင်ပြောင်း) ခံခဲ့ရသည့်အခါ၊ ဈေးဘားတွင် အပ်နှံထားသော ၎င်းတို့၏ငွေများ တစ်ပါတည်း ဆုံးရှုံးခဲ့သည်။ ဒုတိယအချက်မှာ အကျဉ်းသားများသည် ၎င်းတို့လက်ထဲတွင် ငွေသားကိုင်ဆောင်၍စီမံခန့်ခွဲနိုင်ကာ ဈေးဘားမှ တစ်ဆင့် မရရှိနိုင်သောပစ္စည်းများကို ဝယ်ယူနိုင်ခဲ့သည်။ အကျဉ်းထောင်အစောင့်များသည် ယင်းပစ္စည်းများကို ၎င်းတို့၏အကျိုးအမြတ်အတွက် အကျဉ်းသားများထံ တိုက်ရိုက် ခိုးသွင်းရောင်းချခဲ့ကြသည်။ သို့သော်လည်း အကျဉ်းထောင်အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများ လက်ဝယ်တွင် ငွေသားများ တွေ့ရှိပါက ထိုငွေများကို သိမ်းဆည်းခဲ့ရုံသာမက အကျဉ်းထောင်စည်းကမ်း ဖောက်ဖျက်မှုအတွက်လည်း ပြင်းပြင်းထန်ထန် အပြစ်ပေးနိုင်ပါသည်။ အတိတ်ကာလ ၁၉၈၈ အရေးတော်ပုံနောက်ပိုင်း နိုင်ငံရေးအကျဉ်းသား များ၏ အတွေ့အကြုံအရ အကျဉ်းထောင်ဝန်ထမ်းများသည် ယခုကဲ့သို့ ငွေကြေး၊ အစားအစာနှင့် အခြားသော ပစ္စည်းများကို အကျဉ်းထောင်တွင်းသို့ တရားမဝင်ခိုးသွင်းသည်ကို ၎င်းတို့၏ အထက်လူကြီးများက ဖော်ထုတ် တွေ့ရှိခဲ့သော်လည်း၊ အရေးယူခြင်း တစ်စုံတစ်ရာ မရှိခဲ့ပါ။ ၎င်းတို့၏အထက်လူကြီးများသည် လာဘ်ပေး လာဘ်ယူအဖြစ် အမြတ်ဝေစုကိုလည်း ရရှိခဲ့ပြီး ထောင်တွင်းရှိဝန်ထမ်းများ၏ တရားမဝင်လုပ်ရပ်များကို မျက်ကွယ်ပြုထားခဲ့ကြသည်။ အကယ်၍ အရေးယူခဲ့လျှင်လည်း ထိုအကျဉ်းထောင်အစောင့်ကို အခြားသော တာဝန်ကျနေရာသို့ ပြောင်းရုံသာ ဖြစ်ခဲ့ပါသည်။

### ၂။ ကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှု

မြန်မာနိုင်ငံအကျဉ်းထောင်များရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် တာရှည်နေသည့် အခြေအနေဆိုးတွင် နာမည်ဆိုးဖြင့် ကျော်ကြားနေပါသည်။ အေအေပီပီမှ အင်တာဗျူးခဲ့သည့် နိုင်ငံရေးအကျဉ်းသားများက ၎င်းတို့ ဖျားနာပြီး အကျဉ်းထောင်ဆေးခန်းသို့ ပြသခဲ့သည့်အခါတွင် မည်သည့်ရောဂါဖြစ်စေ ဘာမီတွန်၊ စီဗစ်နှင့် ပါရာစီတမောသာ ရရှိခဲ့သည်ဟု ပြောကြားခဲ့သည်။ ယင်းက အကျဉ်းသားများ၏ ကျန်းမာရေးကို ယေဘူယျအနေဖြင့် လျစ်လျူရှုနေခြင်း သို့မဟုတ် ဂရုစိုက်မှုကင်းမဲ့နေခြင်းကို ပေါ်လွင်စေပါသည်။ ကျန်းမာရေးအခြေအနေများအားလုံး၊ အရေးပေါ်၊ အပျော့စားနှင့် ထိုနှစ်ခုကြား အခြေအနေများတွင် အထွေထွေအကိုက်အခဲပျောက်ဆေးများ သို့မဟုတ် အဖျားကျဆေးများကိုပေးသည့် အမည်ခံတုံ့ပြန်မှုသာ ဖြစ်ပါသည်။ ကိုဗစ်-၁၉ လှိုင်းများ ဖြစ်ပွားနေချိန် ပြည့်ကြပ်နေသည့် အကျဉ်းထောင်တိုက်ခန်းများတွင်

နေထိုင်ရသည့် အကျဉ်းသားများသည် ကူးစက်မှုမြင့်မားသည့် ပတ်ဝန်းကျင်တွင် မိမိကိုယ်ကို ကာကွယ်ခဲ့ရသည်။ အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသား တစ်ဦးက သူ၏အတွေ့အကြုံကို အောက်ပါအတိုင်း မျှဝေခဲ့သည်။

> အနံ့ပျောက်တာကလည်း တစ်ခန်းလုံးနီးပါးအနံ့ပျောက်တယ်။ (အကျဉ်းသားဦးရေက ဆန့်တာထက် ၂ဆဖြစ်နေသည့်အဆောင်) အဆောင်မှူးက "မင်းတို့ဒါက ရိုးရိုးသားသားအနံ့ပျောက်တာ၊ ကြက်သွန်နီစား၊ တစ်လုံးစားလို့ အနံ့မရသေးဘူးဆိုရင် နှစ်လုံးသုံးလုံးစား" ဒီလိုမျိုးပဲ ကုသပေးခဲ့တယ်။ ကူးစက်မှု အခြေအနေကတော့ အဆောင်လေးဆောင်ရှိရင် အဲ့အဆောင်လေးဆောင်လုံးက အကုန်လုံးအနံ့ပျောက် ကြတယ်။ သီးခြားမထားဘူး ရောပဲထား တယ်။
>
> FPP-007 (Male)

ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများက ဆေးကုသမှု အချိန်မီ မရရှိသည့်အတွက် ၎င်းတို့၏ အခန်းဖော်များ အကျဉ်းထောင်အတွင်း သေဆုံးရသည်ကို တွေ့ကြုံခဲ့ရကြောင်း အေအေပီပီသို့ ပြောပြခဲ့ပါသည်။ အမျိုးသမီး နိုင်ငံရေးအကျဉ်းသူတစ်ဦးက အကျဉ်းထောင်တွင်း ကျန်းမာရေးစနစ်ကြောင့် သူမ၏အဆောင်ရှိ အခြားသော အမျိုးသမီးအကျဉ်းသူတစ်ဦး သေဆုံးခဲ့ရကြောင်း၊ အဆင့်တိုင်းတွင် အကျဉ်းထောင်အာဏာပိုင်များထံမှ ခွင့်ပြုချက်ရယူခဲ့ရပြီး၊ သူမ၏ အခြေအနေကို သတင်းပို့ရန် နောက်ကျသည့်အတွက် အရေးပေါ် ဆေးဝါးကုသမှုမရရှိခဲ့သည့်အတွက် သေဆုံးခဲ့ရကြောင်း ဖြေကြားခဲ့သည်။ အင်းစိန်အကျဉ်းထောင် ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေနှင့် ပတ်သက်ပြီး သူမက ယခုလို ပြောဆိုခဲ့သည်။

> ကျမတို့ ဖျားသည့်အခါတိုင်း အကျဉ်းထောင်ဆေးရုံသို့ ချက်ချင်းပို့ရမည့်အစား သွေးပေါင်ချိန်တာ၊ ကိုယ်ပူချိန် ချိန်တာတွေပဲ သူတို့ လုပ်ကြတယ်။ အဆောင်ထဲမှာ တစ်ယောက် နေမကောင်းလို့ သေသွားခဲ့တယ်။ တကယ်တော့ ဘယ်သူမှ တကယ့်ကျန်းမာရေး ဗဟုသုတ ရှိကြတာ မဟုတ်ဘူး။ အကျဉ်းသားအချင်းချင်း သင်ပေးထားတဲ့ ဆေးမှူးလို့ခေါ်တဲ့ အကျဉ်းသားတွေပဲ ရှိခဲ့တာ။ ထောင်ဆေးရုံမှာလည်း ဆရာဝန်တွေအစား သူနာပြုတွေပဲ ရှိခဲ့ကြပြီး အရေးပေါ်ဆေးကုသမှုအတွက် ဘာမှ မရှိပါဘူး။
>
> FPP-030 (Female)

မှတ်တမ်းဌာန (အေအေပီပီ)

ယေဘုယျအားဖြင့် အကျဉ်းထောင်အတွင်းရှိ တစ်ကိုယ်ရေသန့်ရှင်းမှုအခြေအနေသည် မတူညီသော အကျဉ်းထောင်များ အကြား သို့မဟုတ် အကျဉ်းထောင်အတွင်း၌ပင် ကွဲပြားပါသည်။ သို့သော်လည်း ၂၀၂၁ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားဦးရေ သိသိသာသာ တိုးလာခြင်းသည် အကျဉ်းထောင်လူဦးရေထူထပ်ခြင်းကို ပိုမိုဆိုးရွားစေရုံသာမက၊ တစ်ကိုယ်ရေသန့်ရှင်းမှု အတွက် ဆင့်ကဲသက်ရောက်မှုများ ရှိခဲ့သည်။ ၎င်းတို့တွင် လုံလောက်သောရေမရရှိခြင်း၊ သန့်ရှင်းသောသောက်ရေမရရှိ ခြင်း၊ အရေပြားရောဂါနှင့် ဝမ်းရောဂါတို့ကဲ့သို့ ကူးစက်ရောဂါနှုန်းမြင့်တက်ခြင်း၊ အစားအစာပမာဏနှင့် အရည်အသွေး လျော့ကျခြင်းနှင့် ချို့တဲ့ပျက်စီးနေသည့် ကျန်းမာရေးစောင့်ရှောက်ခြင်း ဝန်ဆောင်မှုတို့ ပါဝင်သည်။ ဤပေါင်းစပ်ထားသော ပြဿနာများသည် အကျဉ်းသားများ၏ ကျန်းမာရေးနှင့် ချမ်းသာသုခအပေါ် စိတ်တပ်၏ လျစ်လျူရှုမှုကို အလေးပေးနေပါ သည်။ ဤအခြင်းအရာက မြန်မာနိုင်ငံရှိ အကျဉ်းထောင်များသည် ကိုဗစ်ရောဂါပိုး ဗဟိုချက်အဖြစ် လျင်မြန်စွာ ဖြစ်လာခဲ့ပြီး၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အသေအချာ ပိုမိုဆိုးရွားလာခဲ့ပါသည်။ ယခုအချိန်အထိ ကိုဗစ် -၁၉ရောဂါ ကူးစက်ခံ ထားရသည့် အကျဉ်းသားအရေအတွက်နှင့် အကျဉ်းထောင်အတွင်း သင့်လျော်သည့် ဆေးဝါးကုသမှုမရရှိခဲ့သည်နှင့် ပတ်သက်၍ ယုံကြည်ရလောက်သော အချက်အလက်များ မရှိသေးပါ။

အေအေပီပီမှ အင်တာဗျူးခဲ့သည့် အမျိုးသမီးနိုင်ငံရေးအကျဉ်းသူတစ်ဦးက နေ့စဉ်ကြုံတွေ့နေရသည့် ဖန်တရာတေနေသော တစ်ကိုယ်ရေသန့်ရှင်းမှုပြဿနာများ ဖြစ်ပေါ်စေသည့် အင်းစိန်အကျဉ်းထောင်တွင်း အမျိုးသမီးဆောင်များ၏ အခြေခံ အဆောက်အအုံ အခြေအနေကို အသေးစိတ် မျှဝေခဲ့ပါသည်။

ကျွန်မလွတ်လာတဲ့အထိ အချုပ် (၂) (အင်းစိန်ထောင်) မှာပဲနေခဲ့ရပြီး လူတွေကတော့ အများကြီး ကြပ်ညပ်နေအောင် ထားတယ်။ အခန်းက နှစ်ခန်းပဲရှိပြီး လူက တစ်ခန်းကို ၂၀၀ ကျော်လောက် ရှိတယ်။ အချုပ် (၂) မှာ ဇူလိုင်လကနေ အောက်တိုဘာလအထိ အနည်းဆုံး သုံးလလောက် နေခဲ့ရတယ်။ အခန်းက ဘယ်လောက်ကျယ်လဲ တိတိကျကျမသိဘူး၊ ထပ်ခိုးလေးတွေလည်းရှိပြီး အဲ့မှာလည်း ခွဲနေကြရတယ်။ အခန်းတွေက ကျဉ်းတော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး အဓိကက တော့ ရေမလောက်ဘူး။ လူ ၅၀၀ လောက်ကို ရေကန်က ကျဉ်းကျဉ်းလေးဘဲရှိတော့ ရေမလောက် ဘူး။ မိုးလင်းရင် အတင်းတိုးပြီး ရေချိုးရတယ်၊ အဝတ်လျှော်ရတယ်။ ကိုယ်က နည်းနည်း နောက်ကျတာနဲ့ ရေက ကုန်သွားပြီ။

အခန်းမှာ လူဘယ်နှယောက်ထားလဲဆိုရင် ကျွန်မတို့အခန်းမှာ လူ ၂၀၀ ကျော်ရှိတာ အိမ်သာက နှစ်ခန်းပဲရှိပြီး တစ်ခန်းကပျက်နေပြီး တစ်ခန်းပဲ ကောင်းတယ်။ နောက်တစ်ခန်းကလည်း အိမ်သာ နှစ်ခန်းပဲ ရှိတယ်။ အပြင်မှာတော့ အပြင်အိမ်သာရှိတယ်။ အပြင်အိမ်သာကတော့ ၁၀ ခန်းလောက် ရှိတယ်။ ဒါပေမယ့် အပြင်အိမ်သာကို တန်းဖြုတ်တဲ့အချိန်ဆို ပေးမထွက်ဘူး။ တစ်ခန်းထဲရှိတယ်

ဆိုတော့ မနက်မိုးလင်းရင် အိမ်သာမှာ တန်းစီနေရပြီ၊ စောစောမထရင် ကိုယ့်အလှည့်မရောက်ဘူး စောင့်နေရတယ်။ အိမ်သာကလည်း နံတယ်၊ ပြင်ခိုင်းလည်း မပြင်ပေးဘူး၊ ဒီအတိုင်းပဲ နေခဲ့ရတယ်။

သူတို့က ကော်ခွက်ပဲပေးသုံးတော့ အိမ်ကနေ ကော်ခွက်လေးတွေ ကော်ပန်းကန်လေးတွေ မှာရတယ်။ မရှိတဲ့သူတွေက သူများဆီကနေ ချေးငှားတောင်းပြီး သုံးရတယ်။ ထောင်ကပေးတဲ့ ဆပ်ပြာက ရွှေဝါဆပ်ပြာ တစ်ပတ်ကို တစ်တုံးပေးတယ်။ ရွှေဝါဆပ်ပြာ တပိုင်းကို သုံးတုံးတုံးပြီး တစ်ပတ်ကို တစ်တုံးပေးပြီး ကျန်တာ ကိုယ်ဘာသာကိုယ် ဝယ်သုံးရတယ်။ အမျိုးသမီးလစဉ်သုံးလည်း ကိုယ်ဘာသာကိုယ်ပဲ ဝယ်သုံးရပြီး အိမ်ကို မှာရတယ်။ အပြင်က အလှူရှင်တွေက လှူပေးပါဆိုပြီး လာဝေရင်တော့ ကျွန်မတို့ ရပါတယ်။

FPP-002 (Female)

အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် အမျိုးသား နိုင်ငံရေးအကျဉ်းသားတစ်ဦးမှလည်း အကျဉ်းထောင် အတွင်းရှိ တစ်ကိုယ်ရည်သန့်ရှင်းမှုအခြေအနေနှင့်ပတ်သတ်၍ သူ၏ကိုယ်တွေ့အတွေ့အကြုံကို အောက်ပါအတိုင်း မျှဝေခဲ့ပါသည်။

ကျွန်တော်တို့အခန်းရဲ့အကျယ်က ပေ ၄၀ ပေ ၈၀ ရှိတယ်။ ပုံမှန်တိုင်းဆိုရင် တခန်းကို ၄၀၀ လောက်ပဲဆန့်တာကို အယောက် ၈၀၀ နီးပါး ထည့်ထားတယ်။ ကျွန်တော် တို့အဆောင်ထဲရောက်ရင် ညဘက်အိပ်တဲ့အခါကျရင် အခြားအမှုနဲ့ကျတဲ့ တန်းစီးတွေရှိတယ်။ အဲ့တန်းစီတွေက ပိုက်ဆံပေးတဲ့ သူတွေကို နံရံရဲ့တစ်ဖက်တစ်ချက်စီမှာ နေရာပေးတယ်။ မိသားစုနဲ့ အဆက်အသွယ်မရတဲ့ ကလေးတွေတော်တော်များများကိုတော့ အလယ်မှာသိပ်တယ်။ အလယ်မှာကျတော့ တစောင်းတွေပဲအိပ်ရတာ ကျောချလို့ မရဘူး။

၄၀၀ ဆန့်တဲ့အခန်းမှာ လူ ၈၀၀ နီးပါးထည့်ထားတော့ အပေါ်ကမျက်နှာကျက်တွေက သွပ်ပြားနဲ့လေနေ့လည်ခင်းဆိုရင် ပူလောင်တယ် နေလို့မရဘူး။ လေဝင်လေထွက်ကလည်း သိပ်မကောင်းဘူး။ အထဲမှာ အသက်ရှူရတာ အဆင်မပြေဘူး။ နောက်ပြီးရင် ဒီမစင်ကနေစွံ့ပစ်တဲ့အနံ့တွေကို ရှူရှိုက်ခဲ့ရတဲ့အတွက် ကျန်းမာရေးထိခိုက်မှုတွေရှိခဲ့တယ်။ အကျဉ်းထောင်ရဲ့အောက်မှာ ကျောက်ပြားတွေခင်းထားတဲ့အတွက် တချို့အများစုက လေဖြတ်တာတို့ ကိုယ်တွေလက်တွေကိုက်ခဲတာတို့ အအေးမိတာတို့ အဆုတ်ပွတာတို့ အဲ့လိုမျိုးတွေ ခဏခဏဖြစ်ကြတယ်။ ရေချိုးကန်ဆိုလည်း အုတ်ရေကန်ကို တစ်ကန်ထဲထားပေးတယ်။ အဲ့ကန်ကလည်း အဆောင်လေးဆောင်မှာ အားလုံးပေါင်း လူအယောက် ၂၀၀၀ ကျော် ၃၀၀၀ ကျော် ရှိတဲ့သူတွေအားလုံးက အဲ့ရေကန်တစ်ကန်ထဲကို ချိုးရတယ်။ အကျဉ်းသားတစ်ယောက်ပေါ်မှာထားရမယ့် တကိုယ်ရည်သန့်ရှင်းပိုင်းဆိုင်ရာ ရေတွေကအစ အုတ်ရေကန်တွေ သောက်ရေကန်တွေ ကျန်းမာရေးမကောင်း ရင် သောက်ဖို့ရေနွေးအိုးတို့ကအစ သေချာ မစီစဉ်ပေးထားဘူး။

FPP-007 (Male)

မှတ်တမ်းဌာန (အေအေပီပီ)

## ၃။ အကျဉ်းထောင်တွင်း ဆန္ဒပြမှု

မအောင်မြင်သောအာဏာသိမ်းမှုပြီးနောက် စစ်တပ်မှ အကျဉ်းထောင်များကို နိုင်ငံရေးအတိုက်အခံများအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်သည့်နေရာများအဖြစ် ပြောင်းလဲခဲ့သောကြောင့် အကျဉ်းထောင်အခြေအနေများ လျင်မြန်စွာ ဆိုးရွားယိုယွင်းလာခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများသည် ယင်းဖိနှိပ်မှုများကို အံတုပြီး နိုင်ငံတဝှမ်းရှိ အကျဉ်းထောင်များတွင် ဆန္ဒပြပွဲ အများအပြား ပြုလုပ်ခဲ့ကြသည်။

အေအေပီပီမှ စုဆောင်းခဲ့သည့် မီဒီယာအစီရင်ခံချက်များအပါအဝင် ပွင့်လင်းအရင်းအမြစ်များမှ ရရှိသော အချက်အလက်များအရ ဖေဖော်ဝါရီ ၂၀၂၂ မှ မတ် ၂၀၂၃ အတွင်း နိုင်ငံတဝှမ်းရှိ အကျဉ်းထောင် (၁၂)ခုတွင် ထောင်တွင်းဆန္ဒပြပွဲပေါင်း အနည်းဆုံး (၃၇)ကြိမ် ဖြစ်ပွားခဲ့ပြီးဖြစ်သည်။ ထိုကာလအတွင်း အင်းစိန်အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများက ထောင်တွင်းဆန္ဒပြမှု (၁၁)ကြိမ်၊ ပုသိမ်အကျဉ်းထောင်တွင် (၆)ကြိမ်၊ အိုးဘိုအကျဉ်းထောင်နှင့် ဖားအံအကျဉ်းထောင်တို့တွင် (၄)ကြိမ်စီ၊ ထားဝယ်အကျဉ်းထောင်နှင့် မုံရွာအကျဉ်းထောင်တို့တွင် (၃)ကြိမ်စီ၊ ကလေးအကျဉ်းထောင်၊ ပြည်အကျဉ်းထောင်၊ ပခုက္ကူအကျဉ်းထောင်၊ ဖျာပုံအကျဉ်းထောင်၊ ကျိုက်မရောအကျဉ်းထောင်နှင့် ရမည်းသင်းအကျဉ်းထောင်တို့တွင် (၁)ကြိမ်စီ ဖြစ်ပွားခဲ့သည်။ ထောင်တွင်းဆန္ဒပြမှုများလုပ်ဆောင်ရသည့် အကြောင်းရင်းများမှာ ကွဲပြားပါသည်။ အချို့မှာ အကျဉ်းထောင်အပြင်ဘက်ရှိ အာဏာသိမ်းမှုဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုများကို စည်းလုံးညီညွတ်မှုပြသသည့်အနေဖြင့် အာဏာသိမ်းနှစ်ပတ်လည်နေ့သို့မဟုတ် ပြည်ထောင်စုနေ့ကဲ့သို့သော နိုင်ငံရေးအရ အရေးပါသော နေ့ရက်များတွင် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အရေးပါသည့် ဆန္ဒပြမှုများတွင် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် တိုက်ရိုက်တုံ့ပြန်ခံခဲ့ရပါသည်။ နိုင်ငံရေး အကျဉ်းသားများဖြစ်သော ကိုကျော်မင်းယု (ခ) ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့ အင်းစိန်ထောင်တွင်း ကြိုးပေးကွပ်မျက်ခံရသည့်အခါ အင်းစိန်အကျဉ်းထောင်အပါဝင် နိုင်ငံတဝှမ်းရှိ အကျဉ်ထောင်များစွာတို့တွင် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ အချို့ဖြစ်ရပ်များတွင် နိုင်ငံရေးအကျဉ်းသားတစ်ဦးနှင့် အကျဉ်းထောင် အာဏာပိုင်များကြားနှင့်/သို့မဟုတ် တန်းစီးကြား တစ်ဦးချင်းပဋိပက္ခကြောင့် အကျဉ်းထောင်အတွင်း ဆန္ဒပြပွဲများ စတင် ခဲ့ခြင်းဖြစ်ပြီး အခြားနိုင်ငံရေးအကျဉ်းသားများက ၎င်းတို့၏ ရဲဘော်ရဲဖက်များနှင့်အတူ ရပ်တည်ကာ ထောင်၏ဖိနှိပ်မှုကို ဗီဆန်ကာ ဆန္ဒပြခဲ့ကြသည်။ နိုင်ငံရေးအကျဉ်းသားများ ထောင်မှလွတ်မြောက်ရန် ကြိုးပန်းမှုများလည်းရှိခဲ့ကာ ထောင်တွင်းရှိ အခြားသော နိုင်ငံရေးအကျဉ်းသားများအပေါ် နောက်ဆက်တွဲ ဖိနှိပ်မှုများ ဖြစ်ပေါ်လာစေသည်။ အချို့ဖြစ်ရပ်များတွင် ဆန္ဒပြသူများကို ဖြိုခွင်းရန် အင်အားအလွန်အကျွံသုံးခြင်းနှင့် သေစေလောက်သောလက်နက်များ အသုံးပြုခြင်းကို အကြောင်းပြချက်ပေးရန် အကျဉ်းထောင်အာဏာပိုင်များက ထောင်တွင်းဆန္ဒပြမှုများကို အကျဉ်းထောင်အဓိကရုဏ်းအဖြစ် ခေါင်းစဉ်တပ်ခဲ့ကြသည်။ ထို့နောက် ဆေးကုသခွင့်ကို ကန့်သတ်ခဲ့ပြီး၊ အကြမ်းဖက်ဖြိုခွင်းပြီးနောက် အရေးပေါ်ဆေးကုသမှုပေးရန် ငြင်းဆိုခံရပြီး နိုင်ငံရေးအကျဉ်းသားအချို့မှာ ၎င်းတို့၏ ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ အောက်ဖော်ပြပါ ကောက်နုတ်ချက်များသည် အကျဉ်းထောင်တွင်းဆန္ဒပြမှုများကို အကျဉ်းထောင်အသီးသီးတွင် စစ်အာဏာရှင်၏ အကြမ်းဖက်တုံ့ပြန်မှုများ အသေးစိတ်အချက်အလက်များဖြစ်သည်။

စစ်ကိုင်းတိုင်းမှ နာမည်ဆိုးနှင့် ကျော်ကြားသော ကလေးအကျဉ်းထောင်၌ မတ်လ ၁၅ရက် ညနေပိုင်းက အချုပ်သား ဗန်ဒိန်းဆိုသူ ဦးဆောင်သည့် အင်အား ၅၀ခန့်မှ ထောင်အာဏာပိုင် ၃ဦးကို ဓားစာခံလုပ်၍ ထောင်ဖောက်ရန် ကြိုးစားသည်ဆိုကာ သေနတ်နှင့်ပစ်ခတ်ရာမှ ဗန်ဒိန်းအပါအဝင် ၇ဦးသေဆုံးကာ ၁၂ဦး ဒဏ်ရာရကြောင်း စစ်ကောင်စီက သတင်းထုတ်ပြန် သည်။ သေဆုံးသွားသည့် အကျဉ်းသား (၇)ဦးမှာ ဗန်ဒိန်း၊ ညွန့်ဝင်းအောင် (ခ) မျိုးဝင်းအောင်၊ ချမ်းမင်းကို၊ တူးခိုင်၊ ဝင်းကိုနိုင်၊ မျိုးမင်းထွန်းနှင့် မောင်ညီတို့ဖြစ်ကြသည်။ ထောင်အာဏာပိုင်တို့က ထောင်ဖောက်ရန် ကြိုးစားသူများအား သတိပေးမှုကို မလိုက်နာသည့်အတွက် မတတ်သာသည့်အဆုံး ခါးအောက်ပိုင်းများကို ပစ်ရပါသည်ဆိုသော်လည်း စစ်ကောင်စီက ထုတ်ပြန်သည့် သတင်းဓာတ်ပုံများတွင်လည်း သေဆုံး သွားသော အချုပ်သား ၆ ဦးနှင့် အကျဉ်းသား ၁ ဦးအား ဦးခေါင်းနှင့် ဝမ်းဗိုက်များကို ပစ်ခတ်ထားကြောင်း တွေ့ရှိရသည်။ အကျဉ်းထောင်အတွင်းမှ သယ်ယူလာသည့် ရုပ်အလောင်းများသည် လက်ရှိ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးမှာပင် ရှိနေပြီး စစ်ကောင်စီဘက်က သေဆုံးသွားသူများ၏ မိသားစုဝင်များအား ဆက်သွယ်ကာ အလောင်းပြန်ပေးခြင်း မရှိသေးကြောင်း၊ ကလေးမြို့ခံတဦးက လည်း ပြောဆိုသည်။ ကလေးမြို့မှ သတင်းရင်းမြစ်တဦးက “ကလေးထောင်က ကလေး-တမူး သွားတဲ့ လမ်းဘေးမှာ ရှိတာပေါ့။ ကလေးနဲ့ဆိုရင် ၁၀ မိုင်ကျော်လောက်ပဲ ရှိမယ်လို့ တွက်ရ တာပေါ့။ မော်လိုက်လေးရွာနားမှာ ရှိတာ။ မော်လိုက်ကလေးရွာကို အစွဲပြုပြီး မော်လိုက် ကလေးထောင်လို့လည်း ခေါ်တယ်။ လုံခြုံရေး တင်းကျပ်တယ်။ အဲဒီနေရာက ထောင်အရှေ့ မှာကိုပဲ စစ်တပ်တခုရှိတယ်။ ထောင်မရောက်ခင် တောက်လျှောက်အတန်းလိုက်ကိုက စစ်တပ်တွေချည်းပဲ။ စကခ ၁၀ တို့၊ လေ့ကျင့်ရေး တပ်တို့၊ ၃၆၁ တို့က အဲဒီဘက်မှာ ရှိတယ်။ ထောင်ဖောက်ပြေးဖို့ လုပ်တယ်ဆိုတာက လုံးဝ မဖြစ်နိုင်ဘူး” ဟု ၎င်းက ရှင်းပြသည်။

**ကလေးအကျဉ်းထောင်, စစ်ကိုင်းတိုင်းဒေသကြီး**

The Irrawaddy, RFA, Mizzima မတ်လ ၁၅၊ ၂၀၂၂

မုံရွာအကျဉ်းထောင်ထဲတွင် ဧပြီလ (၃)ရက်နေ့ နိုင်ငံရေးအကျဉ်းသားများ၏ စစ်အာဏာရှင် ဆန့်ကျင်ရေးကြွေးကြော်သံများ ထွက်ပေါ်လာပြီးနောက် သေနတ်ပစ်သံတွေ ကြားရပြီး၊ ပစ်ခတ်မှု တွေကြောင့် အကျဉ်းသားတစ်ဦးဖြစ်သော ကိုသန့်ဇင်အောင် သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိပါသည်။ ၎င်းတို့ကို ခြေကျဉ်းခတ်ထားပြီး၊ လမ်းလျှောက်ရ ခက်ခဲအောင် တစ်ပေခန့်ရှည်သည့် သံချောင်းအား ခြေကျဉ်းဝတ်ရှိ သံကွင်းများနှင့် ချိတ်ဆက်ထား (ဒေါက်ထည့်ထား) ပါသည်။ အကျဉ်းထောင် အာဏာပိုင်များ၏ ပစ်ခတ်မှုအပြီး၊ အကျဉ်းသား (၂၀)ဦးခန့်အား တိုက်ပိတ်ထားကာ၊ အိပ်ဆောင်မှူး ဖော်ဖော်အောင်က ရိုက်နှက်ခဲ့ပါတယ်။ အကျဉ်းထောင်တွင်း ဝင်ရောက်ခွင့်ကိုလည်း ပိတ်ထားပါ တယ်။ ထောင်တွင်းဆန္ဒပြပွဲပြီးနောက်၊ အကျဉ်းထောင်အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသား (၁၅၀)ဦးကို မြင်းခြံနှင့် အိုးဘို အကျဉ်းထောင်များသို့ ပြောင်းရွှေ့ခဲ့သည်။

**မုံရွာအကျဉ်းထောင်၊ စစ်ကိုင်းတိုင်း ဒေသကြီး**

RFA , Mizzima , The Irrawaddy , DVB ဧပြီ ၃၊ ၂၀၂၂

မှတ်တမ်းဌာန (အအအပီပီ)

မေ ၈ရက် မနက်က တောင်ကလေးအကျဉ်းထောင်ရှိ နိုင်ငံရေးအကျဉ်းသား အမျိုးသား ၅၀ ဦး၊ အမျိုးသမီး ၁၆ ဦးတို့ကို စစ်ကောင်စီမှ မွန်ပြည်နယ်ရှိ ကျိုက်မရောထောင်သို့ ပြောင်းရွှေ့ရာ အကျဉ်းသားများက ကားပေါ်တွင် သွေးသစ္စာသီချင်း ဆိုကြသလို ထောင်တွင်းရှိ ကျန်အကျဉ်း သား များကလည်း အဓမ္မပြောင်းရွှေ့သည်ကို မကျေနပ်၍ ပန်းကန်ခွက်ယောကများကို တီး၍ ဆန္ဒပြရာမှ ထောင်အာဏာပိုင်များက ဖြိုခွင်းသဖြင့် ဒဏ်ရာများရရှိကာ အရေးယူခံရခြင်းဖြစ် သည်။ အကျဉ်း ထောင်အာဏာပိုင်များက နံပါတ်တုတ်များ၊ သေနတ်ဒင်များဖြင့် ရိုက်နှက်ပြီး လေးခွဖြင့် ပစ်ခတ်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသား (၄)ဦးဖြစ်သော နေလင်းထွန်း၊ လွင်မိုးထက်၊ ခန့်သီလွင်နှင့် မိုးမင်းထက်တို့ ရိုက်နှက်ခံခဲ့ရပြီး၊ လက်ထိပ်ခတ်ကာ ဒရွတ်တိုက် ဆွဲခေါ်ခဲ့ကြ သည်။ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသူ ၁၇ ဦးကိုလည်း တိုက်ပိတ်ခြင်းနှင့် ညစာ ဖြတ်တောက်ခြင်း၊ ရေဖြတ်တောက်ခြင်းများ စစ်ကောင်စီဘက်က လုပ်ဆောင်ကြောင်း၊ ဆန္ဒပြ မှုတွင် ပါဝင်သည့်အတွက်ဟုဆိုကာ အပြစ်ပေး အရေးယူခြင်းဖြစ်ကြောင်း သိရှိရသည်။

၆ ဇွန်လ ၂၀၂၂တွင်၊ အကျဉ်းထောင်အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများအား အခြားသော ရာဇဝတ်အကျဉ်းသားများနှင့် အတူနေရန် အဆောင်ပြောင်းရန် စီစဉ်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ စတင်ဆန္ဒပြခဲ့ကြပြီး၊ အကျဉ်းထောင်အာဏာပိုင်များက သေစေ လောက်သည့်လက်နက် (သေနတ်)ဖြင့် နိုင်ငံရေးအကျဉ်းသားများကို ပစ်ခတ်ခဲ့ကြောင်း၊ လေးခွဖြင့် ပစ်ခတ်ခြင်း၊ ဝါးလုံးပိုင်းဖြင့် ရိုက်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံရေး အကျဉ်းသား (၂)ဦး ပစ်ခတ်ခံခဲ့ရပြီး၊ (၆၀)ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**တောင်ကလေးအကျဉ်းထောင်၊ ဖားအံ၊ ကရင်ပြည်နယ်**

မေ ၈၊ ၂၀၂၂ နှင့် ဇွန် ၆၊ ၂၀၂၂

The Irrawaddy , RFA , Khit Thit Media

### ၄။ ထောင်ပြောင်းခြင်း

စစ်တပ်သည် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံရေးအကျဉ်းသားများကို ၎င်းတို့၏မိသားစုများနှင့် ဝေးကွာသည့် အခြားသော အကျဉ်းထောင်များသို့ ပြောင်းရွှေ့ပါသည်။ ယင်းသည် နိုင်ငံရေးအကျဉ်းသားများနှင့် ဝေးလံသော ဒေသသို့ ထောင်ဝင်စာသွားတွေ့ရန် ရုန်းကန်ရသည့် ၎င်းတို့၏မိသားစုများကို ထိခိုက်စေပြီး၊ နိုင်ငံရေး အကျဉ်းသားများ ခံစားနေရသော စိတ်ပိုင်းဆိုင်ရာဝေဒနာများကို ထပ်တိုးစေပါသည်။ အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားဦးရေ အရှိန်အဟုန်ဖြင့် မြင့်တက်လာနေစဉ်တွင်၊ ထောင်အာဏာပိုင်များသည် နိုင်ငံရေး အကျဉ်းသားများကို လူစုခွဲရန် ၎င်းတို့အပေါ်ထိန်းချုပ်မှုနှင့် စည်းကမ်းထိန်းသိမ်းမှုနည်းလမ်းအဖြစ် ထောင်ပြောင်းသည့်နည်းလမ်းကို သုံးခဲ့ကြသည်။ ထောင်ပြောင်းခြင်းသည် အကျဉ်းထောင်စီမံခန့်ခွဲရေးစံတစ်ခု ဖြစ်သော်လည်း၊ အကျဉ်းထောင်တစ်ခုအတွင်းတွင် နိုင်ငံရေးအကျဉ်းသားများကို သာမန်အကျဉ်းသားများနှင့် အတူ ပုံမှန်အဆောင်များသို့ ပြောင်းရွှေ့ခြင်းအပါအဝင်၊ ၎င်းတို့ကို ပြစ်ဒဏ်ချမှတ်ရာတွင် အသုံးပြုနိုင်သည်။

၂၀၂၂ခုနှစ်တွင် ထောင်ပြောင်းရွှေ့မှုများစွာ ဖြစ်ခဲ့သော်လည်း၊ စစ်တပ်က စစ်ဆင်ရေးများကို ဖုံးကွယ်ထားခဲ့သောကြောင့် အားလုံးကို မီဒီယာတွင် မဖော်ပြခဲ့ပါ။ ပွင့်လင်းအရင်းအမြစ် အချက်အလက်များကို အခြေခံ၍ ဧပြီလ ၂၀၂၂ မှ မတ်လ ၂၀၂၃ အတွင်း အဓိက ထောင်ပြောင်းရွှေ့မှု (၅)ခုကို အေအေပီပီမှ မှတ်တမ်းပြုစုနိုင်ခဲ့ပြီး အောက်တွင် ဇယားဖြင့် ဖော်ပြထားပါသည်။

**ဇယား (၁) ။ နိုင်ငံရေးအကျဉ်းသားများကို နိုင်ငံတဝှမ်းရှိ အခြားသော အကျဉ်းထောင်များသို့ ထောင်ပြောင်းမှု ဖြစ်ရပ်များ**

| ထောင်ပြောင်းသည့် ရက်စွဲ | မူလ အကျဉ်းထောင် | ပြောင်းရွှေ့ခံရသည့် နိုင်ငံရေးအကျဉ်းသား အရေအတွက် | | | | ပြောင်းရွှေ့ခံရသည့် အကျဉ်းထောင် |
|---|---|---|---|---|---|---|
| | | ကျား | မ | မသိ | စုစုပေါင်း | |
| **ဧပြီ ၇၊ ၂၀၂၂** | မုံရွာ | ၁၃၀ | ၂၀ | | ၁၅၀ | အိုးဘိုနှင့် မြင်းခြံ |
| **ဧပြီ ၂၄၊ ၂၀၂၂** | အင်းစိန် | ၁၀၀ | ၃၀ | | ၁၃၀ | သာယာဝတီနှင့် ကျိုက်မရော |
| **မေ ၈၊ ၂၀၂၂** | ဖားအံ | | | ၆၆ | ၆၆ | ကျိုက်မရော |
| **ဇူလိုင် ၉၊ ၂၀၂၂** | ဖားအံ | | | ၄၀ | ၄၀ | အကျဉ်းထောင် အမည်မသိ |
| **အောက်တိုဘာ ၁၇၊ ၂၀၂၂** | မုံရွာ | | | ၇၀ | ၇၀ | အိုးဘို၊ မြင်းခြံနှင့် သရက် |
| **စုစုပေါင်း** | | ၂၃၀ | ၅၀ | ၁၇၆ | ၄၅၆ | |

မှတ်တမ်းဌာန (အေအေပီပီ)

### ၅။ အတင်းအကြပ် အလုပ်ခိုင်းစေမှု

အကျဉ်းသားများကို ပြစ်ဒဏ်ပေးသည့် အခြားနည်းလမ်းတစ်ခုမှာ ၎င်းတို့အား ပြစ်ဒဏ်ခံရသည့်၊ အရှက်ရစေသည့် အလုပ်သမားအဖြစ် ဖော်ထုတ်ရန်ဖြစ်သည်။ အကျဉ်းထောင်အရာရှိများ အသုံးပြုသည့် ခြိမ်းခြောက်သော၊ ယုတ်ညံ့ရိုင်းစိုင်းသော စကားရပ်များကို နိုင်ကျဉ်း_နိုဝင်ဘာ_၀၀၄ FPP_NOV_004 က ပြောပြသည်။ “မင်းတို့အားလုံး ထောင်ကျလာပြီးပြီ၊ ဒီထောင်က မင်းတို့ကို ထိန်းသိမ်းထားရမယ်။ ဒါကြောင့် ထောင်က မင်းတို့ကို ပိုင်တယ်” ဤစကားရပ်များသည် အင်းစိန်အကျဉ်းထောင်မှ အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများအား အလုပ်ကြမ်း စေခိုင်းသည့်အခါ တွင်တွင်သုံးသော စကားရပ်များဖြစ်သည်။

ဤအလုပ်ကြမ်းတွင် ဟင်းသီးဟင်းရွက် စိုက်ခင်းများတွင် လုပ်ကိုင်ခြင်း၊ ပေါင်းနုတ်ခြင်း၊ အုတ်သယ်ခြင်းနှင့် ဆန်အိတ်သယ်ခြင်းတို့ကဲ့သို့သော ကာယလုပ်အားကို ပြင်းပြင်းထန်ထန်လိုအပ်သည့် အလုပ်များ ပါဝင်လေ့ရှိသည်။ အိမ်သာကျင်းတူးခြင်း၊ အိမ်သာနှင့် ရေချိုးခန်းများ ဆေးကြောခြင်းတို့ အပါအဝင် အခြားအလုပ်တာဝန်များမှာ အကျဉ်းထောင် အခြေအနေများကြောင့် များစွာ ကျန်းမာရေးနှင့် မညီညွတ်ပေ။ တန်းစီးသည် ထိုအလုပ်များမှ ကင်းလွတ်ခွင့်အတွက် နိုင်ငံရေးအကျဉ်းသားများထံမှ ငွေညှစ်ခဲ့ပါသည်။

မြိတ်အကျဉ်းထောင်တွင် အကျဉ်းထောင်အာဏာပိုင်များက ဒေသတွင်း ကုမ္ပဏီတစ်ခုဖြင့် စီးပွားရေးသဘောတူညီချက်တစ်ခု ပြုလုပ်ခဲ့ပြီး၊ မျက်တောင်တုများထုတ်လုပ်ရန် အကျဉ်းသားများ၏လုပ်အားကို အတင်းအကြပ် အသုံးပြုခဲ့သည်။ ထို့ပြင် အကျဉ်းထောင်အာဏာပိုင်များက ပြင်ပလုပ်သားများ ငှားရမ်းရန် ဘတ်ဂျတ်အလုံအလောက် ရှိသော်လည်း အကျဉ်းထောင်အသစ် ဆောက်လုပ်ရန်အတွက် အကျဉ်းသားများ၏ လုပ်အားကို အခမဲ့ အသုံးပြုခဲ့ပါသည်။ အေအေပီပီမှ မြိတ်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာကြသော နိုင်ငံရေးအကျဉ်းသား (၃)ဦးကို အင်တာဗျူး မေးမြန်းမှု ပြုလုပ်ခဲ့ပြီး၊ ၎င်းတို့အားလုံးက အခမဲ့လုပ်အားပေးခိုင်းစေမှုအဖြစ် အသုံးချခံနေရသည့် နိုင်ငံရေးအကျဉ်းသားများ၏ မှတ်တမ်းများကို မျှဝေခဲ့ကြသည်။ ၎င်းတို့ထဲမှ တစ်ဦးက သူ၏ အတွေ့အကြုံကို အောက်ပါအတိုင်း မျှဝေခဲ့ပါသည်။

ခုကကျွန်တော်တို့ကို အကျဉ်းထောင်မှာ ကျွန်တော်တို့ရောက်တဲ့အချိန်မှာ အဆောင် (၅) ဆိုတဲ့ အဆောင်ကို ဆောကနေတယ်၊ ဆောက်နေတဲ့အချိန်မှာ သိရသလောက်က အလုပ်သမားတွေကို ဘတ်ဂျက်ချပြီးသား။ အဲ့ဒါကို အလုပ်သမားတွေ မငှားဘဲ အကျဉ်းသားတွေကို ခေါ်ခိုင်းတာရှိ တယ်။ နောက်တစ်ခုက မျက်တောင်တုပေါ့၊ ကျွန်တော့်မှာ ရောဂါရှိတယ်၊ ဆေးတွေက သောက်လို့ မရသေးတော့ စောင့်ပေးပါလို့ပြောတယ်။ ဒါပေမဲ့ သူတို့တွေက မစောင့်ပေးဘူး။ မျက်တောင် ထိုးခိုင်းတယ်။ ကျွန်တော်ထိုးတယ်၊ ဒါပေမဲ့ကျွန်တော့်မွေးရာပါရောဂါကြောင့် နားနားပြီး လုပ်တော့ တစ်ပတ်ကျော်ကျော်လောက်ရှိတယ်၊ သူတို့ကကျွန်တော့်ကို ဒီတစ်ပတ်အတွင်း တစ်နေ့ ၁ သိန်းခွဲ ပေးရင် ရပ်ပေးမယ်ပေါ့။

ကျွန်တော်တို့သွားတင်ပြတော့ အာဏာပိုင်တွေက မင်းတို့ကို တတ်သိအောင် လုပ်ခိုင်းတာပေါ့။ သူတို့လူတွေကို cover ပေးတယ်။ မျက်တောင်တုက ၁၀ ပင်ဆိုတာက လွယ်တဲ့အရာ မဟုတ်ဘူးလေ၊ မျက်တောင်တုဆိုတာ သေးသေးလေး၊ လူရဲ့ဆံပင်နဲ့လုပ်ရတော့ ပိုပြီးတော့ အာရုံစူးစိုက်ရတယ်။ ဒီအချိန်အတွင်းမှာ ဒီနေ့ ၁၀ ပင် မပြီးဘူး၊ ၆ ပင်ပဲပြီးတယ်၊ ၄ ပင် ကျန်နေရင် နောက်နေ့ဆို ၁၄ ပင်ဖြစ်သွားတယ်။ အဲ့လိုပုံစံကြောင့် တချို့အကျဉ်းသားတွေဆိုရင် အုတ်နံရံမှာ ခေါင်းနဲ့ ဝင်စောင့်တာတွေရှိတယ်။

FPP-005 (Male)

မှတ်တမ်းဌာန (အေအေပီပီ)

## ၆။ တန်းစီး စည်းကမ်းထိန်းစနစ်

တန်းစီးဟုခေါ်သော အခြားအကျဉ်းသားများက လက်တွေ့ဖေါ်ဆောင်ကြသည်။ တန်းစီးများသည် အလုပ်ကြမ်းလုပ်ရန်အတွက် အခြားအကျဉ်းများကို တာဝန်ခွဲဝေခြင်း၊ အစားအစာဝေငှခြင်းနှင့် အပ်ယာနေရာချထားခြင်းများအတွက် အခွင့်အာဏာရရှိကြပြီး၊ အကျဉ်းထောင်အတွင်း နေ့စဉ်လုပ်ငန်းဆောင်တာများစွာကို လည်ပတ်နေသောကြောင့် တန်းစီးသည် အကျဉ်းထောင်၏ အရေးပါသော နေရာတစ်ခုဖြစ်ပါသည်။ အကျဉ်းထောင်အာဏာပိုင်များသည် တန်းစီးကို အခြားအကျဉ်းသားများအပေါ် နေ့စဉ် အုပ်ချုပ်ရန်နှင့် အပြစ်ပေးရန်အတွက် စည်းကမ်းထိန်းများအဖြစ်လည်း အသုံးပြုသည်။ ထိုအခွင့်အာဏာများတွင် ပျော်မွေ့လျက် တန်းစီးက စည်းကမ်းများချမှတ်ပြီး၊ အကျဉ်းထောင်သို့ရောက်ရှိလာသော လူသစ်များကို ပုံစံပေးခြင်း သို့မဟုတ် နာခံမှုရှိရန်အတွက် အခြားစည်းကမ်းထိန်းသိမ်းရေးနည်းလမ်းများဖြင့် အကျဉ်းသားများ၏ အကျဉ်းထောင်ပထမနေ့တွင် ခြိမ်းခြောက်၊ နှောက်ယှက်မှုတို့သုံးလျက် အကျဉ်းသားများထံမှ ငွေညှစ်ပါသည်။ ထို့နောက် တန်စီးသည် ၎င်းတို့၏နေရာကို ဆက်လက်ထိန်းထားရန်အတွက် ခြိမ်းခြောက်ရယူထားသေငွေများကို အသုံးပြုကာ အကျဉ်းထောင်အာဏာပိုင်များကို လာဘ်ထိုးသည်။ ထို့ကြောင့် တန်းစီးနှင့် အကျဉ်းထောင်အာဏာပိုင်များ အပြန်အလှန် ပူးပေါင်းကာ ငွေညှစ်ခြင်းမှ အကျိုးအမြတ်များ ရရှိကြသည်။

အကယ်၍ သင်ပိုက်ဆံမပေးနိုင်ပါက အင်းစိန်အကျဉ်းထောင်အတွင်းရှိ လူဦးရေထူထပ်နေသော အိပ်ဆောင်များတွင် အိပ်စက်ရန် သင့်အတွက် လုံလောက်သောနေရာ မရရှိနိုင်ပါ။ ရံဖန်ရံခါတွင်၊ ဤဖိနှိပ်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများကြောင့် ထောင်တွင်းဆန္ဒပြမှုများ သို့မဟုတ် နိုင်ငံရေးအကျဉ်းသားများနှင့် တန်စီးများကြားတွင် တိုက်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့သည်။ ဤအစီရင်ခံစာအတွက် အေအေပီပီမှ မေးမြန်းအင်တာဗျူးခဲ့သော၊ အင်းစိန်ထောင်တွင် သားဖြစ်သူ နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် မိခင်တစ်ဦးပြောပြခဲ့သည်မှာ-

> ကျွန်မသားရဲ့ ထောင်ထဲကအခြေအနေကတော့ ကွေးကွေးပြီးအိပ်နေရတယ်။ လူအရမ်းများ တော့ အိပ်ရတာ ဒုက္ခရောက်တယ်လို့ ပြောတယ်။ သူ့စာထဲမှာပါတာပေါ့နော်။ နောက်တစ်ခုက လူလိုနေရဖို့ကို ပိုက်ဆံလည်းပေးရတယ်လို့ပြောတယ်။
>
> HRV-013

အချုပ်အားဖြင့်ဆိုရသော် ထောင်သွင်းအကျဉ်းချခြင်းသည် နိုင်ငံရေးအကျဉ်းသားများအား မလိုမုန်းထားအပြုံးဖြင့် ယုတ်ညံ့ဆိုးရွားပြီး အလွန်အမင်းပြည့်ကျပ်နေသော အကျဉ်းထောင်အခြေအနေများတွင် နှိမ့်ချအပြစ်ပေးထားသည့် မင်းမဲ့တိုင်းပမာ မတရားမှုတခုပင်ဖြစ်သည်။ အကျဉ်းသားများနှင့် ၎င်းတို့၏မိသားစုများကို မိုက်ကြေးခွဲငွေညှစ်ရန်အတွက် ဈေးကွက်နေရာများအားလုံးကို ဖန်တီးထားသဖြင့် လုံလောက်သောအစားအစာနှင့် ဆေးဝါးစောင့်ရှောက်မှုများ အလွန်ညံ့ဖျင်း သို့မဟုတ် လုံးဝမရှိပါ။ အကျဉ်းသားများကို ၎င်းတို့ရှင်သန်နေသည့် ချိတ်ဆက်၊ကွန်ယက်များမှ ခွဲထုတ်ကာ ဝေးလံသောဒေသသို့ ပို့ဆောင်ပြီး အတင်းအကြပ်အလုပ်ခိုင်းစေသည် သို့မဟုတ်ပါက အရှက်ရစေမည့် အလုပ်တာဝန်များကို လုပ်ဆောင်စေပါသည်။ ဤအခြေအနေများအပေါ် အကျဉ်းသားများစုစည်း၍ ဆန္ဒပြရန် စီစဉ်ကြသောအခါတွင် အလွန်အကျွံရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုများနှင့် ကြုံတွေ့ရသည်။

●

# ထိခိုက်ခံစားမှု/နောက်ဆက်တွဲ အကျိုးသက်ရောက်မှု

## ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးအပေါ် အဓိကစိုးရိမ်ချက်

မတရားမှုရေစီးကြောင်း/မတရားမှုခရီးကြမ်း၏ နောက်ဆုံးအဆင့်သည် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်သည်နှင့် နိုင်ငံရေးအကျဉ်းသားများ တွေ့ကြုံခံစားရသည့် လှုပ်ခတ်မှု/သက်ရောက်မှုဖြစ်သည်။ လပေါင်း၊ နှစ်ပေါင်းများစွာ ထပ်ဖန်တလဲလဲ နှိပ်စက်ညှဉ်းပန်းမှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် လျစ်လျူရှုမှုများကို ခံခဲ့ရပြီးနောက်၊ မြန်မာနိုင်ငံရှိ နိုင်ငံရေး အကျဉ်းသားများ စိတ်ဒဏ်ရာများရရှိခဲ့သည်။ မတရားမှုရေစီးကြောင်း/မတရားမှုခရီးကြမ်း၏ အဓိက ရည်ရွယ်ချက်သည် နိုင်ငံရေးအတိုက်အခံလှုပ်ရှားမှု အဖွဲ့ဝင်များကို ၎င်းတို့၏ နိုင်ငံရေးပန်းတိုင်များ ဆက်လက်မလျှောက်လှမ်းနိုင်စေရန် သို့မဟုတ် စိတ်ပျက်သွားစေရန်အတွက် ပြင်းထန်သည့် စိတ်ဒဏ်ရာ ရရှိစေရန်ဖြစ်သည်ကို ငြင်းဆိုဖွယ်မရှိပေ။ ထို့ပြင် နိုင်ငံရေး အကျဉ်းသားများသည် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီးသည့်တိုင် အန္တရာယ်များနှင့် ဆက်လက်ရင်ဆိုင်နေကြရပါသည်။

ပြန်လည်လွတ်မြောက်ပြီး အိမ်ပြန်ရောက်ပြီးသည့်အခါ ၎င်းတို့အား စောင့်ကြည့်နေသည်ဟု ခံစားခဲ့ရကြောင်း အေအေပီပီမှ အင်တာဗျူးခဲ့သည့် လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားအားလုံးက ပြောဆိုခဲ့သည်။ အချို့က ဤမလုံခြုံမှုကြောင့် မိမိတို့အိမ်သို့ မပြန်ခဲ့ကြပဲ၊ လွတ်မြောက်လာပြီးနောက် ပထမပိုင်း နေ့ရက်များ သို့မဟုတ် ရက်သတ္တပတ်များတွင် ဆွေမျိုးများအိမ်၌ ပုန်းအောင်းခဲ့ရကြောင်း ပြောပြခဲ့ပါသည်။ ဤမလုံခြုံမှု အခြေအနေသည် စစ်တပ်က နိုင်ငံရေးအကျဉ်းသားများကို ၎င်းတို့အိမ်သို့ပြန်မရောက်မီ၊ အကျဉ်းထောင်ဂိတ်ဝများ သို့မဟုတ် အိမ်ပြန်ရောက်ပြီးရက်ပိုင်းအတွင်း လွတ်မြောက်လာသည်နှင့် ချက်ချင်း အခြားပုဒ်မဖြင့် ပြန်လည်ဖမ်းဆီးခြင်းကြောင့် ပိုမိုဆိုးရွားလာစေပါသည်။ အေအေပီပီမှ အင်တာဗျူးခဲ့သည့် ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများ၏ အဓိကစိုးရိမ်ချက်မှာ ၎င်းတို့ ပြန်လည် ဖမ်းဆီးထိန်းသိမ်းမခံလိုခြင်း ဖြစ်ပြီး၊ ရွေးချယ်စရာမရှိသည့်အဆုံးတွင် ထွက်ပြေးကြရသည်။

> ထောင်ကထွက်လာပြီး စောင့်ကြည့်နေတာ ကြိုသိတယ်။ စောင့်ကြည့်လို့ပဲ ထပ်ပြဿနာတက်တာ။ ရုံးအုပ်နဲ့က သူငယ်ချင်းဆိုတော့ သူက သတိပေးနေတယ်။
>
> FPP-030 (Female)
>
> မှတ်တမ်းဌာန (အေအေပီပီ)

စစ်တပ်က ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများအပေါ် ဖိနှိပ်မှုသည် နိုင်ငံရေးလှုပ်ရှားမှုများနှင့် ပတ်သတ်မှုမရှိသည့် အခြားသော အရပ်သားများကို ပိုမိုသက်ရောက်မှုများ ရှိပါသည်။ ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားတစ်ဦးက အောက်ပါအတိုင်း သရုပ်ဖော်ထားပါသည်။

> လွတ်လာပြီးတော့ ဖျောက်ပြီးနေလိုက်သေးတယ်။ ကျွန်တော်က ပြန်လုပ်တော့ သတင်းရပုံရတယ်။ ကျွန်တော်တို့အရင်နေခဲ့တဲ့အိမ်ကို ဝင်ဖမ်းတယ်။ ဝင်ဖမ်းတဲ့အခါ မှာ လာငှားနေတဲ့တစ်မိသားစုလုံးကို ဖမ်းသွားတယ်။ သားနှစ်ယောက် အဖေနဲ့အမေ လာနေတာ အကုန်လုံးကို ဖမ်းသွားတယ်။ အိမ်ရှင်ကလှမ်းဖုန်းဆက်ပြီးပြောတာ။ နင်တို့မိသားစုတွေ လုပ်သွားလို့ သူများတွေပြဿနာတက်ကုန်ပြီဆိုပြီး ဖုန်းဆက်တယ်။
>
> FPP-004 (Male)

၎င်းတို့၏ နိုင်ငံရေးနောက်ခံကြောင့် အလုပ်ရှာဖွေရန် ခက်ခဲကြောင်းနှင့် အခြားသော လူငယ်တက်ကြွလှုပ်ရှားသူများသည် ပြန်လည်လွတ်မြောက်လာပြီးနောက် ၎င်းတို့၏ ပညာရေးကို ဆက်လက်ဆည်းပူးနိုင်ခြင်းမရှိကြောင်း အချို့က ပြောပြခဲ့သည်။ အချို့သော ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများသည် ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းမခံရမီ ကိုယ်ပိုင်မိသားစုဈေးဆိုင်များ ရှိခဲ့သော်လည်း၊ ဈေးဝယ်သူများက ၎င်းတို့နှင့် ပတ်သက်ဆက်ဆံရန် ကြောက်ရွံ့နေကြပြီး ၎င်းတို့ထံ ဈေးဝယ်ခြင်း မပြုတော့ပါ။

> ကျွန်တော့်မိသားစုလည်း စိတ်ဒဏ်ရာရသွားတာရှိတယ်။ ကျွန်တော်နောက်တစ်ခါ ထပ်ထွက်သွားမှာကို စိုးရိမ်နေကြတယ်။ လူမှုစီးပွားရေးမှာတော့ ပတ်ဝန်းကျင်က ကျွန်တော်ဒီအမှုနဲ့ ဝင်ထားတဲ့အတွက် သူတို့က ကြောက်ကြတယ်။ အိမ်ကလူတွေကို သူတို့ဆက်ဆံဖို့ ကြောက်သွားတဲ့အခြေအနေကြောင့် မိသားစုပါ ဖယ်ကြဉ်ခံရတယ် အဲ့ဒါကြောင့် ကျွန်တော်တို့နဲ့ ပတ်သက်တဲ့ စီးပွားရေးကို လာအားမပေးတော့တာတွေရှိတယ်။
>
> FPP-010

နိုင်ငံရေးအကျဉ်းသားများနှင့် စင်စစ်တွင် စစ်တပ်၏ရာဇဝတ်မှုကျူးလွန်ခံရသည့် အခြားသော ရှင်သန်လွတ်မြောက်သူ မည်သူမဆိုတို့၏ အတွေ့အကြုံများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ရေရှည်ထိခိုက်မှုများ ရှိကြသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ဖမ်းဆီးထိန်းသိမ်းခံရချိန်တွင် ကြုံတွေ့ခဲ့ရသည့် အကြမ်းဖက်မှုမှု၊ စစ်ကြောရေးတွင် ခံစားခဲ့ရသည့် နှိပ်စက်ညှဉ်းပန်းမှု၊ ထို့နောက် အကျဉ်းထောင်အတွင်း ကြုံကြိုခံခဲ့ရသည့် မတရားမှုများတို့ကြောင့် နိုင်ငံရေးအကျဉ်းသားများ စိတ်ဒဏ်ရာရရှိကြသည်။ ဤစိတ်ဒဏ်ရာသည် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များကို ထိခိုက်စေသည့် အလျင်တစ်ခု(ဆက်လက်ဖြစ်ပေါ် ပြန့်ပွား) ဖြစ်ပါသည်။ ၎င်းတို့သည် ၎င်းတို့ချစ်မြတ်နိုးရသူများ၏ တည်နေရာ၊ စွဲဆိုခံထားရသောပုဒ်မများအကြောင်းတို့နှင့်ပတ်သတ်၍ အမှောင်ချခံထားရလေ့ရှိပြီး၊ ထိန်းသိမ်းခံထားရမှုတွင် ၎င်းတို့ဘေးကင်းလုံခြုံရေးကို အမြဲတစေပူပင်နေရပါသည်။ စိတ်အားထက်သန်နေသော မိသားစုဝင်များသည် ၎င်းတို့အား ချည်နှောင်ထားသည့်စနစ်ကို ပံ့ပိုးရန် ကြိုးပန်းမှုအဖြစ် မတန်တဆသောပမာဏကို ပေးခြင်းကြောင့် တရားစီရင်ရေးစနစ်အတွင်း အကျင့်ပျက်ခြစားမှုသည် မျှော်လင့်ချက် အနည်းငယ်သာ ကျန်ပါတော့သည်။

ပြန်လည်လွတ်မြောက်လာပြီးနောက်၊ ၎င်းတို့ကြုံတွေ့ခံခဲ့ရသည့် စိတ်ဒဏ်ရာသာမျှသာမက ၎င်းတို့ဖမ်းဆီးထိန်းသိမ်းခံရမှုကြောင့် ၎င်းတို့၏မိသားစုများနှင့် အသက်မွေးဝမ်းကျောင်းတို့အပေါ် တိုက်ရိုက်သက်ရောက်မှုများ ဖြင့်လည်း နိုင်ငံရေးအကျဉ်းသားများ နပန်းလုံးနေရသည်။ အမြဲတစေစောင့်ကြည့်မှုနှင့် ပြန်လည်ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့မှုသည် ၎င်းတို့စိတ်ပိုင်းဆိုင်ရာကို ပိုမိုဆိုးရွားစေသည့် အလွှာတစ်ခု ထပ်မံပေါင်းစပ်နေသာ အိမ်နီးချင်းနိုင်ငံများသို့ မဖြစ်မနေ ရွှေ့ပြောင်းအခြေချမှု ဖြစ်စေသည်။ ၎င်းတို့သည် ပိုမိုဘေးကင်းလုံခြုံသော အခြေအနေများတွင် နေထိုင်နိုင်သော်လည်း ရွှေ့ပြောင်းအခြေချမှုနောက်ပိုင်း ဖိစီးမှုများမှာ ထင်ရှားဆဲဖြစ်ပြီး နိုင်ငံရေး အကျဉ်းသားများသည် စိတ်ပိုင်းဆိုင်ရာအရ ဆက်လက်ထိခိုက်ခံစားနေကြရဆဲ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ စိတ်ဒဏ်ရာကြောင့် ဆုတ်ယုတ်အဆင်မပြေမှုများနှင့် ၎င်း၏ နောက်ဆက်တွဲ လှုပ်ခတ်မှုတို့ ရှိနေသော်လည်း၊ မြန်မာပြည်သူများသည် သန်မာ၊ ကြံ့ခိုင်နေဆဲဖြစ်သည်။ နွေဦးတော်လှန်ရေးသည် ယခင် အာဏာသိမ်းမှုများနှင့် မတူပဲ၊ မြန်မာပြည်သူများကို ဘုံရန်သူစစ်တပ်အား တွန်းလှန်ရန် စည်းလုံးညီညွတ်သော အစုအဖွဲ့တစ်ခုအဖြစ် ပေါ်ပေါက်လာစေခဲ့သည်အား အသိအမှတ်ပြုရမည်ဖြစ်သည်။ အမျိုးသားညီညွတ်ရေး အစိုးရသည် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပထမဆုံးအကြိမ် အတူတကွ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုပေါင်းအင်အားနှင့် ထောက်ခံမှုကို ရရှိခဲ့သည်။ ၎င်းတို့သည် မြန်မာပြည်အတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားများနှင့် ဘာသာပေါင်းစုံတို့အတွက် နိုင်ငံတစ်ခု ထူထောင်ရန် နိုင်ငံအနှံ့လူထုဆန္ဒပြပွဲများဖြစ်ပွားခဲ့သည့် အာဏာသိမ်းသည့် ပထမနေ့တွင် ထွန်းညှိခဲ့သော တော်လှန်ရေးဝိဉာဉ်ဖြင့် အတူတကွ တိုက်ပွဲဝင်နေကြပါသည်။ စစ်တပ်က ပြည်သူတစ်ရပ်လုံးအပေါ် ဖေါ်ဆောင်ခဲ့သည် ကြောက်ရွံ့မှုများသည် မြန်မာပြည်သူပြည်သားများ ဒီမိုကရေစီတိုက်ပွဲတွင် စည်းလုံးညီညွတ်ရေးကို ပိုမို လှုံ့ဆော်ခဲ့ပါသည်။

●

# နိဂုံး

ဤအစီရင်ခံစာသည် ၂၀၂၂ခုနှစ်တွင် အေအေပီပီမှ ထုတ်ပြန်ခဲ့သော "မတရားစစ်အာဏာလုချိန်မှ အစပြု၍ ရင်ဆိုင်နေရသည့် နိုင်ငံရေးအကျဉ်းသားများ၏ စစ်ကြောရေး၊ တရားစီရင်ရေးနှင့် အကျဉ်းစံအတွေ့အကြုံများ" အစီရင်ခံစာ နောက်ဆက်တွဲအနေဖြင့် ဤမွမ်းမံထားသော အကျဉ်းထောင်အခြေအနေပြ အစီရင်ခံစာတွင် လျင်မြန်စွာယိုယွင်းနေသော စနစ်အကြောင်း အသေးစိတ်ဖော်ပြထားသည်။ ဒီမိုကရေစီလိုလားသော လှုပ်ရှားမှုများတွင် ၎င်းတို့၏ တက်ကြွမှု၊ ပံ့ပိုးကူညီမှု သို့မဟုတ် ပတ်သတ်ဆက်စပ်မှုတို့ကြောင့် ပစ်မှတ်ထားခံရသော နိုင်ငံရေး အကျဉ်းသားများသည် မင်းမဲ့တိုင်းပြည်ပမာ မတရားမှုအဆင့်တိုင်းတွင် စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ခံစားနေကြရသည်။ နိုင်ငံရေးအကျဉ်းသားများသည် ဖမ်းဆီးထိန်းသိမ်းခံရချိန်၊ စစ်ကြောရေးအတွင်း၊ ထောင်ပြောင်းရွှေ့ချိန်အတွင်းနှင့် အကျဉ်းထောင်အတွင်းတို့တွင် အကြမ်းဖက်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများ ကြုံတွေ့ကြရသည်။ တရားစီရင်ရေးစနစ်ကို စစ်တပ်က လုံးလုံးလျားလျား ချုပ်ကိုင်ထားပြီး၊ နိုင်ငံရေးအကျဉ်းသားများအပေါ် တရားမျှတမှုမရှိသော တရားစီရင်မှုများနှင့် ပြစ်ဒဏ်ချမှတ်မှုများ ဆက်တိုက်ဖြစ်ပေါ်နေပါသည်။ ညံ့ဖျင်းသော အကျဉ်းထောင်တွင်းအခြေအနေများသည် နိုင်ငံရေးအကျဉ်းသားများ၏ ရှန်းကန်ရမှုများနှင့်တကွ တရားဝင်မဟုတ်သော လည်ပတ်မှုစနစ်များကို တိုးပွားစေသည်။ မြန်မာနိုင်ငံ အကျဉ်းထောင်များသည် စည်းကမ်းသေဝပ်မှု သေချာစေရန် စစ်တပ်က တန်းစီးများနှင့် ဝင်ငွေရရှိရန် ဈေးဘားတို့ အသုံးပြုပြီး ငွေညှစ်သည့်နည်းလမ်းများနှင့် တရားမဝင် ဈေးကွက်များဖြင့် လည်ပတ်နေပါသည်။

ဤအစီရင်ခံစာတွင်ပါရှိသော သက်သေအထောက်အထားများသည် ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေး အကျဉ်းသားများ၏ ကိုယ်တွေ့အတွေ့အကြုံများကို မှတ်တမ်းပြုစုထားခြင်းဖြစ်သည်။ မြန်မာပြည်သူများအပေါ် စစ်တပ်က ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့် အကြမ်းဖက်မှုများ၊ မိသားစုဝင်များနှင့် ရှေ့နေများ ကြုံတွေ့ခံစားခဲ့ရသော ဆက်စပ်သက်ရောက်မှုများကို ဤအစီရင်ခံစာတွင် အတွင်းကျကျ ဖေါ်ပြထားပါသည်။ ယခင်က သိရှိထားခဲ့ကြသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေများကို မြန်မာစစ်တပ်က ဆိုးဝါးစွာချိုးဖေါက်နေမှုနှင့် အကြမ်းဖက်မှုများကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်နေမှုတို့ ဆက်လက်တည်ရှိနေကြောင်း သက်သေအချက်အလက်များက ပြဆိုနေပါသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံရှိ မတရားမှုများကိုဆန့်ကျင်ရေးတွင် မားမားမတ်မတ်ရပ်တည်ပြီး၊ ကျူးလွန်သူ စစ်တပ်နှင့် စစ်ခေါင်းဆောင်များအပေါ် တရားမျှတမှု ပြန်လည်ရရှိစေရန် အရေးယူဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့၏ ကျင့်ဝတ်ပိုင်းဆိုင်ရာတာဝန်ယူမှုများကို ဖေါ်ပြရန် အေအေပီပီမှ တောင်းဆိုပါသည်။

မြန်မာပြည်သူများကို ထောက်ပံ့ပေးရန်နှင့် မြန်မာပြည်သူများအတွက် တရားမျှတမှု ရှာဖွေပေးရန်သာမက၊ စစ်တပ်၏ ရာဇဝတ်များအတွက် တာဝန်ခံမှုရှိစေရေး တိကျပြတ်သားသော လုပ်ဆောင်ချက်များ ချက်ချင်းချမှတ်လုပ်ဆောင်ရန် ကနဦးကတည်းက နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းအနေဖြင့် မြန်မာနိုင်ငံတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် လူ့အခွင့်အရေးတို့ပေါ်တွင် ၎င်းတို့၏ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသည့် နိုင်ငံရေးအကျဉ်းသားများ မရှိတော့ပဲ၊ အဖွဲ့အစည်းအနေဖြင့် ဆက်လက်တည်ရှိနေရန် မလိုအပ်တော့သည့် နေ့တစ်နေ့ရောက်ရှိလာရန် မျှော်လင့် တိုက်ပွဲဝင်လျက်ရှိပါသည်။ စစ်တပ်နှင့် စစ်ခေါင်းဆောင်များ ရရှိခံစားနေသည့် တရားဝင် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသည့် အဆိုးကျော့သံသရာ ထာဝစဉ်ကွယ်ပျောက်သွားရေးနှင့် နိုင်ငံတွင်း လက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်သော မတရားမမျှတမှုများ ထပ်မံမဖြစ်ပွားစေရေး မျှော်မှန်းချက်ဖြင့် အေအေပီပီသည် မြန်မာပြည်သူများအတွက် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ဖော်ဆောင်ပေးရန် ခိုင်ခိုင်မြဲမြဲ မမိုတ်မသုန် အားထုတ်အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာပြည်သူများသည် လွတ်လပ်သောကမ္ဘာမှ အခြားပြည်သူများကဲ့သို့ လူ့ဂုဏ်သိက္ခာနှင့် လွတ်လပ်မှုတို့ဖြင့် ရှင်သန်နေထိုင်ရန် ထိုက်တန်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းက ယုံကြည်ပါသည်။

●

# နောက်ဆက်တွဲ။ ဇယား

**ဇယား ၁။ ဖမ်းဆီးထိန်းသိမ်းခံရချိန်၌ ပစ္စည်း၊ဥစ္စာပိုင်ဆိုင်မှုများ သိမ်းဆည်းခံရမှု စာရင်း**

| ကုဒ် | ကျား/မ | တိုင်းဒေသကြီးနှင့် ပြည်နယ် | သိမ်းဆည်းခံရသော ငွေကြေးနှင့် ဥစ္စာပစ္စည်းများ | ပြန်လည်ရရှိသော ဥစ္စာပစ္စည်းများ |
|---|---|---|---|---|
| **နိုင်ကျဉ်း-၀၁** | ကျား | ကချင် | ကား၊ဖုန်း | ကား |
| **နိုင်ကျဉ်း-၀၂** | မ | ရန်ကုန် | ကွန်ပြူတာ၊ ဖုန်း | ပြန်လည်ရရှိ။ |
| **နိုင်ကျဉ်း-၀၃** | မ | ကရင် | ရွှေထည်ပစ္စည်းများနှင့် ဖုန်း | ပြန်လည်ရရှိ။ |
| **နိုင်ကျဉ်း-၀၄** | ကျား | ပထမအကြိမ် – ရန်ကုန်<br><br>ဒုတိယအကြိမ် – နေပြည်တော် | (၃)သိန်းကျပ် နှင့် (၂၅၀,၀၀၀) တန်ရေမွှေးပုလင်း<br><br>၁၃သိန်းကျပ်၊ ဖုန်း (၂)လုံးနှင့် အဝတ်အစားများ | ပြန်လည်ရရှိခြင်းမရှိ။<br><br>ဖုန်း ၂ လုံး။ |
| **နိုင်ကျဉ်း-၀၅** | ကျား | တနင်္သာရီ | ဖုန်း၊ လက်ပတ်နာရီနှင့် (၁၀,၀၀၀) ကျပ် | ပြန်လည်ရရှိခြင်းမရှိ။ |
| **နိုင်ကျဉ်း-၀၆** | ကျား | တနင်္သာရီ | ဖုန်း (၂) လုံး | ပြန်လည်ရရှိခြင်းမရှိ။ |
| **နိုင်ကျဉ်း-၀၇** | ကျား | ရန်ကုန် | ဗီဒီယိုကင်မရာ (၁)လုံးနှင့် ဖုန်း (၃)လုံး | ပြန်လည်ရရှိခြင်းမရှိ။ |
| **နိုင်ကျဉ်း-၀၈** | ကျား | တနင်္သာရီ | ဖုန်းနှင့် ဆိုင်ကယ် | ပြန်လည်ရရှိခြင်းမရှိ။ |
| **နိုင်ကျဉ်း-၀၉** | ကျား | ရန်ကုန် | ဖုန်း | ပြန်လည်ရရှိခြင်းမရှိ။ |
| **နိုင်ကျဉ်း-၁၀** | ကျား | ကရင် | ကျပ် (၂၀၀,၀၀၀) အထက်၊ ဖုန်း၊ နာရီ၊ ဘဏ်ကဒ်၊ ဘဏ်စာအုပ် | ဖုန်း |

| | | | | |
|---|---|---|---|---|
| **လူ့အခွင့်အရေးချိုးဖေါက်ခံရမှု-၁၁** | **မ** | **ရန်ကုန်** | **ကား၊ လက်တော့ပ် (၂)လုံး၊ အိုင်ပက်၊ ဖုန်း** | **ဖုန်း** |
| **လူ့အခွင့်အရေးချိုးဖေါက်ခံရမှု-၁၂** | ကျား | တနင်္သာရီ | သိမ်းဆည်းခံရမှုမရှိ။ | |
| **လူ့အခွင့်အရေးချိုးဖေါက်ခံရမှု-၁၃** | မ | ရန်ကုန် | အချက်အလက်မရှိ။ | |
| **နိုင်ကျဉ်း-၁၄** | ကျား | ကချင် | ဖုန်း၊ နိုင်ငံသားစိစစ်ရေးကဒ်နှင့် ငွေကြေးအချို့ | ဖုန်း၊ နိုင်ငံသားစိစစ်ရေးကဒ် |
| **နိုင်ကျဉ်း-၁၅** | ကျား | ကချင် | ဖုန်း၊ နိုင်ငံသားစိစစ်ရေးကဒ်နှင့် ငွေကြေးအချို့ | ဖုန်း၊ နိုင်ငံသားစိစစ်ရေးကဒ် |
| **နိုင်ကျဉ်း-၁၆** | မ | ပဲခူး | ကား (၂)စီးနှင့် ဆိုင်ကယ် (၁) စီး | ကျပ်ငွေ သိန်း(၅၀) ဖြင့် ပြန်လည်ရွေးယူရရှိ။ |
| **နိုင်ကျဉ်း-၁၇** | မ | မကွေး | သိမ်းဆည်းခံရမှုမရှိ။ | |
| **နိုင်ကျဉ်း-၁၈** | မ | ရန်ကုန် | ဖုန်းနှင့် ဘဏ်ကဒ် | ဘဏ်ကဒ် |
| **နိုင်ကျဉ်း-၂၉** | မ | ရန်ကုန် | ဖုန်း (၂)လုံး၊ တက်ပလက် (၁)လုံး၊ ပတ်စ်ပို့စာအုပ်၊ ရွှေထည်ပစ္စည်းများ၊ ဘဏ်စာအုပ်များ၊ ကျပ်ငွေ သိန်း (၈၀) နှင့်အထက် | ပတ်စ်ပို့စာအုပ်၊ ရွှေထည်ပစ္စည်းများ၊ ဘဏ်စာအုပ်များ၊ |
| **နိုင်ကျဉ်း-၃၀** | မ | ရန်ကုန် | အချက်အလက်မရှိ။ | |

●

# နောက်ဆက်တွဲ။ ထုတ်ပြန်ချက်များ

**Assistance Association for Political Prisoners (AAPP)**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**

E-mail: info@aappb.org Website: www.aappb.org

## နိုင်ငံရေးအကျဉ်းသားများအား ဥပဒေမဲ့သတ်ဖြတ်ခြင်းအပေါ် ထုတ်ပြန်ချက်

ရက်စွဲ။ ။ ဇူလိုင် ၁၀ ရက်၊ ၂၀၂၃ခုနှစ်

ဒိုက်ဦး (ကျိုက်ဇကော) ထောင်မှ ဇွန်လ (၂၇) ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများအား ထောင်ပြောင်းရွှေ့သည်ဟုဆိုကာ စစ်တပ်မှ ခေါ်ထုတ်သွားပြီးနောက် နိုင်ငံရေးအကျဉ်းသား (၃၇) ဦးမှာ ပျောက်ဆုံးနေခဲ့ပါသည်။ အဆိုပါနိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများ ဒိုက်ဦးထောင်သို့ သွားရောက်စုံစမ်းရာ ဒိုက်ဦးထောင်တာဝန်ရှိသူများမှ အကြိမ်အကြိမ် ငြင်းဆိုမှုများ ပြုလုပ်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ( ၇ ) ရက်နေ့တွင် ခန့်လင်းနိုင်(ခ) ကိုခန့် (ခ) လက်ဝဲ (ဘ) ဦးသန်းစိုးနိုင်၊ ထောင်ဝင်အမှတ်- (ပခ/၂၂/၀၀၄၃၆/က) ၏ မိသားစုထံသို့လည်းကောင်း၊ ဇူလိုင်လ (၈) ရက်နေ့တွင် ပြည့်ဖြိုးဟိန်း (ခ) ကိုပြည့် (ဘ) ဦးကျော်ဦး၊ ထောင်ဝင်အမှတ် (ဒဥ/၂၂/၀၀၁၇၆/က) ၏ မိသားစုထံသို့လည်းကောင်း ဒိုက်ဦးထောင်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ရာတွင် လမ်းခရီး၌ မော်တော်ယာဉ် တိမ်းမှောက်မှုကို အခွင့်ကောင်းယူကာ ထွက်ပြေးခဲ့သဖြင့် လုံခြုံရေးအဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ သေဆုံးသွားကြောင်း ဒိုက်ဦးအကျဉ်းထောင်၊ ဦးစီးအရာရှိ (က ၃၇၀၂) ကျော်ဇေယျမှ လက်မှတ်ထိုးပြီး အကြောင်းကြားစာ ပေးပို့လာခဲ့ပါသည်။

ထိုစာသည် ဇွန်လ (၂၉) ရက်နေ့ဟု ရက်စွဲတပ်ထားသော်လည်း မိသားစု ၂ စုထံသို့ ဇူလိုင်လ (၇) ရက်နှင့် (၈) ရက်နေ့တွင်မှ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အတွင်းစာတွင် ကိုပြည့်ဖြိုးဟိန်း၏ ဇနီးထံသို့ လိပ်မူထားသော်လည်း စာအိတ်အဖုံးတွင် ပျောက်ဆုံးနေသော ကိုအောင်မျိုးသူ၏ ဇနီးနာမည်နှင့် လိပ်စာတပ်ထားပြီး ကိုအောင်မျိုးသူ၏ဇနီး မခင်မိုးမိုးထံသို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်စဉ်အရ ကိုအောင်မျိုးသူ၏ အသက်အန္တရာယ်မှာလည်း စိုးရိမ်စရာဖြစ်နေရသည်။

ထောင်ပြောင်းသည်ဆိုသည်မှာလည်း အကြောင်းပြချက်တခုသာဖြစ်ပြီး ယခုလပိုင်း ဖြစ်စဉ်များအရ အကျဉ်းထောင်များမှ ခေါ်ထုတ်ပြီး စစ်ကြောသတ်ဖြတ်ခြင်းများ ဆက်တိုက်ဆိုသလို သတင်းထွက်ပေါ် နေခြင်းဖြစ်သည်။

ဇူလိုင်လ (၂) ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားတဦးဖြစ်သူ ဦးစိန်ဝင်း၏ မိသားစုထံသို့ ဇူလိုင်လ ၂ ရက်နေ့တွင် မြင်းခြံထောင်အတွင်း အစာအိမ်သွေးကြောပေါက်၍ သေဆုံးသွားသည်ဟု အကြောင်းကြားခဲ့သည်။ သို့သော်လည်း အကျဉ်းထောင်အသိုင်းအဝိုင်းမှ ဦးစိန်ဝင်းအား ထောင်ပြင်သို့ခေါ်ထုတ်ပြီး စစ်ကြောရေးလုပ်ရာတွင် ပါဝင်ခဲ့ကြောင်း ထောင်တွင်းရှိအကျဉ်းသားများထံမှ သိရှိရပြီး သေဆုံးချိန်တွင် အညိုအမည်းဒဏ်ရာများ တွေ့ရှိရကြောင်း မိသားစုအသိုင်းအဝိုင်းမှ သိရှိရသည်။

ဇွန်လ (၇) ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားဖြစ်သူ ကောင်းဇာနည်ဟိန်း(ခ) လပြည့်၏ မိခင်နှင့် အမဖြစ်သူတို့ကို ပျူစောထီးများမှ နေအိမ်သို့ လာရောက်သတ်ဖြတ်ခဲ့ပြီး ဇူလိုင်လ (၆) ရက်နေ့တွင် ကောင်းဇာနည်ဟိန်းနှင့် ကျော်သူရတို့နှစ်ဦးအား စစ်တပ်မှ သတ်ဖြတ်ခဲ့ကြောင်း စစ်တပ် အသိုင်းအဝိုင်းမှ ဖေါ်ထုတ်ရေးသားမှုများ ရှိခဲ့သည်။

၁။ အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများအား ယခုကဲ့သို့ လက်လွတ်စပယ် ပြောင်ပြောင်တင်းတင်း သတ်ဖြတ်နေသည့် လုပ်ရပ်မှာ ပြည်တွင်းဥပဒေများကိုသာမက နိုင်ငံတကာဥပဒေများကိုပါ ကျူးလွန်နေသည်မှာ အထင်အရှားဖြစ်နေပါသည်။ ထိုသို့ သတ်ဖြတ်မှုများ မှာ ဒုတိယကမ္ဘာစစ်အတွင်း ဂျူးလူမျိုးများကို ဥပဒေမဲ့ ရက်ရက်စက်စက်သတ်ဖြတ်သည့် ဖက်ဆစ်နာဇီတို့၏ လုပ်ရပ်များနှင့် ထပ်တူဖြစ်နေပါသည်။ ထို့အပြင် ဒိုက်ဦးထောင်မှခေါ်ဆောင်သွားသည့် ကျန်နိုင်ငံရေးအကျဉ်းသားများမှာလည်း မိသားစုနှင့် အဆက်အသွယ် ပြတ်နေပြီး ယနေ့အချိန်အထိ သေသည်ရှင်သည် မသိရှိရပဲ ပျောက်ဆုံးလျက်ရှိနေပါသည်။ ထိုလုပ်ရပ်များ သည် အကျဉ်းထောင်လုပ်ထုံးလုပ်နည်းများကို ကျော်လွန်၍လုပ်ဆောင်ခြင်းဖြစ်ပြီး မတရား ညှဉ်းပန်းနှိပ်စက်မှုနှင့် ဥပဒေမဲ့သတ်ဖြတ် ခြင်းဖြစ်သည့် ကြီးမားသည့်ရာဇဝတ်မှုကိုပါ ကျူးလွန်လိုက်သည့်လုပ်ရပ်ဖြစ်သလို အာဆီယံ လူ့အခွင့်အရေးပဋိညာဉ်ကိုလည်း ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်းဖြစ်သည်။

၂။ မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းပြီးချိန်မှစပြီး တရားဥပဒေစိုးမိုးရေး ပျက်ပြယ်သွားခဲ့ပြီး အကြမ်းဖက် စစ်အုပ်စု၏ အမာခံထောက်တိုင်များဖြစ်ကြသည့် တရားသူကြီးများ၊ စစ်သားများ၊ ရဲများ၊ အကျဉ်းဦးစီးဝန်ထမ်းများက စစ်အုပ်စုအလိုကျ မတရားဖမ်းဆီးခြင်း၊ ဥပဒေမဲ့မတရားပြစ်ဒဏ်များ ချမှတ်ခြင်း၊ အကျဉ်းထောင်အသီးသီးတွင်လည်း နိုင်ငံရေးအကျဉ်းသားများအား ရည်ရွယ်ချက်ရှိရှိဖြင့် ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အနိုင်ကျင့်စော်ကားခြင်းများ ပြုလုပ်လျက်ရှိနေပါသည်။

၃။ ထိုကဲ့သို့ ဥပဒေမဲ့မတရားသတ်ဖြတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများအပေါ် မိမိတို့ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်းအနေဖြင့် ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလိုက်ပြီး မတရားကျူးလွန်ခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားများ အားလုံး တရားမျှတမှု ရရှိနိုင်ရေးအတွက် အစွမ်းကုန် ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ အမိန့်ပေးစေခိုင်းသူများ၊ ကိုယ်တိုင်ကျူးလွန်သူများ အားလုံး အနေဖြင့် တာဝန်ခံရမည် ဖြစ်သည်။

၅။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း ယခုဖြစ်စဉ်များအပါအဝင် မြန်မာနိုင်ငံအတွင်း နေ့စဉ်ကြုံတွေ့နေရသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဥပဒေမဲ့သတ်ဖြတ်မှုများနှင့် မတရားညှဉ်းပန်း နှိပ်စက်မှုများသည် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ဥပဒေများအား ကျူးလွန်နေခြင်းဖြစ်ပြီး အဆိုပါကျူး လွန်မှုများကို ပြည်တွင်းတရားစီရင်ရေးကဏ္ဍအတွင်း ကိုင်တွယ်အရေးယူနိုင်ခြင်း မရှိသည့်အတွက် နိုင်ငံတကာတရားစီရင်ရေး ယန္တရားများတွင် အရေးယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် အလေးအနက် တိုက်တွန်းလိုက်ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နေ့ မင်းအောင်လှိုင်ဦးဆောင်သည့် အကြမ်းဖက်စစ်အုပ်မှ မတရားအာဏာလုယူပြီး နောက်ပိုင်း တရားမဲ့သတ်ဖြတ်ခံရသူ စုစုပေါင်း (၃၇၅၇) ဦး ရှိပြီဖြစ်သည်။ အကျဉ်းထောင်များအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ညံ့ဖျင်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံရမှုများကြောင့် အသက်ဆုံးရှုံးရသူများ၊ စစ်ကြောရေးစခန်းများတွင် မတရားညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံခဲ့ရသူများမှာ စုစုပေါင်း (၁၅၀) ဦး ရှိပြီဖြစ်သည်။ အဆိုပါကိန်းဂဏန်းများမှာ အေအေပီပီမှ စုဆောင်းရရှိထားသည့် အရေအတွက်သာဖြစ်ပြီး အဆိုပါအရေအတွက်ထက် ပိုမိုများပြားနိုင်ပါသည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)

ဆက်သွယ်ရန်- info@aappb.org

●

**Assistance Association for Political Prisoners (AAPP)**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**

E-mail: info@aappb.org Website: www.aappb.org

## အရေးတကြီး စစ်ဆေးအရေးယူရန် လိုအပ်လာသည့် ဥပဒေမဲ့သတ်ဖြတ်မှုများ

ရက်စွဲ။ ။ ဇူလိုင် ၁၉ ရက်၊ ၂၀၂၃ ခုနှစ်

ဇွန်လ (၂၇) ရက်နေ့တွင် ဒိုက်ဦး (ကျိုက်ဇကော) ထောင်မှ နိုင်ငံရေးအကျဉ်းသား (၃၇) ဦးမှာ ပျောက်ဆုံးနေခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နှင့် (၈) ရက်နေ့များတွင် ကိုခန့်လင်းနိုင်(ခ) ကိုခန့်(ခ) လက်ဝဲနှင့် ပြည့်ဖြိုးဟိန်း(ခ) ကိုပြည့်တို့၏ မိသားစုများထံသို့ ဒိုက်ဦးအကျဉ်းထောင် ဦးစီးအရာရှိထံမှ ဇွန်လ (၂၇) ရက်နေ့တွင် သေဆုံးသွားပြီဖြစ်ကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်းနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းအနေနှင့် ဇူလိုင်လ (၁၀) ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

ယခုနောက်ပိုင်းတွင် ထိုပျောက်ဆုံး နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများထံသို့ တစ်ရက်ချင်း သေဆုံးကြောင်း အကြောင်းကြားစာများ ပေးပို့နေသည်ကို မိမိတို့ အေအေပီပီမှ သိရှိရပါသည်။ ဤသည်မှာ နိုင်ငံရေးအကျဉ်းသားများအား တရားမဲ့သတ်ဖြတ်နေသည်သာမက ၎င်းတို့၏ မိသားစုဝင်များကိုပါ စိတ်ပိုင်းဆိုင်ရာအရ ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်နေခြင်းလည်း ဖြစ်ပေသည်။

ဇွန်လ (၂၇) ရက်နေ့တွင် ဒိုက်ဦးထောင်မှ ပျောက်ဆုံးနိုင်ငံရေးအကျဉ်းသားများထဲမှ ကိုခန့်လင်းနိုင် (ဘ) ဦးသန်းစိုးနိုင်နှင့် ကိုပြည့်ဖြိုးဟိန်း (ဘ) ဦးကျော်ဦး နှစ်ဦးအပြင် အောက်ပါ အကျဉ်းသားများ သေဆုံးသွားပြီဖြစ်ကြောင်း အေအေပီပီမှ ယနေ့ ထပ်မံအတည်ပြုပါသည်။

၁) ကိုရာလေး (ခ) ဇင်မြင့်ထွန်း (ဘ) ဦးမြင့်သန်း
၂) ဂျာကြီး (ခ) ဝေယံလွင် (ဘ) ဦးအေးလွင်
၃) ဇင်ဝင်းထွဋ် (ခ) ဗလကြီး (ခ) တရုတ်ကြီး (ဘ) ဦးပြန့်မော်
၄) အောင်မျိုးသူ (ဘ) ဦးမောင်စိန်
၅) ဘိုဘိုဝင်း (ခ) ထန်းတောကြီး

၆) နေအေး (ခ) အာကာထက်ပိုင်မျိုး (ဘ) ဦးမျိုးလင်း

ထို့ပြင် မတရားဖမ်းဆီးခံပြီး စစ်ကြောရေးတွင် ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးသွားရသည့်သူများ၊ မြို့ရွာများသို့ စစ်ကြောင်းများထိုးကာ လူသတ်မီးရှို့မှုများ၊ အကျဉ်းထောင်တွင်း သေဆုံးမှုများ ယခုရက်ပိုင်းအတွင်း ပိုမိုများပြားလာခဲ့သည်။

ထိုသို့ အာဏာလုစစ်တပ်မှ ပြည်သူလူထုအပေါ် လက်လွတ်စပယ် သတ်ချင်တိုင်းသတ်နေသည်မှာ ပြည်တွင်းသာမက နိုင်ငံတကာတရားရေးမဏ္ဍိုင်ကိုပါ စိန်ခေါ်သည့် လုပ်ရပ်လည်းဖြစ်သည်။


ယခုလပိုင်း အကျဉ်းထောင်တွင်းနဲ့စစ်ကြောရေးများတွင် သေဆုံးမှုနဲ့ပတ်သက်ပြီး အေအေပီပီ အတွင်းရေးမှူး ဦးတိတ်နိုင်မှ "အခုရက်ပိုင်းအတွင်း အကျဉ်းထောင်တွင်း သေဆုံးမှုတွေလည်း ခပ်စိပ်စိပ်ကြားနေရတယ်။ ဒိုက်ဦးထောင်မှာပဲ နိုင်ငံရေးအကျဉ်းသား ၂ ဦးဖြစ်တဲ့ ကိုအောင်စိုးမိုး (ခ) မဲလုံးဟာ ဒီလ ၁၆ ရက်နေ့မှာ သေဆုံးသွားခဲ့ပြီး ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဒီဟာ ၁၇ ရက်နေ့မှာသေဆုံးခဲ့ပါတယ်။ ထို့အတူ မက်ဒယ်ဝိတ်တန်း လက်ထွေ့သမား တူးတူး (ခ) နဂါးမာန်ဟာ ဧပြီလ ၂၆ ရက်နေ့က ညှဉ်းပန်းနှိပ်စက်မှုကြောင့် စစ်ကြောရေးမှာ သေဆုံးခဲ့တာကို ဒီလ ၁၃ ရက်နေ့မှာမှ မကွေး ရဲစခန်းက မိသားစုအားခေါ်ယူပြီး သေဆုံးကြောင်း အသိပေးခဲ့တယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ဇွန်လ ၂၆ ရက်နေ့က လွှတ်ရက်စေ့ပြီး သထုံအကျဉ်းထောင် ပြန်လွှတ်လာတဲ့ အလုပ်သမားအရေး တက်ကြွလှုပ်ရှားသူ ကိုသက်နှင်းအောင်ဟာ အိမ်အပြန်လမ်းမှာ ပြန်အဖမ်းဆီးခံရပြီးတော့ ဒီနေ့အထိ ပျောက်ဆုံးနေဆဲ ဖြစ်တယ်။ ဒါတွေဟာ စစ်အုပ်စုအနေနဲ့ နိုင်ငံရေးလှုပ်ရှားသူတွေအပေါ် ရည်ရွယ်ချက်ရှိရှိ လူသတ် အလောင်းဖျောက်တဲ့ ရာဇဝတ်မှုများ ကျူးလွန်နေကြောင်း သက်သေပြနေတာပဲဖြစ်တယ်" ဟု ပြောဆိုလိုက်သည်။

ယခု ဖြစ်စဉ်များနှင့် ပတ်သက်၍ မိမိတို့အေအေပီပီမှ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာတရားရေးမဏ္ဍိုင်များသို့ မြန်မာအာဏာလုစစ်တပ်၏ ပြည်သူများအပေါ် ယခုကဲ့သို့ တရားလက်လွတ် အနိုင်ကျင့်သတ်ဖြတ်နေမှုများအား အရေးပေါ် စုံစမ်းစစ်ဆေးမှုများ အမြန်ဆုံးပြုလုပ်၍ ထိရောက်သည့် အရေးယူဆောင်ရွက်မှုများကို ချက်ချင်းဆောင်ရွက်ကြပါရန် အလေးအနက် မေတ္တာရပ်ခံ တိုက်တွန်း တောင်းဆိုလိုက်ပါသည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

AAPP







# မင်းမဲ့တိုင်းပြည်

အကြမ်းဖက်စစ်အုပ်စု၏နိုင်ငံရေး
အကျဉ်းသားနှင့် မိသားစုများအပေါ် ဥပဒေမဲ့
ပြုကျင့်မှုများ အစီရင်ခံစာ

**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**၂၀၂၃**